| | **စုစုပေါင်း** | | | | | **၂၄.၈၀၀၀** |



ရှမ်းပြည်နယ်တွင် ဒေသကြက်များဖြန့်ဖြူးထားရှိမှု



ရှမ်းပြည်နယ်တွင် ဒေသဝက်များဖြန့်ဖြူးထားရှိမှု



ကချင်ပြည်နယ် မွေးမြူရေးအထောက်အကူပြုပညာပေး ဟောပြောပွဲ



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်ရှိ ကျေးရွာများသို့ ဒေသဝက် (၅၀)ကောင်ဖြန့်ဖြူးပေးခြင်း



ကချင်ပြည်နယ် မွေးမြူရေးအထောက်အကူပြုပညာပေး ဟောပြောပွဲ

**ပြည်နယ်ရန်ပုံငွေဖြင့် ဒုတိယအကြိမ်ရွှေ့ပြောင်းစီမံကိန်း (Pilot Project)**

**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံး၊ ဆီဆိုင်မြို့နယ် (မဲနယ်တောင်ကြောနှင့်ပွန်ချောင်းကြား) ဒေသများ၌ လုပ်ငန်းဆောင်ရွက်ချက်**

| စဉ် | ဒေသ | လုပ်ငန်းအမည် | ရေတွက်ပုံ | အရေအတွက် | သုံးစွဲငွေ (ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၊ ဖက်ရမ်းကျေးရွာအုပ်စု၊ ပုံးအယ်ကျေးရွာ | ဒေသဝက်ဖြန့်ဖြူးခြင်း | ကောင် | ၅၀ | ၁၂.၅၀ |
| | | မွေးမြူရေးအထောက်အကူပြုဟောပြောပွဲ | ကြိမ် | ၁ | ၀.၁၅ |
| | | မွေးမြူရေးအထောက်အကူပြုသင်တန်း | ကြိမ် | ၁ | ၀.၃၀ |
| ၂ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၊ နားခိုက်ကျေးရွာအုပ်စု၊ ထီးတန်းနှင့် ထမ့်ရမ်း ကျေးရွာ | ဒေသဝက်ဖြန့်ဖြူးခြင်း | ကောင် | ၅၀ | ၁၂.၅၀ |
| | | မွေးမြူရေးအထောက်အကူပြုဟောပြောပွဲ | ကြိမ် | ၁ | ၀.၁၅ |
| | | မွေးမြူရေးအထောက်အကူပြုသင်တန်း | ကြိမ် | ၁ | ၀.၃၀ |
| **စုစုပေါင်း** | | | | | **၂၅.၉၀** |

# အခန်း (၃)

## မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး

## ဆေးကုသရေးအဖွဲ့ ဆောင်ရွက်ချက်

**နိဒါန်း**

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုအားလုံး ကျန်းမာရေးမြှင့်တင်ရန် ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုပေးသော အဓိကအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ မူးယစ်ဆေးစွဲရောဂါ ကုသရေးသည် နိုင်ငံသားတိုင်း သက်တမ်းစေ့ ကျန်းမာပျော်ရွှင်စွာ အသက်ရှည်နေနိုင်ရေးအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန၏ ကုသရေးဦးစီးဌာနသည် ဆေးကုသရေးလုပ်ငန်းအဖွဲ့ကို ဦးဆောင်ပြီး တိကျသော မူးယစ်ဆေးစွဲရောဂါကုသရေးဝန်ဆောင်မှုများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ထိခိုက်သော နောက်ဆက်တွဲဆိုးကျိုးများလျော့နည်းရန် ကာကွယ်ကုသရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ကမ္ဘာနှင့်အဝှမ်းကြုံတွေ့နေရသော ပြဿနာဖြစ်သည့် အားလျော်စွာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပန်းတိုင်အမှတ် (၃) ကို “သက်ရွယ်မရွေး လူတိုင်းစေ့ ကျန်မာရေးနှင့်သာယာဝပြောရေး” ဟု ချမှတ်ထားပြီး၊ အဆိုပါ ပန်းတိုင်အောက်တွင် အမှတ် (၃.၅) ၌ “မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အရက်ကို အန္တရာယ်ဖြစ်အောင် သောက်သုံးခြင်းအပါအဝင် မူးယစ်ဆေးဝါးများအလွဲသုံးမှုကို ကာကွယ်ခြင်းနှင့် ကုသခြင်းကို ပိုမိုအားကောင်းလာအောင် လုပ်ဆောင်ရန်” ဟု ချမှတ်ထားပါသည်။ သက်ဆိုင်ရာအညွှန်းကိန်း (၃.၅.၁)တွင် “မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်သော ဆိုးကျိုးများကို ကုသပေးသော လုပ်ငန်းများ (ဆေးကုသမှု၊ စိတ်ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေးနှင့် နောက်ဆက်တွဲစောင့်ရှောက်မှုလုပ်ငန်းများ) ၏ လွှမ်းခြုံမှု” ဟူ၍ သတ်မှတ်ထားပါသည်။

၃။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးဆိုင်ရာကွန်ဗင်းရှင်းများကို သဘောတူလက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ၁၉၉၃ ခုနှစ် “မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ” ကို ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေကို ခေတ်နှင့်အညီ ပြန်လည်ပြင်ဆင်ထားသော “မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ” ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ တချိန်တည်းတွင် ၂၀၁၅ ခုနှစ်မှစတင်၍ မူးယစ်ဆေးဝါးထိန်းချုပ်ရေးချဉ်းကပ်မှုများကို ပြောင်းလဲလာခဲ့ပြီး အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး လမ်းပြမြေပုံကို ၂၀၁၆ ခုနှစ်တွင် လည်းကောင်း၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး






မူဝါဒကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် လည်းကောင်း ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ မူဝါဒအရ မူးယစ်ဆေးဝါးပြဿနာကို ကျန်းမာရေးအလေးပေး ချဉ်းကပ်လုပ်ဆောင်မှုဖြင့် လုပ်ကိုင်သွားမည်ဖြစ်သည့်အပြင် မူးယစ်ဆေးဝါးသုံးစွဲသူများ၏ နောက်ဆက်တွဲပြဿနာများ လျှော့ချရေးကို ချဉ်းကပ်မှုတစ်ရပ်အနေဖြင့် ထည့်သွင်းရေးဆွဲထားပါသည်။ အဆိုပါ မူးယစ်ဆေးဝါးမူဝါဒတွင်ပါဝင်သည့် ဦးစားပေးနယ်မြေများမှာ-

(က) ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး

( ခ ) သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲ အန္တရာယ်လျှော့ချရေး

( ဂ ) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး

(ဃ) သုတေသနလုပ်ငန်းများ တိုးမြှင့်ရေး နှင့်

( င ) လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေရေးတို့ဖြစ်ပါသည်။



မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောခြင်း

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခဲ့ပြီး ဆေးကုသရေးအဖွဲ့၏ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂။ | ဒုတိယညွှန်ကြားရေးမှူးချုပ် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၃။ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄။ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅။ | ဌာနမှူး | တားဆီးနှိမ်နင်းရေးဌာန၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၆။ | ဌာနမှူး | စီမံကိန်းဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၇။ | ပါမောက္ခ | စိတ်ကျန်းမာပညာဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၈။ | တာဝန်ခံဆရာဝန်ကြီး | မူးယစ်ဆေးစွဲရောဂါကုသရေးနှင့်သုတေသနဌာန၊ စီမံချက်မန်နေဂျာ၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန် ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၉။ | ညွှန်ကြားရေးမှူးချုပ် | ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ၁၀။ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

**ဆေးကုသရေးအဖွဲ့၏ ရည်မှန်းချက်များ**

၅။ မူးယစ်ဆေးစွဲရောဂါ ကုသရေးဝန်ဆောင်မှုများကို ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆေးကုသရေးအဖွဲ့၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကာယကံရှင်၏ဆန္ဒအလျောက်ဖြစ်ပြီး စုစည်းပေါင်းစပ်ထားသော ဘက်စုံလွှမ်းခြုံမှုရှိသည့် ဆေးကုသရေးလုပ်ငန်း အရည်အသွေး တိုးတက်ကောင်းမွန်စေရန်၊

(ခ) နာတာရှည် ပြန်လည်ဖြစ်တတ်သော မူးယစ်ဆေးစွဲရောဂါအတွက် စဉ်ဆက်မပြတ်ကုသစောင့်ရှောက်မှု မြှင့်တင်ရန်၊

(ဂ) ဘက်စုံလွှမ်းခြုံသော လူထုအခြေပြုမူးယစ်ဆေးစွဲရောဂါကုသရေးလုပ်ငန်းများ အားပေးမြှင့်တင်ရန်နှင့် ပံ့ပိုးကူညီရန်၊

(ဃ) မူးယစ်ဆေးစွဲရောဂါကုသရေးလုပ်ငန်းများ တိုးတက် ကောင်းမွန်လာစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း အားကောင်းခိုင်မာရန်၊

( င ) မူးယစ်ဆေးစွဲရောဂါ ကုသရေးလုပ်ငန်းများ တိုးတက်လာစေရန် သုတေသန အထောက်အထား ခိုင်လုံသည့် နည်းလမ်းများနှင့် မဟာဗျူဟာ သတင်းအချက်အလက် အားကောင်းရန်နှင့် မျှဝေပေးရန်။

၆။ ဆေးကုသရေးလုပ်ငန်းအဖွဲ့၏ မူးယစ်ဆေးစွဲရောဂါကုသရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အတွက် ကျန်းမာရေး ဝန်ကြီးဌာနသည် မူးယစ်ဆေးစွဲရောဂါကု ဌာနကြီး (၂၉)ခု၊ မူးယစ်ဆေးစွဲရောဂါကု ဌာနငယ် (၅၆)ခု တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့တွင် တိုးမြှင့် ဖွဲ့စည်းထားရှိပါသည်။



ရှမ်းပြည်နယ်၊ နောင်ချိုမြို့ မက်သာဒုံးဆေးခန်း



ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ မက်သာဒုံးဆေးခန်း



ရန်ကုန်မြို့ စိတ်ကျန်းမာရေးဆေးရုံကြီး မက်သာဒုံးဆေးခန်း

၇။ ၂၀၂၃ ခုနှစ်အတွင်း မူးယစ်ဆေးစွဲရောဂါကုဌာနများတွင် မူးယစ်ဆေးစွဲရောဂါလူနာပေါင်း ကျား (၂၆၁၇၈)ဦး၊ မ (၄၁၇) ဦးကို ကုသပေးခဲ့ပါသည်။

၈။ INCB ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ သုံးလတစ်ကြိမ် အစီရင်ခံစာများ၊ UNODC ၏ နှစ်စဉ် အစီရင်ခံစာများ၊ ASEAN ၏ နှစ်စဉ် အစီရင်ခံစာ ASEAN Drug Monitoring Network Annual Report များတွင် ဆေးကုသရေးဆိုင်ရာ အချက်အလက်များကို ပေးပို့အစီရင်ခံလျက်ရှိပါသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့်အတူ နိုင်ငံတကာ အစည်းအဝေးများ၊ ASEAN အစည်းအဝေးများ၊ CND, INCB, UNODC အစည်းအဝေးများတွင် မူးယစ်ဆေးစွဲ ရောဂါကုသရေး ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးပြီး ပူးပေါင်းပါဝင်ခဲ့ပါသည်။









## နိဂုံး

၉။ ဆေးကုသရေးအဖွဲ့၏ ရည်မှန်းချက်များ ပြည့်မီရန် မူးယစ်ဆေးစွဲရောဂါကုသရေး လုပ်ငန်းများ ကို အရှိန်အဟုန်မြှင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။ မူးယစ်ဆေးစွဲရောဂါ ကုသရေးအတွက် အထောက်အထား ခိုင်လုံသော ကာကွယ်ကုသရေး နည်းလမ်းများကို အသုံးပြုပြီး မူးယစ်ဆေးစွဲရောဂါကုသရေး လွှမ်းခြုံမှု တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## မူးယစ်ဆေးစွဲရောဂါကုသရေး ဌာနကြီး၊ ဌာနငယ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဌာနကြီးများ | ဌာနငယ်များ |
|---|---|---|---|
| ၁။ | ရန်ကုန် | ရန်ကုန်စိတ်ကျန်းမာရေး၊ ဆေးရုံကြီး၊<br>သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး | - |
| ၂။ | မန္တလေး | မန္တလေး မူးယစ်ဆေးစွဲရောဂါကုဆေးရုံကြီး<br>မိတ္ထီလာ ပြည်သူ့ဆေးရုံကြီး<br>ကျောက်ဆည် ပြည်သူ့ဆေးရုံကြီး<br>မန္တလေးခုတင်(၃၀၀)သင်ကြားရေးဆေးရုံကြီး | (၁) ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီး၊<br>(၂) မိုးကုတ် ပြည်သူ့ဆေးရုံကြီး၊<br>(၃) ပျဉ်းမနား ပြည်သူ့ဆေးရုံကြီး၊<br>(၄) မြင်းခြံ ပြည်သူ့ဆေးရုံကြီး |
| ၃။ | စစ်ကိုင်း | မုံရွာ ပြည်သူ့ဆေးရုံကြီး<br>ကလေး ပြည်သူ့ဆေးရုံကြီး | (၁) ဟုမ္မလင်း ပြည်သူ့ဆေးရုံကြီး<br>(၂) ခန္တီး ပြည်သူ့ဆေးရုံကြီး၊<br>(၃) မော်လိုက် ပြည်သူ့ဆေးရုံ၊<br>(၄) တမူး ပြည်သူ့ဆေးရုံ၊<br>(၅) ရွှေဘို ပြည်သူ့ဆေးရုံ၊<br>(၆) ကသာ ပြည်သူ့ဆေးရုံ၊<br>(၇) ကန့်ဘလူ မြို့နယ်ဆေးရုံ၊<br>(၈) အင်းတော် မြို့နယ်ဆေးရုံ၊<br>(၉) ထီးချိုင့် မြို့နယ်ဆေးရုံ၊<br>(၁၀) ဝန်းသို မြို့နယ်ဆေးရုံ၊<br>(၁၁) ကျွန်းလှ မြို့နယ်ဆေးရုံ၊<br>(၁၂) ပင်လည်ဘူး မြို့နယ်ဆေးရုံ၊<br>(၁၃) ဗန်းမောက် မြို့နယ်ဆေးရုံ၊<br>(၁၄) ကောလင်း မြို့နယ်ဆေးရုံ၊<br>(၁၅) ဖေါင်းပြင် မြို့နယ်ဆေးရုံ၊ |
| ၄။ | ကချင် | မြစ်ကြီးနား မူးယစ်ဆေးစွဲရောဂါကု<br>ဆေးရုံကြီး<br>ဗန်းမော် ပြည်သူ့ဆေးရုံကြီး | (၁) ပူတာအို မြို့နယ်ဆေးရုံ၊<br>(၂) မိုးကောင်း မြို့နယ်ဆေးရုံ၊<br>(၃) မိုးညှင်း မြို့နယ်ဆေးရုံ၊<br>(၄) ဖားကန့် မြို့နယ်ဆေးရုံ၊<br>(၅) ဝိုင်းမော် မြို့နယ်ဆေးရုံ၊<br>(၆) မိုးမောက် မြို့နယ်ဆေးရုံ၊<br>(၇) မန်စီ၊ မြို့နယ်ဆေးရုံ၊<br>(၈) ရွှေကူ မြို့နယ်ဆေးရုံ၊<br>(၉) ချီဖွေမြို့နယ်ဆေးရုံ၊ |
| ၅။ | ရှမ်း (အရှေ့) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | (၁) တာချီလိတ် ပြည်သူ့ဆေးရုံကြီး<br>(၂) မိုင်းဆတ် မြို့နယ်ဆေးရုံ၊<br>(၃) မိုင်းယောင်း မြို့နယ်ဆေးရုံ<br>(၄) မိုင်းယန်း မြို့နယ်ဆေးရုံ၊ |

| | | | |
|---|---|---|---|
| | | | (၅) မိုင်းဖြတ် မြို့နယ်ဆေးရုံ |
| ၆။ | ရှမ်း (မြောက်) | လားရှိုး ပြည်သူ့ဆေးရုံကြီး | (၁) မူဆယ် ပြည်သူ့ဆေးရုံကြီး<br>(၂) နမ့်ခမ်း ပြည်သူ့ဆေးရုံ<br>(၃) ကျောက်မဲ ပြည်သူ့ဆေးရုံ<br>(၄) လောက်ကိုင် ပြည်သူ့ဆေးရုံ<br>(၅) ကွမ်လုံ မြို့နယ်ဆေးရုံ<br>(၆) ကွတ်ခိုင် မြို့နယ်ဆေးရုံ<br>(၇) မန်တုံ မြို့နယ်ဆေးရုံ<br>(၈) မုန်းကိုး မြို့နယ်ဆေးရုံ<br>(၉) မိုးမိတ် မြို့နယ်ဆေးရုံ<br>(၁၀) နမ့်ဆန် မြို့နယ်ဆေးရုံ<br>(၁၁) ပန်ဆိုင်း မြို့နယ်ဆေးရုံ<br>(၁၂) သီပေါ မြို့နယ်ဆေးရုံ<br>(၁၃) နမ္မတူ မြို့နယ်ဆေးရုံ<br>(၁၄) တန့်ယန်း မြို့နယ်ဆေးရုံ<br>(၁၅) နောင်ချို မြို့နယ်ဆေးရုံ<br>(၁၆) သိန်းနီမြို့နယ်ဆေးရုံ |
| ၇။ | ရှမ်း (တောင်) | တောင်ကြီး ပြည်သူ့ဆေးရုံကြီး<br>လွိုင်လင် ပြည်သူ့ဆေးရုံကြီး | (၁) ကလော ပြည်သူ့ဆေးရုံကြီး<br>(၂) ကွန်ဟိန်း မြို့နယ်ဆေးရုံ<br>(၃) မိုင်းရှူး မြို့နယ်ဆေးရုံ<br>(၄) နန့်ဆန် မြို့နယ်ဆေးရုံ |
| ၈။ | ဧရာဝတီ | ပုသိမ် ပြည်သူ့ဆေးရုံကြီး<br>ဟင်္သာတ ပြည်သူ့ဆေးရုံကြီး<br>မအူပင် ပြည်သူ့ဆေးရုံကြီး | - |
| ၉။ | ပဲခူး | ပဲခူး ပြည်သူ့ဆေးရုံကြီး<br>ပြည် ပြည်သူ့ဆေးရုံကြီး<br>တောင်ငူ ပြည်သူ့ဆေးရုံကြီး | (၁) သာယာဝတီ ပြည်သူ့ဆေးရုံ |
| ၁၀။ | ချင်း | ဟားခါး ပြည်သူ့ဆေးရုံကြီး | - |
| ၁၁။ | ကရင် | ဘားအံ ပြည်သူ့ဆေးရုံကြီး | (၁) မြဝတီ ပြည်သူ့ဆေးရုံကြီး |
| ၁၂။ | ကယား | လွိုင်ကော် ပြည်သူ့ဆေးရုံကြီး | - |
| ၁၃။ | မကွေး | မကွေး ပြည်သူ့ဆေးရုံကြီး<br>ပခုက္ကူ ပြည်သူ့ဆေးရုံကြီး | - |
| ၁၄။ | မွန် | မော်လမြိုင် ပြည်သူ့ဆေးရုံကြီး | - |
| ၁၅။ | ရခိုင် | စစ်တွေ ပြည်သူ့ဆေးရုံကြီး | - |
| ၁၆။ | တနင်္သာရီ | ထားဝယ် ပြည်သူ့ဆေးရုံကြီး<br>မြိတ် ပြည်သူ့ဆေးရုံကြီး | (၁) ကော့သောင်း ပြည်သူ့ဆေးရုံကြီး |
| **စုစုပေါင်း** | | **၂၉** | **၅၆** |

## မက်သာဒုံးဆေးကုသနေသော လူနာအရေအတွက်

| စဉ် | မက်သာဒုန်းဆေးတိုက်ကျွေးရေးဌာန | လူနာအသစ် | | | လက်ရှိလူနာစုစုပေါင်း | | |
|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရန်ကုန် စိတ်ကျန်းမာရေးဆေးရုံကြီး | ၂၂၁ | ၄ | ၂၂၅ | ၇၃၀ | ၁၄ | ၇၄၄ |
| ၂ | သဃ်္န်းကျွန်းပြည်သူ့ဆေးရုံကြီး၊ ရန်ကုန် | ၀ | ၀ | ၀ | ၃၁၄ | ၆ | ၃၂၀ |
| ၃ | မန္တလေး မူးယစ်ဆေးစွဲရောဂါကုဆေးရုံကြီး | ၁၁၈ | ၂ | ၁၂၀ | ၁၀၆၃ | ၁၀ | ၁၀၇၃ |
| ၄ | ကူးစက်ရောဂါကုဆေးရုံ၊ မန္တလေးမြို့ | ၀ | ၀ | ၀ | ၂၉၇ | ၂ | ၂၉၉ |
| ၅ | ပြင်ဦးလွင်ခရိုင်ဆေးရုံ | ၅၅ | ၀ | ၅၅ | ၂၁၁ | ၁ | ၂၁၂ |
| ၆ | မိုးကုတ်မြို့နယ်ဆေးရုံ | ၀ | ၀ | ၀ | ၃၂၅ | ၀ | ၃၂၅ |
| ၇ | မုံရွာ အထွေထွေရောဂါကုဆေးရုံကြီး | ၁၂၅ | ၀ | ၁၂၅ | ၂၆၂ | ၁ | ၂၆၃ |
| ၈ | ကလေး အထွေထွေရောဂါကုဆေးရုံကြီး | ၃ | ၀ | ၃ | ၅၁၄ | ၁၃ | ၅၂၇ |
| ၉ | ကသာခရိုင်ပြည်သူ့ဆေးရုံကြီး | ၅၆ | ၀ | ၅၆ | ၂၂၇ | ၀ | ၂၂၇ |
| ၁၀ | ခန္တီးခရိုင်ပြည်သူ့ဆေးရုံ | ၀ | ၀ | ၀ | ၂၁၈ | ၉ | ၂၂၇ |
| ၁၁ | စစ်ကိုင်းအထွေထွေရောဂါကုဆေးရုံကြီး | ၂၄ | ၁ | ၂၅ | ၂၁၅ | ၁ | ၂၁၆ |
| ၁၂ | တမူးခရိုင်ပြည်သူ့ဆေးရုံ | ၁ | ၀ | ၁ | ၂၄၃ | ၃ | ၂၄၆ |
| ၁၃ | ရွှေဘိုအထွေထွေရောဂါကုဆေးရုံကြီး | ၁၉ | ၀ | ၁၉ | ၈၆ | ၀ | ၈၆ |
| ၁၄ | ဟုမ္မလင်း ပြည်သူ့ဆေးရုံ | ၉၆ | ၀ | ၉၆ | ၃၅၈ | ၆ | ၃၆၄ |
| ၁၅ | အင်းတော်မြို့နယ်ဆေးရုံ | ၁၅၁ | ၀ | ၁၅၁ | ၈၃၄ | ၄ | ၈၃၈ |
| ၁၆ | နန့်တောတိုက်နယ်ဆေးရုံ၊ ဟုမ္မလင်းမြို့နယ် | ၈၅ | ၄ | ၈၉ | ၃၀၀ | ၁၃ | ၃၁၃ |
| ၁၇ | မော်လူးတိုက်နယ်ဆေးရုံ၊ အင်းတော်မြို့နယ် | ၀ | ၀ | ၀ | ၂၆၃ | ၀ | ၂၆၃ |
| ၁၈ | ခမ်းပတ်တိုက်နယ်ဆေးရုံ၊ တမူးမြို့နယ် | ၅၅ | ၈ | ၆၃ | ၂၆၄ | ၁၄ | ၂၇၈ |
| ၁၉ | မဲဇာတိုက်နယ်ဆေးရုံ၊ အင်းတော်မြို့နယ် | ၀ | ၀ | ၀ | ၁၃၅ | ၀ | ၁၃၅ |
| ၂၀ | နောင်ပိုအောင်တိုက်နယ်ဆေးရုံ၊ ဟုမ္မလင်းမြို့နယ် | ၁၃၅ | ၂ | ၁၃၇ | ၅၆၇ | ၆ | ၅၇၃ |
| ၂၁ | မော်လိုက်ခရိုင်ပြည်သူ့ဆေးရုံ | ၃၃ | ၁ | ၃၄ | ၂၃၇ | ၂ | ၂၃၉ |
| ၂၂ | ရာဇဂြိုလ်တိုက်နယ်ဆေးရုံ၊ ကလေးမြို့နယ် | ၀ | ၀ | ၀ | ၁၆၄ | ၇ | ၁၇၁ |
| ၂၃ | ကန့်ဘလူခရိုင်ပြည်သူ့ဆေးရုံ | ၂၃ | ၀ | ၂၃ | ၉၃ | ၀ | ၉၃ |
| ၂၄ | ကျွန်းလှမြို့နယ်ဆေးရုံ | ၃၈ | ၀ | ၃၈ | ၆၇ | ၁ | ၆၈ |
| ၂၅ | ဖေါင်းပြင်မြို့နယ်ဆေးရုံ | ၃၅ | ၂ | ၃၇ | ၀ | ၀ | ၀ |
| ၂၆ | ဗန်းမောက်မြို့နယ်ဆေးရုံ | ၃၃ | ၀ | ၃၃ | ၀ | ၀ | ၀ |
| ၂၇ | ထီးချိုင့်မြို့နယ်ဆေးရုံ | ၁၀၅ | ၁ | ၁၀၆ | ၀ | ၀ | ၀ |
| ၂၈ | မြစ်ကြီးနား မူးယစ်ဆေးစွဲရောဂါကုဆေးရုံကြီး | ၄၃၈ | ၆ | ၄၄၄ | ၁၇၅၅ | ၂၆ | ၁၇၈၁ |
| ၂၉ | ဆဒုံးတိုက်နယ်ဆေးရုံ၊ ဝိုင်းမော်မြို့နယ် | ၀ | ၀ | ၀ | ၅၁ | ၂ | ၅၃ |
| ၃၀ | တနိုင်းမြို့နယ်ဆေးရုံ | ၁၆၈ | ၆ | ၁၇၄ | ၄၆၃ | ၂၂ | ၄၈၅ |
| ၃၁ | တာမခံတိုက်နယ်ဆေးရုံ၊ ဖားကန့်မြို့နယ် | ၁၈၀ | ၁၀ | ၁၉၀ | ၄၁၆ | ၁၅ | ၄၃၁ |
| ၃၂ | တာလောကြီးတိုက်နယ်ဆေးရုံ၊ မြစ်ကြီးနားမြို့ | ၀ | ၀ | ၀ | ၅၈၃ | ၃ | ၅၈၆ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၃ | ပူတာအိုခရိုင် ပြည်သူ့ဆေးရုံ | ၁၆၁ | ၁ | ၁၆၂ | ၅၁၁ | ၁၃ | ၅၂၄ |
| ၃၄ | ဖားကန့်မြို့နယ်ဆေးရုံ | ၁၃၈ | ၁ | ၁၃၉ | ၆၂၁ | ၁၄ | ၆၃၅ |
| ၃၅ | ဗန်းမော် ခရိုင်ပြည်သူ့ဆေးရုံ | ၃၅ | ၁ | ၃၆ | ၄၆၀ | ၈ | ၄၆၈ |
| ၃၆ | မိုးကောင်း မြို့နယ်ဆေးရုံ | ၂၁၁ | ၅ | ၂၁၆ | ၈၇၉ | ၂၁ | ၉၀၀ |
| ၃၇ | မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံ | ၂၉၆ | ၁ | ၂၉၇ | ၇၃၁ | ၄ | ၇၃၅ |
| ၃၈ | ဟိုပင်တိုက်နယ်ဆေးရုံ၊ မိုးညှင်းခရိုင် | ၁၅၁ | ၄ | ၁၅၅ | ၇၃၀ | ၉ | ၇၃၉ |
| ၃၉ | လုံးခင်းတိုက်နယ်ဆေးရုံ၊ ဖားကန့်မြို့နယ် | ၂၀၄ | ၇ | ၂၁၁ | ၈၁၁ | ၂၅ | ၈၃၆ |
| ၄၀ | ရွှေကူမြို့နယ်ဆေးရုံ | ၁၂၆ | ၁ | ၁၂၇ | ၃၈၇ | ၂ | ၃၈၉ |
| ၄၁ | ဆိပ်မူကျေးလက်ကျန်းမာရေးဌာန၊ ဖားကန့်မြို့နယ် | ၁၁၁ | ၇ | ၁၁၈ | ၇၂၄ | ၂၈ | ၇၅၂ |
| ၄၂ | မံစီမြို့နယ်ဆေးရုံ | ၂၇ | ၀ | ၂၇ | ၉၉ | ၀ | ၉၉ |
| ၄၃ | မိုးမောက်မြို့နယ်ဆေးရုံ | ၆၉ | ၁ | ၇၀ | ၂၆၁ | ၄ | ၂၆၅ |
| ၄၄ | ဝိုင်းမော်မြို့နယ်ဆေးရုံ | ၂၀၀ | ၃ | ၂၀၃ | ၁၂၀၃ | ၁၀ | ၁၂၁၃ |
| ၄၅ | ချီဖွေမြို့နယ်ဆေးရုံ | ၁၅ | ၀ | ၁၅ | ၅၃ | ၁ | ၅၄ |
| ၄၆ | နန့်မွန်းတိုက်နယ်ဆေးရုံ၊ မိုးညှင်းခရိုင် | ၉၈ | ၀ | ၉၈ | ၆၄၆ | ၇ | ၆၅၃ |
| ၄၇ | နမ္မားတိုက်နယ်ဆေးရုံ၊ မိုးညှင်းခရိုင် | ၄၈ | ၁ | ၄၉ | ၂၆၃ | ၂ | ၂၆၅ |
| ၄၈ | နမ္မတီးတိုက်နယ်ဆေးရုံ၊ မိုးကောင်းမြို့နယ် | ၁၀၆ | ၂ | ၁၀၈ | ၄၂၁ | ၆ | ၄၂၇ |
| ၄၉ | ဝေခါ တိုက်နယ်ဆေးရုံ၊ ဖားကန့်မြို့နယ် | ၄၃ | ၁ | ၄၄ | ၂၀၉ | ၃ | ၂၁၂ |
| ၅၀ | လားရှိုးပြည်သူ့ဆေးရုံ | ၆၉ | ၁ | ၇၀ | ၃၀၃ | ၂ | ၃၀၅ |
| ၅၁ | မူဆယ်ခရိုင်ပြည်သူ့ဆေးရုံ | ၃၆ | ၀ | ၃၆ | ၂၃၂ | ၂ | ၂၃၄ |
| ၅၂ | လောက်ကိုင်ခရိုင်ဆေးရုံ | ၄၄ | ၀ | ၄၄ | ၄၀ | ၀ | ၄၀ |
| ၅၃ | သိန္နီမြို့နယ်ဆေးရုံ | ၉၀ | ၁ | ၉၁ | ၁၆၆ | ၂ | ၁၆၈ |
| ၅၄ | သီပေါမြို့နယ်ဆေးရုံ | ၃၂ | ၀ | ၃၂ | ၇၅ | ၁ | ၇၆ |
| ၅၅ | မိုးမိတ်မြို့နယ်ဆေးရုံ | ၂၂ | ၂ | ၂၄ | ၂၄၂ | ၅ | ၂၄၇ |
| ၅၆ | တန့်ယန်းမြို့နယ်ဆေးရုံ | ၆၁ | ၆ | ၆၇ | ၂၂၇ | ၁၂ | ၂၃၉ |
| ၅၇ | ကျောက်မဲခရိုင်ပြည်သူ့ဆေးရုံ | ၈၅ | ၂ | ၈၇ | ၂၄၉ | ၇ | ၂၅၆ |
| ၅၈ | ကွတ်ခိုင်မြို့နယ်ဆေးရုံ | ၁၄၅ | ၁၃ | ၁၅၈ | ၂၂၇ | ၁၄ | ၂၄၁ |
| ၅၉ | တာမိုးညဲတိုက်နယ်ဆေးရုံ၊ ကွတ်ခိုင်မြို့နယ် | ၃၀ | ၄ | ၃၄ | ၉၇ | ၈ | ၁၀၅ |
| ၆၀ | နမ္မတူမြို့နယ်ဆေးရုံ | ၇၉ | ၂ | ၈၁ | ၁၀၆ | ၁ | ၁၀၇ |
| ၆၁ | နမ့်ခမ်းမြို့နယ်ဆေးရုံ | ၁၂၃ | ၁ | ၁၂၄ | ၆၀၇ | ၁၀ | ၆၁၇ |
| ၆၂ | နမ့်ဆန်မြို့နယ်ဆေးရုံ | ၀ | ၀ | ၀ | ၆ | ၀ | ၆ |
| ၆၃ | နမ့်ပေါင်တိုက်နယ်ဆေးရုံ၊ လားရှိုးမြို့ | ၀ | ၀ | ၀ | ၃၀ | ၂ | ၃၂ |
| ၆၄ | နမ့်လန်တိုက်နယ်ဆေးရုံ၊ သီပေါမြို့နယ် | ၉ | ၀ | ၉ | ၄၂ | ၀ | ၄၂ |
| ၆၅ | နောင်ချိုမြို့နယ်ဆေးရုံ | ၃၄ | ၀ | ၃၄ | ၉၆ | ၀ | ၉၆ |
| ၆၆ | နောင်မွန်တိုက်နယ်ဆေးရုံ၊ လားရှိုးမြို့ | ၁၆ | ၀ | ၁၆ | ၉၇ | ၀ | ၉၇ |
| ၆၇ | နမ့်ဖတ်ကာတိုက်နယ်ဆေးရုံ၊ ကွတ်ခိုင်မြို့နယ် | ၁၃ | ၀ | ၁၃ | ၀ | ၀ | ၀ |
| ၆၈ | တာချီလိတ်ခရိုင်ဆေးရုံ | ၈၄ | ၈ | ၉၂ | ၁၅၅ | ၁၂ | ၁၆၇ |
| ၆၉ | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ၅၅ | ၄ | ၅၉ | ၇၉ | ၄ | ၈၃ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇၀ | ပျဉ်းမနားပြည်သူ့ဆေးရုံကြီး၊ | ၁၂ | ၀ | ၁၂ | ၇၇ | ၁ | ၇၈ |
| ၇၁ | စစ်တွေပြည်သူ့ဆေးရုံကြီး | ၅၇ | ၀ | ၅၇ | ၃၇ | ၀ | ၃၇ |
| | **စုစုပေါင်း** | ၅၃၃၂ | ၁၂၇ | ၅၄၅၉ | ၂၃၄၅၄ | ၄၂၁ | ၂၃၈၇၅ |

## နိုင်ငံတကာ အစည်းအဝေးများ တက်ရောက်ခြင်း

| စဉ် | ရက်စွဲ | အစည်းအဝေး | မှတ်ချက် |
|---|---|---|---|
| ၁။ | ၇-၆-၂၀၂၃ မှ ၈-၆-၂၀၂၃ | 14th ASEAN Drug Monitoring Network Meeting | online |
| ၂။ | ၅-၇-၂၀၂၃ မှ ၆-၇-၂၀၂၃ | 44th ASEAN Senior Officials Meeting on Drug Matters | online |
| ၃။ | ၃-၉-၂၀၂၃ | 15th ASEAN Drug Monitoring Network Meeting | online |
| ၄။ | ၅-၉-၂၀၂၃ | INTEGRATION OF VIRAL HEPATITIS IN HARM REDUCTION SERVICES, WHO, Harm Reduction International, CHAI | online |
| ၅။ | ၁၆-၁၀-၂၀၂၃ | 46th Expert Committee on Drug Dependence Information Meeting | online |
| ၆။ | ၁၄-၁၁-၂၀၂၃ မှ ၁၆-၁၁-၂၀၂၃ | Colombo Plan Drug Advisory Program National Secretariats Meeting, Manila, Philippine | In person |

| ဆောင်ရွက်ချက်များ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| အိပ်ချ်အိုင်ဗွီ ရှိမရှိ စစ်ဆေးပြီးလူနာပေါင်း | ၁၂၀၈ | ၂၀ | ၁၂၂၈ |
| အိပ်ချ်အိုင်ဗွီ ရှိမရှိ စစ်ဆေးပြီး လူနာ၏ ခင်ပွန်း/ဇနီး | ၁ | ၄ | ၅ |
| အသည်းရောင်ရောဂါ ဘီ ရှိမရှိ စစ်ဆေးပြီးလူနာပေါင်း | ၁၆၁၈ | ၁၇ | ၁၆၃၅ |
| အသည်းရောင်ရောဂါ ဘီပိုး ကာကွယ်ဆေး ထိုးပြီးလူနာပေါင်း | ၅၂၉ | ၃ | ၅၃၂ |
| အသည်းရောင်ရောဂါ စီ ရှိမရှိ စစ်ဆေးပြီးသော လူနာပေါင်း | ၁၃၈၆ | ၁၆ | ၁၄၀၂ |
| ပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်း | | | ၂၀၀၀၀ |
| ကွန်ဒုံး ဖြန့်ဝေခြင်း | | | ၅၅၉၂၀ |
| အအောတီ ကုသမှုခံယူရန် လွှဲပြောင်းပေးခဲ့သည့် လူနာပေါင်း | | | ၇၁ |
| တီဘီရောဂါ ကုသမှုခံယူရန် လွှဲပြောင်းပေးခဲ့သည့် လူနာပေါင်း | | | ၉၀ |
| ကာလသားရောဂါ ကုသမှုခံယူရန် လွှဲပြောင်းပေးခဲ့သည့် လူနာပေါင်း | | | ၁၂ |

# ပြန်လည်ထူထောင်ရေးအဖွဲ့ ဆောင်ရွက်ချက်

## ပြန်လည်ထူထောင်ရေးအဖွဲ့

၁။ ပြန်လည်ထူထောင်ရေးအဖွဲ့ကို ၁၉၈၀ ခုနှစ်မှ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၁၉-၉-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၃/၂၀၁၆ အရ ဥက္ကဋ္ဌမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ စီမံ/အုပ်ချုပ်မှုဌာနမှ ဌာနမှူးတို့ဖြစ်ပါသည်။ အတွင်းရေးမှူးမှာ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

## ရည်ရွယ်ချက်

၂။ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးစခန်းများကို အောက်ပါရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားရှိပါသည်-

(က) ဆေးကုသခံယူပြီးသူများအား မူးယစ်ဆေးဝါးသုံးစွဲမှုကင်းရှင်းပြီး လူ့အဖွဲ့အစည်းအတွင်း ပြန်လည်နေထိုင် ဝင်ဆံ့လာစေရန်အတွက် လူမှုရေးကိုပြန်လည်ထူထောင်ပေးရန်၊

(ခ) ဆေးကုသခံယူပြီးသူများအား အသက်မွေးဝမ်းကြောင်းပညာရပ်များ လေ့ကျင့်သင်ကြားပေးရန်၊



(ဂ) အလုပ်ပေးကုထုံးနည်းလမ်းဖြင့် လေ့ကျင့်သင်ကြားပေးသည့် အသက်မွေးဝမ်းကြောင်း ပညာရပ်များကို အသုံးပြုပြီး မိမိဘဝမိမိရပ်တည်နိုင်စေရန်၊

(ဃ) လူမှုပတ်ဝန်းကျင်တွင် မိမိကိုယ်မိမိ ယုံကြည်မှုရရှိစေပြီး ကျန်းမာသန်စွမ်းသော လူငယ်များအဖြစ် လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေရန်။

**လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ**

၃။ မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပြန်လည်ထူထောင်ရေး ဦးစီးဌာနသည် အောက်ဖော်ပြပါလုပ်ငန်း(၃)ရပ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) စခန်းအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း၊

(ခ) စခန်းနှင့်ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း၊

(ဂ) ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း။

**စခန်းအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်း**

၄။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ စုစုပေါင်း ပြန်လည်ထူထောင်ရေးစခန်း (၁၄) ခုအား အောက်ပါအတိုင်း တည်ထောင်ဖွင့်လှစ်ထားပါသည်-

(က) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)

(ခ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)

(ဂ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြစ်ကြီးနား)

(ဃ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(လားရှိုး)

(င) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)

(စ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(တာချီလိတ်)

(ဆ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(နမ့်လတ်)

(ဇ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြဝတီ)

(ဈ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ကော့သောင်း)

(ည) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဝက်ထီးကန်)

(ဋ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဖယ်ခုံ)

(ဌ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဘားအံ)

(ဍ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ကလိန်အောင်)

(ဎ) မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြိတ်)




စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း (မန္တလေး)




စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း (ရန်ကုန်)

၅။ ပြန်လည်ထူထောင်ရေးစခန်းအသီးသီးတွင် အောက်ပါအတိုင်း ပြန်လည်ထူထောင်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည် -

(က) သင်တန်းသားများ၏ ကိုယ်ရေးရာဇဝင်အချက်အလက်များ စုံစမ်းမေးမြန်း မှတ်တမ်းတင်ခြင်း၊

( ခ ) သုံးစွဲသောဆေးအမျိုးအစားအလိုက် သင်တန်းသားများအား အကဲဖြတ်ခြင်း၊

( ဂ ) ပြန်လည်ထူထောင်ရေးနည်းစနစ်များဖြင့် ဆောင်ရွက်ခြင်း

(၁) စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း

(ကက) တစ်ဦးချင်း၊ အုပ်စုလိုက်၊ မိသားစုဝင်များနှင့်နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊

( ခခ ) စိတ်တည်ငြိမ်အေးချမ်းမှု ကျင့်စဉ်လေ့ကျင့်ပေးခြင်း၊

( ဂဂ ) သုံးစွဲသောဆေးအမျိုးအစားအလိုက် ကြိုတင်ကာကွယ် အသိပညာပေး ဆွေးနွေးပေးခြင်း၊

(ဃဃ) အလုပ်ပေးကုထုံး ဘာသာရေးကုထုံးပြုလုပ်ပေးခြင်း၊

( ငင ) စိတ်အပန်းဖြေ ဖျော်ဖြေမှုများပြုလုပ်ပေးခြင်း၊

(၂) ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း

(ကက) အားကစားမျိုးစုံ လှုပ်ရှားမှုဆောင်ရွက်ပေးခြင်း၊

(ခခ) ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်မှုဆောင်ရွက်ပေးခြင်း၊

(ဂဂ) ကျန်းမာရေး စောင့်ရှောက်မှုပြုလုပ်ပေးခြင်း၊

(၃) အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း၊

(၄) လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြင်ဆင်ပေးခြင်း၊

(၅) နောက်ဆက်တွဲစောင့်ရှောက်မှုပေးခြင်း။

**စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းများနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်နိုင်မှု**

၆။ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းကို မန္တလေးပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား(၂၈)ဦး၊ လားရှိုးပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား/သင်တန်းသူ ၂၀ ဦး၊ ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်းတွင်သင်တန်းသား(၂၀)ဦး၊ဝက်ထီးကန်ပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား ၂၀ ဦး၊ ကျိုင်းတုံပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား ၂၀ ဦး၊ စုစုပေါင်း စခန်းအခြေပြုသင်တန်းသား ၁၀၈ ဦးကို ပြန်လည်ထူထောင်မှုပေးနိုင်ခဲ့ပါသည်။



ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ)တွင် သင်တန်းသားများအား ဆပ်ပြာဆီပြုလုပ်နည်းသင်တန်း လက်တွေ့သင်ကြားပေးခြင်း



ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ)တွင် သင်တန်းသားများအား ဆိုင်ကယ်ပြင်သင်တန်း လက်တွေ့သင်ကြားပေးခြင်း

၇။ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းကို ကျိုင်းတုံမြို့နယ်၊ လွယ်မွေအုပ်စု၊ ပန်ကွဲတောင်ကျေးရွာတွင် သင်တန်းသား(၃၀)ဦး၊ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ လဝမ်ကထောင်ကျေးရွာ၊ ဂါလိလဲအိုင်လူငယ်ပြုစုပျိုးထောင်ရေး လူမှုအသင်းသင်တန်းကျောင်းတွင် သင်တန်းသား(၃၀)ဦး၊ စုစုပေါင်း သင်တန်းသား(၆၀)ဦးကို ပြန်လည်ထူထောင်မှုပေးနိုင်ခဲ့ပါသည်။

၈။ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းကို မန္တလေးပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား(၂၀)ဦး၊ လားရှိုးပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား(၂၀)ဦး၊ ရန်ကုန် ပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား (၄၀)ဦး၊ နမ့်လတ်ပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား(၂၀)ဦးနှင့် ဘားအံပြန်လည်ထူထောင်ရေးစခန်းတွင် သင်တန်းသား(၂၀)ဦး၊ စုစုပေါင်း သင်တန်းသား (၁၂၀)ဦးအား သင်တန်းပေးနိုင်ခဲ့ပါသည်။

## အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားပေးခြင်း

၉။ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း၊ စခန်းနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းများတွင် ဆပ်ပြာဆီထုတ်လုပ်ငန်း၊ တံဆိပ်ရိုက် သင်တန်း၊ ဘိလပ်မြေအုတ်လုပ်သင်တန်း၊ ဆံသသင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ ကားပြင်သင်တန်း၊ စိုက်ပျိုးရေးသင်တန်းများ ပို့ချပေးနိုင်ခဲ့ပါသည်။



ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်)တွင် သင်တန်းသားများအား
တံဆိပ်ရိုက်သင်တန်း လက်တွေ့သင်ကြားပေးခြင်း

## အသိပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း

၁၀။ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်း ၁၅ ကျောင်းတွင် “မူးယစ်အန္တရာယ် လူ့ရန်စွယ်” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲများကို ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅၅၅ ဦးအား အသိပညာပေးနိုင်ခဲ့ပါသည်။

**ပြည်တွင်း၊ ပြည်ပအစည်းအဝေးအလုပ်ရုံဆွေးနွေးပွဲနှင့် အခမ်းအနားများတက်ရောက်ခြင်း**

၁၁။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့၌ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် နှစ်စဉ်ကျင်းပပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနား တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။

**စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

၁၂။ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ၁၉၉၉ ခုနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် ၂၀၂၃ ခုနှစ်အတွင်း သုံးစွဲမှုလျော့ချရေးလုပ်ငန်းအဖြစ် မူးယစ်ဆေးဝါး သုံးစွဲသူများအား စခန်းအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းများ ဆောင်ရွက်ခြင်းဖြင့် သင်တန်းသား/ သင်တန်းသူ ၂၈၈ ဦးအား ပြန်လည်ထူထောင်မှုပေးနိုင်ခဲ့ပါသည်။

**ရန်ပုံငွေသုံးစွဲမှုအခြေအနေ**

၁၃။ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပြန်လည်ထူထောင်ရေး ဦးစီးဌာနမှ ဘတ်ဂျက်ရန်ပုံငွေ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ၄၂,၄၃၁,၀၀၀ ကျပ် သုံးစွဲခဲ့ ပါသည်။

**နိဂုံး**

၁၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထားသော အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒပါ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် ဆက်စပ်ဌာနဆိုင်ရာများ၊ ပြည်သူလူထု၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လက်တွဲ ပူးပေါင်းကာ ချမှတ်ထားသည့်နည်းဗျူဟာအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။



## လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့ ဆောင်ရွက်ချက်

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၆) ဖြင့် ၁၄-၂-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ရာ ဥပဒေပုဒ်မ ၇(ဠ) ၌ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့အား ထည့်သွင်းဖွဲ့စည်းခဲ့ပါသဖြင့် ၃-၂-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၁/၂၀၂၀) ဖြင့် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့အား တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

၂။ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင် (၂၄) ဦးဖြင့် ဖွဲ့စည်းခဲ့ရာမှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၅-၅-၂၀၂၁) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၂၁)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်း၊ လုပ်ငန်းတာဝန်သဘာဝအရ သက်ဆိုင်ရာဌာနများအား ထပ်မံဖြည့်စွက်ဖွဲ့စည်းရန် လိုအပ်ခြင်းတို့ကြောင့် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့အား ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ၂၁-၁-၂၀၂၂ ရက်စွဲပါစာဖြင့် ဗဟိုအဖွဲ့သို့တင်ပြခဲ့ရာ ဗဟိုအဖွဲ့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (၁၁) ဖွဲ့အား ၁၇-၄-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါသည်။

၃။ ၁၀-၃-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်တွင် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှု ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သဖြင့် ဖွဲ့စည်းနိုင်ရေးအတွက် လျာထားဖွဲ့စည်းပုံများအား ဗဟိုအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ၍ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှု ကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်အား ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၄။ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွဲ့စည်းထားရှိသော လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်သည် ယခင်အစိုးရလက်ထက်၌ ဖွဲ့စည်းခဲ့သည့်အတွက် ဖွဲ့စည်းပုံပါ တာဝန်ထမ်းဆောင်သည့်ပုဂ္ဂိုလ်များ ပြောင်းလဲတာဝန်ထမ်းဆောင်မှုကြောင့် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်အား ဖွဲ့စည်းပုံပါအတိုင်း (Up to Date) ပြန်လည်ပြင်ဆင်ဖွဲ့စည်းခွင့်ပြုနိုင်ပါရန်နှင့် မြို့နယ်အဆင့်ဖွဲ့စည်းပုံ၌ လွှတ်တော်ကိုယ်စားလှယ် (၁) ဦးအား ထည့်သွင်းဖွဲ့စည်းထားရှိ

ပါသဖြင့် လက်ရှိအခြေအနေတွင် လွှတ်တော်ကိုယ်စားလှယ်များမရှိပါ၍ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခွင့် ပြုပါရန် ဗဟိုအဖွဲ့သို့ တင်ပြဆောင်ရွက်ခဲ့ရာ ၁၅-၂-၂၀၂၃ ရက်စွဲပါစာဖြင့် အတည်ပြုကြောင်း ပြန်ကြားလာပါသဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆက်လက်ဆောင်ရွက်နိုင်ရေး အကြောင်းကြားခဲ့ပါသည်။

၅။ ထိုသို့အကြောင်းကြားခဲ့မှုအပေါ် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ အဖွဲ့အဆင့်ဆင့်အား Up to Date ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါကြောင်း ပြန်လည်တင်ပြလာပါသဖြင့် လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့အဆင့်ဆင့်အား လက်ရှိဖွဲ့စည်းပုံနှင့်အညီ Up to Date ပြင်ဆင်ဖွဲ့စည်းပြီး ဖြစ်ပါကြောင်း ဗဟိုအဖွဲ့သို့ ၁-၉-၂၀၂၃ ရက်စွဲပါစာဖြင့် တင်ပြထားရှိပါသည်။

၆။ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့ အနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် (၁၅) ခုလုံးတွင် ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ခရိုင် အဆင့်အနေဖြင့် ခရိုင်(၁၂၁) ခရိုင်ရှိသည့်အနက် (၁၁၉) ခရိုင်ဖွဲ့စည်းထားရှိပြီး ကယားပြည်နယ်၊ မယ်စဲ့ ခရိုင်နှင့် ရှမ်းပြည်နယ်၊ မိုင်းလားခရိုင်တို့ ဖွဲ့စည်းရန်ကျန်ရှိပါကြောင်း၊ မြို့နယ်အဆင့်အနေဖြင့် မြို့နယ် (၃၃၀) မြို့နယ် ရှိသည့်အနက် (၃၂၅) မြို့နယ်ဖွဲ့စည်းထားရှိပြီး ရှမ်းပြည်နယ်အတွင်းရှိ ဝဝမရ (၅) မြို့နယ် (မိုင်းလား၊ မိုင်းမော၊ ပန်ဝိုင်၊ ပန်ဆန်း/ပန်ခမ်း၊ နားဖန်) သာ ဖွဲ့စည်းရန်ကျန်ရှိပါကြောင်း တင်ပြအပ်ပါသည်။

## ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့ ဆောင်ရွက်ချက်

**နိဒါန်း**

၁။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်မှလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးပပျောက်စေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် နိုင်ငံတော်ကိုယ်စားပြု ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ လုပ်ငန်းအဖွဲ့အသီးသီးကို စနစ်တကျဖွဲ့စည်း၍ အလေးထားဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့တစ်ခုဖြစ်သည့် ပညာရေးဝန်ကြီးဌာန၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့အနေဖြင့် မျိုးဆက်သစ်လူငယ်မောင်မယ်များနှင့် ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်ကို သိမြင်ရှောင်ကြဉ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကသာ ပညာရေးဒီဂရီကောလိပ်တွင် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပခြင်း



၂။ ကျောင်းသားလူငယ်များအတွက် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင် အသိပညာပေးခြင်း၊ အချိန်မီတားဆီးပြုပြင်ခြင်းများ ပြုလုပ်နိုင်မှသာ ကလေးနှင့်လူငယ်များဘဝ လုံခြုံမှုရရှိမည်ဖြစ်ပါသည်။ ကျောင်းသားလူငယ်များ ကြံ့ခိုင်သန်စွမ်း၍ ကျန်းမာရေးကောင်းမွန်ပြီး မူးယစ်ဆေးသုံးစွဲခြင်း မရှိစေရန်အတွက် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်း များနှင့် ကျောင်းပြင်ပ ပညာရေးစခန်းများတွင် ပြုလုပ်ပေးလျက်ရှိပါသည်။




ရတနာပုံတက္ကသိုလ်တွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပိုစတာ စိုက်ထူခြင်း

## ရည်ရွယ်ချက်

၃။ ကျောင်းသား/ကျောင်းသူအရွယ်မှစ၍ မူးယစ်ဆေးဝါး၏ လူ့စွမ်းအားများကို ဖျက်ဆီးတတ်သည့် အာနိသင်၊ လူတစ်ဦး၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဟူသော ဗလငါးတန်တို့ကို ပျက်စီးစေနိုင်သည့် သဘောတို့ကို ကောင်းစွာသိရှိနားလည်ကြစေရန်၊ မျိုးဆက်သစ်လူငယ်မောင်မယ်များ မူးယစ်ဆေး၏ အန္တရာယ်နှင့် ဆိုးကျိုးများကိုသိရှိပြီး မူးယစ်ဆေးဝါးအလွဲသုံးခြင်းမှ ရှောင်ကြဉ်နိုင်စေရန်၊ ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှကင်းဝေးပြီး ကျန်းမာကြံ့ခိုင်သော လူနေမှုဘဝပုံစံကို ရယူဖန်တီးနိုင်စေရန်၊ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ လူငယ်စကားဝိုင်းများပြုလုပ်ခြင်းမှတစ်ဆင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများနှင့် ကျွမ်းကျင်မှုများရရှိပြီး လူမှုဘဝနယ်ပယ်တွင် ပြန်လည်အသုံးချနိုင်စေရန်ဖြစ်ပါသည်။

၄။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ပညာကဏ္ဍ၊ ဆရာအတတ်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍနှင့် ကျောင်းပြင်ပပညာရေးကဏ္ဍတို့ရှိ ကျောင်းအသီးသီးတွင် နှစ်စဉ် ဇွန်လ (၂၆) ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို နံရံကပ်စာစောင်များ၊ စာစီစာကုံး၊ ပန်းချီ၊ ပိုစတာနှင့် ကာတွန်းပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ အသိပညာပေး သင်ခန်းစာများကို သရုပ်ဖော်တင်ဆက်ခြင်း၊ အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများကျင်းပပြုလုပ်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

### မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲသင်ကြားခြင်း

၅။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကဏ္ဍနှင့် ဆရာအတတ်ပညာကဏ္ဍရှိ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲသင်ကြားလျက်ရှိရာ မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပညာပေးသင်ခန်းစာများကို ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်တွင် ထည့်သွင်း သင်ကြားပေးလျက်ရှိပါသည်။ ကျန်းမာပျော်ရွှင်မှုအပေါ် မူးယစ်ဆေးဝါး သုံးစွဲခြင်း၏ အကျိုး

သက်ရောက်မှုများ၊ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများ၊ သုံးစွဲနည်းအမျိုးမျိုး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အကျိုးဆက်များ၊ စိတ်ပိုင်းဆိုင်ရာ နိုးကြွစေသည့် ဆေးဝါးများ၊ လူငယ်များ သုံးစွဲသော စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများ၊ အရက်၏ရေတိုနှင့်ရေရှည် အကျိုးသက်ရောက်မှုများ စသည့် သင်ခန်းစာများကို သင်ကြားလျက်ရှိပါသည်။ သင်ခန်းစာသင်ကြားပြီးပါက ပြန်လည်ဆန်းစစ်ရန် မေးခွန်းများဖြေဆိုခြင်း၊ ဉာဏ်စမ်းပဟေဠိ ဖြေဆိုခြင်းတို့ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

**မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များ**

၆။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများနှင့် ကျောင်းပြင်ပပညာရေးစခန်းများ၏ ကျောင်းပရိဝုဏ်အတွင်းရှိ စားသောက်ဆိုင်များတွင် ဆေးခြောက် ထည့်သွင်းထုတ်လုပ်ထားသော ဆေးဝါးနှင့် စားသောက်ကုန်များ ရောင်းချခြင်း မပြုနိုင်စေရန်နှင့် ပညာသင်ယူရာနေရာများအနီး ကိုက် (၁၀၀) အကွာအဝေးအတွင်းတွင် မူးယစ်ဆေးဝါး ရောင်းဝယ်၊ သုံးစွဲမှု မရှိစေရန်အတွက် ကျောင်းမုန့်ဆိုင် ကြီးကြပ်ရေးကော်မတီမှ အခါအားလျော်စွာ စစ်ဆေးကြီးကြပ်ခြင်း၊ အသိပညာပေး ကြော်ငြာများကပ်နှိပ်ခြင်း၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ချိတ်ဆက်၍ စစ်ဆေးခြင်း၊ သတင်းရယူခြင်းနှင့် တားဆီးကာကွယ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။






တောင်ငူတက္ကသိုလ်တွင် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေး လူငယ်စကားဝိုင်း ပြုလုပ်စဉ်

၇။ Myanmar Education Channel က 7- priorities အစီအစဉ်ထုတ်လွှင့်လျက်ရှိရာ "မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ပပျောက်ရေး" သည် priority တစ်ခုဖြစ်ပြီး မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးရေး အစီအစဉ်၊ ဆောင်းပါး၊ တေးသီချင်းများကို အပတ်စဉ် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

**ကျောင်းအခြေပြုပညာပေးလုပ်ငန်းများ**

၈။ ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများနှင့် ကျောင်းပြင်ပပညာရေးစခန်းများတွင် ကျောင်းသား/ကျောင်းသူ

များအား အုပ်စုဖွဲ့၍ မူးယစ်ဆေးဝါးဆိုင်ရာ ပြည်တွင်း၊ ပြည်ပ အကြောင်းအရာများ၊ သတင်းများ၊ ရုပ်ပုံများကို စုစည်းစေခြင်း၊ မိမိတို့အုပ်စုအလိုက် စုစည်းရရှိသည့် အချက်အလက်များကို အချင်းချင်း ပြန်လည်ဆွေးနွေးခြင်းနှင့် ကျောင်းသား/ကျောင်းသူများမှ ဦးဆောင်နိုင်မည့်သူများကို ရွေးချယ်၍ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများမှ ရရှိသည့် အသိပညာ၊ ဗဟုသုတ၊ သတင်းအချက်အလက်များကို ကျောင်းသားအချင်းချင်းထံသို့ ဖြန့်ဝေခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၉။ မူးယစ်ဆေးဝါး အန္တရာယ်နှင့်ပတ်သက်သည့် ပညာပေးဗီနိုင်းများ ရိုက်နှိပ်ဖြန့်ဝေခြင်း၊ မောင်မယ်သစ်လွင် ကြိုဆိုပွဲ၊ အာစရိယပူဇော်ပွဲများတွင် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာများ ထည့်သွင်းပြောကြားခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများဖြင့် ဆောင်ရွက်ခဲ့ပါသည်။

## ကျောင်းပြင်ပမူလတန်းပညာရေးနှင့် အလယ်တန်းပညာရေး

၁၀။ ပညာရေးဝန်ကြီးဌာနသည် ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေးလုပ်ငန်းများ ဆောင်ရွက်နေသော သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ အခြေခံပညာဦးစီးဌာနမှ မြို့နယ်ပညာရေးမှူးများ၊ အခြေစိုက်ကျောင်းအုပ်ကြီးများနှင့် ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအကောင်အထည်ဖော်နေသော တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးမှူးများ၊ မြို့နယ်ကြီးကြပ်ရေးမှူးများ၊ ဆရာ/ဆရာမများ ပူးပေါင်း၍ ကျောင်းသား/ကျောင်းသူများအား အသိပညာပေးဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျင်းပပြုလုပ်ပေးခဲ့ပါသည်။

၁၁။ ထို့အပြင် ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး သင်ရိုးညွှန်းတမ်းများတွင်လည်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆက်စပ်နေသောဘာသာရပ်များ ပါဝင်ခြင်း၊ သင်ကြားခြင်းစသည့် လုပ်ငန်းစဉ်များကို ကျောင်းသားကျောင်းသူများအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာလှုပ်ရှားမှုများ

၁၂။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများနှင့် ကျောင်းပြင်ပပညာရေးစခန်းများတွင် နှစ်စဉ် ဇွန်လ ၂၆ ရက်တွင် ကျရောက်သည့် “အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့” အကြိုအဖြစ် လူငယ်စကားဝိုင်းများ ကျင်းပပြုလုပ်ခြင်း၊ အသိပညာပေးသင်ခန်းစာများကို သရုပ်ဖော်တင်ဆက်ခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းတို့ကို

ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲများသို့ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် မိဘပြည်သူများ အောက်ပါအတိုင်း တက်ရောက်ခဲ့ပါသည်-

| စဉ် | ကျောင်းအမည် | ကျောင်း အရေအတွက် | ပါဝင်ဆောင်ရွက်ခဲ့သည့် ဦးရေ | | |
|---|---|---|---|---|---|
| | | | ကျောင်းသား | ဆရာ | မိဘပြည်သူ |
| ၁ | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ | ၂၀ | ၁၆၅၄၀ | ၅၉၄ | ၆၂၄ |
| ၂ | ပညာရေးဒီဂရီကောလိပ်များ | ၂၅ | ၂၁၆၅၉ | ၈၈၉ | ၄၅ |
| ၃ | အခြေခံပညာကျောင်းများ | ၆၅၈၀ | ၄၄၃၆၆၇၂ | ၂၁၇၅၂၇ | ၃၂၀၃၈၆ |
| ၄ | ကျောင်းပြင်ပ စခန်းများ | ၂၇ | ၄၁၄ | ၁၈ | ၄၆ |
| | **စုစုပေါင်း** | **၆၆၅၂** | **၄၄၇၅၂၈၅** | **၂၁၈၉၈၃** | **၃၂၁၁၀၁** |

၁၃။ ထို့အပြင် နံရံကပ်စာစောင်၊ စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ ပိုစတာနှင့် ကာတွန်း ပြိုင်ပွဲများ ကျင်းပ ပြုလုပ်ခဲ့ပြီး အဆိုပါ ပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ရာ ကျောင်းသား/ကျောင်းသူများ၊ ဆရာ/ ဆရာမများနှင့် မိဘပြည်သူများ အောက်ပါအတိုင်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | ကျောင်းအမည် | ကျောင်း အရေအတွက် | ပါဝင်ဆောင်ရွက်ခဲ့သည့် ဦးရေ | | |
|---|---|---|---|---|---|
| | | | ကျောင်းသား | ဆရာ | မိဘပြည်သူ |
| ၁ | ပညာရေးဒီဂရီကောလိပ်များ | ၁၀ | ၁၉၁၅ | ၁၈၁ | ၁၃ |
| ၂ | အခြေခံပညာကျောင်းများ | ၃၂၂၁ | ၁၀၉၁၁၄၆ | ၂၄၄ | ၈၈ |
| | **စုစုပေါင်း** | **၃၂၃၁** | **၁၀၉၃၀၆၁** | **၄၂၅** | **၁၀၁** |

## နိဂုံး

၁၄။ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့အနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများနှင့် ကျောင်းပြင်ပပညာရေး စခန်းများတွင် မူးယစ်ဆေးဝါးကင်းစင်နယ်မြေ ဖြစ်စေရေးအတွက် မူးယစ်ဆေးဝါး အသိပညာပေး ဟောပြောပွဲများကို စာရေးဆရာကြီးများ၊ ရုပ်ရှင်သရုပ်ဆောင်များဖြင့် ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ပြပွဲ၊ ပြိုင်ပွဲများ၊ လူငယ်စကားဝိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ပိုစတာများပြုလုပ်ခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဆရာ/ ဆရာမများ၊ မိဘပြည်သူများ၊ အနုပညာရှင်များနှင့် ပူးပေါင်းပါဝင်ကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့ ဆောင်ရွက်ချက်

## နိဒါန်း

၁။ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့သည် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဦးဆောင်မှုဖြင့် ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်မှတားဆီးနိုင်ရန် အောက်ဖော်ပြပါဌာန၊ အဖွဲ့အစည်းများဖြင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းများကို ပြန်ကြားရေး နည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

(က) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

( ခ ) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

( ဂ ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(ဃ) ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

( င ) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များ

၂။ ပြည်သူများအားပညာပေးလှုံ့ဆော်ရေးအဖွဲ့ကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် အောက်ဖော်ပြပါ ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | နံရံကပ်စာစောင်ပြသခြင်း | ၁၀၇၀ | ကြိမ် |
| ( ခ ) | ဓာတ်ပုံပြပွဲ | ၁၈၆ | ကြိမ် |
| ( ဂ ) | လက်ကမ်းစာစောင်ဖြန့်ဝေခြင်း | ၁၀၀၀၀၀ | စောင် |
| (ဃ) | Talk Show | ၃၈၀ | ကြိမ် |
| ( င ) | ဟောပြောပွဲ | ၅၀၄ | ကြိမ် |





မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဆောင်ရွက်ချက်များ

၃။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့်ပတ်သက်သည့် သတင်းများ၊ ဟောပြောချက်၊ ပညာပေးသီချင်း၊ ဇာတ်လမ်းများကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တိုင်းရင်းသား ဘာသာ အစီအစဉ်များမှ အောက်ပါအတိုင်း ထုတ်လွှင့်နိုင်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | သတင်း | ၅၃၀၂ | ကြိမ် |
| (ခ) | ဆောင်းပါး | ၈၆၃ | ကြိမ် |
| (ဂ) | သီချင်း | ၂၄၇၁ | ကြိမ် |
| (ဃ) | ဇာတ်လမ်း | ၂၀၃ | ကြိမ် |
| (င) | အစီအစဉ် | ၁၄ | ကြိမ် |
| (စ) | ဆောင်ပုဒ် | ၁၁၁၀ | ကြိမ် |
| (ဆ) | ပညာပေးထုတ်လွှင့်ချက် | ၁၃ | ကြိမ် |
| (ဇ) | အနာဂတ်ဘဝများလှစေချင် | ၁၀၀၃ | ကြိမ် |
| (ဈ) | လှုံ့ဆော်ချက် | ၁၅၄ | ကြိမ် |







မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်ပြပွဲ ကျင်းပခြင်း




မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆွေးနွေးပွဲ (Talk Show) ကျင်းပခြင်း

## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ဆောင်ရွက်ချက်များ

၄။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar စသည့် သတင်းစာများတွင် မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေး သတင်း၊ ဓာတ်ပုံ၊ ခေါင်းကြီး၊ ဆောင်းပါး၊ ဆောင်ပုဒ်နှင့် အင်တာဗျူးများကို အောက်ပါအတိုင်း ဖော်ပြနိုင်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | သတင်း | ၄၀၈ ပုဒ် |
| ( ခ ) | ခေါင်းကြီး | ၇ ပုဒ် |
| ( ဂ ) | ဆောင်းပါး | ၁၀ ပုဒ် |
| (ဃ) | သတင်းဓာတ်ပုံ | ၄၇၁ ပုဒ် |
| ( င ) | ဆောင်ပုဒ် | ၂၁၀ ပုဒ် |

## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များ

၅။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် သုတပဒေသာစာစောင်နှင့် ရွှေသွေးဂျာနယ်တို့တွင် မူးယစ်ဆေးဝါးပညာပေးဓာတ်လမ်းများ၊ ဆောင်းပါးများနှင့် ကာတွန်းများကို ထည့်သွင်းဖော်ပြခဲ့ပါသည်။ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့မှ ထုတ်ဝေသည့် မူးယစ်ဆေးဝါးအန္တရာယ်

အသိပညာပေး စာအုပ်၊ စာစောင်များ၊ နံရံကပ်ပိုစတာနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းများကိုလည်း အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | သုတပဒေသာစာစောင်တွင် ဆောင်းပါး | ၁၄ ပုဒ် |
| (ခ) | ကဗျာ | ၁၀ ပုဒ် |

## ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ဆောင်ရွက်ချက်

၆။ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ကွပ်ကဲမှုအောက်ရှိ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ အမှတ်(၁) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်၊ ပြည်သူ့တပ်မတော်စာစဉ်တို့မှ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးတို့နှင့်ပတ်သက်သည့် သတင်းထုတ်လွှင့်ချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | မြဝတီရုပ်မြင်သံကြားသတင်း | ၄၅၁ ကြိမ် |
| (ခ) | TV Spot | ၇၉၇ ကြိမ် |
| (ဂ) | ပရိုဂရမ် | ၂၇ ကြိမ် |
| (ဃ) | ဆောင်းပါး | ၆၉ ကြိမ် |
| (င) | ကဗျာ | ၆ ကြိမ် |
| (စ) | အာဘော် | ၆ ကြိမ် |
| (ဆ) | အင်တာဗျူး | ၁ ကြိမ် |

## နိဂုံး

၇။ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့သည် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်သူများ၊ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်မှ တားဆီးနိုင်ရန် ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းများကို အဖွဲ့ဝင်ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးပညာပေးလုပ်ငန်းများကို ပြန်ကြားရေးနည်းလမ်းဖြင့် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

# အခန်း (၄)

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ ဆောင်ရွက်ချက်

၁။ မြန်မာနိုင်ငံတွင် အုပ်ချုပ်မှုအလှမ်းဝေးသည့်နေရာများ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်နေရာများ၊ ဖွံ့ဖြိုးမှုနောက်ကျသည့်ဒေသများ၊ လုံခြုံရေးတည်ငြိမ်မှုမရှိသည့်နေရာများနှင့် လူသူအရောက်အပေါက်နည်းပြီး တောတောင်ထူထပ်သည့်နေရာများတွင် ဘိန်းစိုက်ပျိုးကြောင်း တွေ့ရှိရပါသည်။ ဘိန်းကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြောင်း တွေ့ရှိရပါသည်။

၂။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး UNODC နှင့် မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့တို့ပူးပေါင်း၍ ဘိန်းစိုက်ပျိုးမှုကိုတိုင်းတာခဲ့ရာ ၂၀၁၃-၂၀၁၄ ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၅၇၆၀၀ ဟက်တာစိုက်ပျိုးခဲ့ပြီး ၁၅၁၈၈.၄၉ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၅၅၅၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ၁၃၂၇၄.၉၇ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ပျိုးမှု တိုင်းတာနိုင်ခြင်းမရှိဘဲ ၇၅၆၂.၇၉ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၄၁၀၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ၃၅၃၆.၉၆ ဟက်တာဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘိန်းစိုက်ရာသီတွင် ၃၇၃၀၀ ဟက်တာစိုက်ပျိုးခဲ့ပြီး ၂၅၇၈.၅၂ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘိန်းစိုက်ရာသီတွင် ၃၃၁၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ၂၄၅၉.၉၁ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘိန်းစိုက်ရာသီတွင် ၂၉၅၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ဘိန်းခင်း ၂၀၂၆.၅၈ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၂၀-၂၀၂၁ ဘိန်းစိုက်ရာသီတွင် ၄၆၃၂.၉၇ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၂၁ - ၂၀၂၂ ဘိန်းစိုက်ရာသီတွင် ၄၀၁၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ၁၄၀၃.၂၇ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘိန်းစိုက်ရာသီတွင် ၄၇၁၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ၂၃၅၇.၇ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် ၄၀၁၀၀ ဟက်တာ စိုက်ပျိုးခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၄၇၁၀၀ ဟက်တာ စိုက်ပျိုးခဲ့သဖြင့် ၂၀၂၂ ခုနှစ်ကထက် ဘိန်းစိုက်ပျိုးမှု ၁၈ % မြင့်တက်လာခဲ့ပါသည်။




၃။ ဘိန်းထုတ်လုပ်မှုအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ၅၀၈ မက်ထရစ်တန် ထွက်ရှိခဲ့ပြီး၂၀၂၀ပြည့်နှစ်တွင်

၂၀၂၃ ခုနှစ်၊ ပြည်နယ်အလိုက်ဘိန်းစိုက်ပျိုးမှုအခြေအနေ




စုစုပေါင်း ၄၇၁၀၀ ဟက်တာ (၁၁၆၃၈၄.၁ ဧက)  ၁ ဟက်တာ =၂.၄၇၁ ဧက

၄၀၅ မက်ထရစ်တန် ထွက်ရှိခဲ့သဖြင့် ၂၀၁၉ ခုနှစ်ကထက် ထုတ်လုပ်မှု ၂၀ % ကျော် ကျဆင်းခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် ၄၂၃ မက်ထရစ်တန် ထွက်ရှိခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ်ကထက် ထုတ်လုပ်မှု ၄ % မြင့်တက်လာခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် ၇၉၀ မက်ထရစ်တန် ထွက်ရှိခဲ့သဖြင့် ၂၀၂၁ ခုနှစ်ထက် ထုတ်လုပ်မှု ၈၈ % ကျော်မြင့်တက်လာခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် ၁၀၈၀ မက်ထရစ်တန် ထွက်ရှိခဲ့သဖြင့် ၂၀၂၂ ခုနှစ်ကထက် ထုတ်လုပ်မှု ၃၆ % မြင့်တက်လာခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘိန်းစိုက်ရာသီတွင် နေရာဒေသအလိုက် ဘိန်းစိုက်ပျိုးမှုကို လေ့လာရာ ရှမ်းပြည်နယ်တွင် ၈၇.၇%၊ ချင်းပြည်နယ်တွင် ၁.၅ %၊ ကယားပြည်နယ်တွင် ၁ % နှင့် ကချင်ပြည်နယ်တွင် ၉.၈ %  စိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။

၄။ တရားမဝင်မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် အဓိကကျသောဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများမှာ မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် အိမ်နီးချင်းနိုင်ငံများမှ နည်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း အမှုပေါင်း ၆၅၃၉ မှု၊ တရားခံပေါင်း ၈၈၅၃ ဦးတို့ကို ဘိန်း ၇၀ မှု၊ ၅၈၁.၂၅ ကီလိုကျော်၊ ဘိန်းဖြူ ၉၄၈ မှု၊ ၁၈၇၃.၃၆ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၇၀ မှု၊ ၂၅၃,၃၄၁,၃၂၅ ပြား၊ အိုက်စ်(မက်သ်အဖက်တမင်း) ၁၁၇ မှု၊ ၁၇၈၂၉.၃၄ ကီလိုကျော်၊ ဆေးခြောက် ၄၇၇ မှု၊ ၆၈၆.၇၄ ကီလိုကျော်၊ ဘိန်းဆီခဲ ၃၄ မှု၊ ၃၁၃.၆၄ ကီလိုကျော်၊ ဘိန်းစာမှုန့် ၃၆ မှု၊ ၁၇၆၉.၉၄ ကီလိုကျော်၊ အက်တက်စီဆေးပြား ၉၀ မှု၊ ၆၅၃၈၂ ပြား၊ ထရာမဒေါလ်ဆေးတောင့် ၈ မှု၊ ၄၂၇၀၃၁ တောင့်၊ Erimin-5 ဆေးပြား ၁၃၉၃၀ ပြား၊ Happy Water ၁၃၁ မှု၊ ၂၉၆.၁၆ ကီလိုကျော်၊ ကတ်တမင်း ၉၂ မှု၊ ၄၀၅၃.၇၇ ကီလိုကျော်၊ ကဖင်း ၁၃ မှု၊ ၂၅၅၉၂.၅ ကီလိုကျော်၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁ မှု၊ ၈၀၀၀၀ ပြား၊ မီသိုင်းလမင်း ၂ မှု၊ ၆၉,၅၅၀ လီတာ၊ Sulphuric acid ၇ မှု၊ ၄၇,၂၆၀ လီတာ၊ Hydrocholric acid ၆ မှု၊ ၇၁,၄၀၀ လီတာ၊ သိုင်အိုနိုင်းကလိုရိုက် ၁ မှု၊ ၂၃,၉၄၀ လီတာ၊ အက်စီတုန်း ၄ မှု၊ ၁၆၂,၃၂၀ လီတာ၊ တော်လူအင်း ၈ မှု၊ ၁၁၁,၈၀၀ လီတာ၊ ဆိုဒီယမ်အက်စီတိတ် ၂ မှု၊ ၁၉,၂၅၀ ကီလို၊ ဆိုဒီယမ်ဆိုင်ရာနိုက် ၁ မှု၊ ၁,၁၃၅ ကီလို၊ မက်သနော ၅၇,၈၀၀ လီတာ၊ အီသနော ၂ မှု၊ ၅၀,၁၅၀ လီတာ၊ ကလိုရိုဖောင်း ၂ မှု၊ ၆၈,၉၅၀ လီတာ၊ ဒိုင်ကလိုရိုမီသိန်း ၅ မှု၊ ၆၈,၆၁၀ လီတာ၊ ဘင်ဇိုင်းဆိုင်ရာနိုက် ၇ မှု၊ ၆၇,၁၄၀ လီတာ၊ အီသိုင်းအက်စီတိတ် ၇ မှု၊ ၁၆၂,၀၆၆ လီတာ၊ ကော့စတစ်ဆိုဒါ ၇ မှု၊ ၂၃၅,၅၅၀ ကီလိုနှင့် အခြားဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ

လက်နက်ခဲယမ်းများ နှင့်အတူ အိမ်စီးယာဉ် ၂၈၆ စီး၊ ကုန်တင်ယာဉ် ၉၃ စီး၊ ခရီးသည်တင်ယာဉ် ၁၆ စီး၊ အငှားယာဉ် ၇ စီး၊ ဆီဘောက်ဆာယာဉ် ၁ စီး၊ ထော်လာဂျီ ၁ စီး၊ သုံးဘီးဆိုင်ကယ် ၆ စီး၊ ဆိုင်ကယ် ၈၉၇ စီး၊ ဘတ္တရီ ဆိုင်ကယ် ၄ စီး၊ စက်ဘီး ၁၄ စီး၊ စက်လှေ ၄ စီးတို့ကို သိမ်းဆည်းခဲ့ပြီး ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားများနှင့် လူတန်းစားအလွှာအသီးသီး ဖမ်းဆီးရမိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **လက်နက်ခဲယမ်းပါဝင်သော မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု**။ ၂၀၂၃ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုနှင့် အခြားအမှု စုစုပေါင်း ၃၈ မှုမှ သိမ်းဆည်းရမိလက်နက်ခဲယမ်းများမှာ ခြောက်လုံးပြူး ၂ လက်၊ ပစ္စတို ၃၈ လက်၊ သေနတ်အရှည် ၄၆ လက်၊ တစ်လုံးထိုးပြောင်းချောသေနတ် ၂ လက်၊ ၁၂ ဗိုပြောင်းချော ၃ လက်၊ လုပ်သေနတ် ၆ လက်၊ လေသေနတ် ၃ လက်၊ လက်ပစ်ဗုံး ၁၅ လုံး၊ လက်လက်မိုင်း ၃၂ လုံး၊ ကျည်မျိုးစုံ ၄၂၆၁၀ တောင့်၊ ကျည်အိမ်မျိုးစုံ ၁၁၅ ခု၊ ဒီတိုနေတာ ၈၀၇၀၅၀ ခုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပါသည်။

( ခ ) **မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားဖမ်းဆီးရမိမှု**။ ၂၀၂၃ ခုနှစ်အတွင်း မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားဖမ်းဆီးရမိမှုအနေဖြင့် တရုတ်နိုင်ငံသား ၆ မှု၊ တရားခံ ၇ ဦး၊ ထိုင်းနိုင်ငံသား ၉ မှု၊ တရားခံ ၁၅ ဦး၊ အိန္ဒိယနိုင်ငံသား ၃ မှု၊ ၃ ဦး ၊ ထိုင်ဝမ်နိုင်ငံသား ၂ မှု၊ ၂ ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား ၁ မှု၊ တရားခံ ၁ ဦး၊ Mozambique နိုင်ငံသား ၁ ဦး၊ လာအိုနိုင်ငံသား ၁ မှု၊ တရားခံ ၁ ဦး၊ စုစုပေါင်း ၂၂ မှု၊ တရားခံ ၃၀ ဦး တို့အား ဖမ်းဆီးရမိခဲ့ပါသည်။

( ဂ ) **လူထုလူတန်းစား အလွှာအသီးသီး ဖမ်းဆီးရမိမှု**။ ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများအနက် အသက် ၁၈ နှစ်အောက်လူငယ် ၁၀၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ ၉ ဦး၊ ကျောင်းသားလူငယ် ၄ ဦး၊ မြို့ပြ ဝန်ထမ်း ၁၇ ဦး၊ ရဲတပ်ဖွဲ့ဝင် ၈ ဦး၊ တပ်မတော်သား ၁၁ ဦး၊ သံဃာ ၈ ပါး၊ အကျဉ်းသား ၆ ဦး၊ နိုင်ငံခြားသား ၃၀ ဦး၊ စုစုပေါင်း ၁၉၃ ဦး တို့အား အရေးယူထားရှိပါသည်။

၅။ ၂၀၂၃ ခုနှစ်အတွင်း ဘိန်းဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တစ်နိုင်ငံလုံးဖမ်းဆီးရမိမှု၏ ၅၁.၇ % ကို ဘိန်းအများဆုံးစိုက်ပျိုးရာဒေသဖြစ်သော ရှမ်းပြည်နယ်တွင်လည်းကောင်း၊ ၂၆.၈ % ကို မန္တလေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၁၂.၆ % ကို ကချင်ပြည်နယ်တွင်လည်းကောင်း၊ ၈.၇ % ကို စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၀၈ %ကို မကွေးတိုင်းဒေသကြီးတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

၆။ ၂၀၂၃ ခုနှစ်အတွင်း ဘိန်းဖြူ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ဘိန်းဖြူအများဆုံး ထွက်ရှိရာဒေသမှာ ရှမ်းပြည်နယ်ဖြစ်ပြီး တစ်နိုင်ငံလုံးဖမ်းဆီးရရှိမှု၏ ၄၄.၄၉ % ကို ရှမ်းပြည်နယ်တွင်လည်းကောင်း၊ ၃၉.၀၅ % ကို




မန္တလေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၈.၇၃ %ကို ကချင်ပြည်နယ်တွင်လည်းကောင်း၊ ၆.၉ % ကို စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၁.၄၄ % ကို ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း၊ ၁.၃၃ %ကို နေပြည်တော်ပြည်ထောင်စုနယ်မြေတွင်လည်းကောင်း၊ ၁.၀၀၄ %ကို ကရင်ပြည်နယ်တွင်လည်းကောင်း၊ ၁.၀၁၅ % ကို တနင်္သာရီတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၁.၀၀၁ % ကို ပဲခူးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၁.၀၀၁ % ကို ဧရာဝတီတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၁.၀၀၄ % ကို မကွေးတိုင်းဒေသကြီးတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။ ဘိန်းဖြူ အများဆုံးထွက်ရှိရာ ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ကိုဖြတ်၍ ကချင်ပြည်နယ်သို့လည်းကောင်း၊ အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မှ ထိုင်းနိုင်ငံသို့လည်းကောင်း၊ ကရင်ပြည်နယ်၊ မြဝတီမှ ထိုင်းနိုင်ငံသို့လည်းကောင်း၊ တာချီလိတ်-ဝမ်ပုံမှတစ်ဆင့် လာအိုနိုင်ငံသို့လည်းကောင်း လျှို့ဝှက်သယ်ဆောင်ရောင်းဝယ်ကြပါသည်။

၇။ ၂၀၂၃ ခုနှစ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှုဖြစ်စဉ်များအရ စိတ်ကြွရူးသွပ်ဆေးပြားများသည် ရှမ်းပြည်နယ်၊ တရုတ်-မြန်မာနယ်စပ်ဒေသနှင့် ထိုင်း-မြန်မာနယ်စပ်ဒေသတို့မှ အများဆုံးထွက်ရှိလျက်ရှိသည်ကို စိစစ်တွေ့ရှိရပြီး နည်းလမ်းပုံစံမျိုးစုံဖြင့် ပြည်တွင်း/ ပြည်ပနိုင်ငံ များသို့ သယ်ဆောင်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်နှင့် မိုင်းဆတ်မြို့နယ် တို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ သယ်ဆောင်သည့်အပြင် ပြည်တွင်းကိုဖြတ်၍ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်မှတစ်ဆင့်လည်း ထိုင်းနိုင်ငံသို့ လမ်းကြောင်းပြောင်းလဲသယ်ဆောင်ကြပါသည်။ ၎င်းအပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စိတ်ကြွရူးသွပ်ဆေးပြားများကို မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်း

ဒေသကြီးတို့မှတစ်ဆင့် စစ်တွေမြို့နယ်နှင့် မောင်တောမြို့နယ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့လည်းကောင်း သယ်ဆောင်ရောင်းဝယ်မှုများပြုလုပ်ကြောင်း သိရှိရပါသည်။ ၂၀၂၃ ခုနှစ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှု၌ တစ်နိုင်ငံလုံးဖမ်းဆီးရမိမှု၏ ၅၉.၀၇ % ကို ရှမ်းပြည်နယ်တွင် လည်းကောင်း၊ ၂၅.၅ % ကို မန္တလေးတိုင်းဒေသကြီးတွင် လည်းကောင်း၊ ၈.၀၂ % ကို ရန်ကုန်တိုင်း ဒေသကြီးတွင်လည်းကောင်း၊ ၁.၉၄ % ကို နေပြည်တော် ပြည်ထောင်စုနယ်မြေတွင်လည်းကောင်း၊ ၁.၁၄ % ကို ပဲခူးတိုင်းဒေသကြီးတွင် လည်းကောင်း၊ ၀.၉၇ % ကို တနင်္သာရီတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၈၈ % ကို ကချင်ပြည်နယ်တွင်လည်းကောင်း၊ ၀.၈၇ % ကို မွန်ပြည်နယ်တွင်လည်းကောင်း၊ ၀.၇၇ % ကို ရခိုင်ပြည်နယ်တွင်လည်းကောင်း၊ ၀.၆၃ %ကို စစ်ကိုင်း တိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၁၀၃ % ကို ကရင်ပြည်နယ်တွင်လည်းကောင်း၊ ၀.၀၂၉ % ကို မကွေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၀၂ % ကို ဧရာဝတီတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၀၁၃ % ကို ကယားပြည်နယ်တွင် လည်းကောင်း၊ ၀.၀၀၀၀၃ % ကို ချင်းပြည်နယ်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

၈။ ၂၀၂၃ ခုနှစ်အတွင်း အိုက်စ်(မက်သ်အဖက်တမင်း) ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ရှမ်းပြည်နယ်မှ ထွက်ရှိသော အိုက်စ်(မက်သ်အဖက်တမင်း) များကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှတစ်ဆင့် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံသို့လည်းကောင်း၊ ပြည်တွင်းကိုဖြတ်၍ မွန်ပြည်နယ်၊ ကရင်ပြည်နယ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ လည်းကောင်း၊ ပင်လယ်ရေကြောင်းကိုအသုံးပြု၍ မလေးရှားနိုင်ငံသို့လည်းကောင်း တရားမဝင်သယ်ဆောင် လျက်ရှိကြောင်း သိရှိရပါသည်။ ၂၀၂၃ ခုနှစ်အတွင်း အိုက်စ်(မက်သ်အဖက်တမင်း) ဖမ်းဆီးရမိမှုများအရ တစ်နိုင်ငံလုံးဖမ်းဆီးရမိမှု၏ ၂၈.၉၉ % ကို မန္တလေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၂၅.၄၄ % ကို တနင်္သာရီတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၁၆.၈၅ % ကို ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း၊ ၁၄.၉၆ % ကို ရှမ်းပြည်နယ်တွင်လည်းကောင်း၊ ၁၁.၆၉ % ကို ရခိုင်ပြည်နယ်တွင်လည်းကောင်း၊ ၁.၈၃ % ကို မွန်ပြည်နယ်တွင်လည်းကောင်း၊ ၀.၁၈ % ကို ပဲခူးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၀၂၁ % ကို ကရင်ပြည်နယ်တွင်လည်းကောင်း၊ ၀.၀၀၅ % ကို ကယားပြည်နယ်တွင်လည်းကောင်း၊ ၀.၀၀၄၆ % ကို စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၀.၀၀၃ % ကို နေပြည်တော်ပြည်ထောင်စုနယ်မြေတွင် လည်းကောင်း၊ ၀.၀၀၀၀၀၃ % ကို ဧရာဝတီတိုင်းဒေသကြီးတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

၉။ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းအဖြစ် ၇၀% ပါဝင်သော ကဖင်းကို မြန်မာနိုင်ငံ၏အရှေ့ဘက် ထိုင်း၊ လာအိုနယ်စပ်တစ်လျှောက်တွင် အများဆုံး ဖမ်းဆီးရမိခဲ့ ပါသည်။ ကဖင်းဖမ်းဆီးမှုများကြောင့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်မှုအဆင့်သို့ မရောက်အောင် ထိထိရောက်ရောက် တားဆီးနိုင်ခဲ့ပါသည်။ အိုက်စ်(မက်သ်အဖက်တမင်း)ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်း ဖြစ်သော အက်ဖီဒရင်း တင်သွင်းမှုမရှိတော့ဘဲ ထိန်းချုပ်ထားခြင်းမရှိသော ဓာတုပစ္စည်းများမှတစ်ဆင့်

အက်ဖီဒရင်းရရှိအောင် ပြုပြင်ပြောင်းလဲထုတ်လုပ်လျက်ရှိကြောင်း ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ သုံးသပ်ရရှိပါသည်။

၁၀။ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများထုတ်လုပ်ရာတွင် အဓိက ကုန်ကြမ်းဖြစ်သော P2P ထိန်းချုပ်ဓာတုပစ္စည်းကို ဘက်ပေါင်းစုံမှ ထိန်းချုပ်ကန့်သတ်ထားသဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်သူများသည် ဆိုဒီယမ်ဆိုင်ရာနိုက်များကို P2P ရရှိအောင် ထုတ်လုပ်နေကြသဖြင့် ဆိုဒီယမ်ဆိုင်ရာနိုက်များကို မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်တင်သွင်းလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် ၂၃၅၅၀ ကီလို၊ ၂၀၁၉ ခုနှစ်တွင် ၄၆၄၀ ကီလို၊ ၂၀၂၀ ပြည့်နှစ်တွင် ၁၀၇၈၇၀ ကီလို၊ ၂၀၂၁ ခုနှစ်တွင် ၄၈၆၂၀ ကီလို၊ ၂၀၂၂ ခုနှစ်တွင် ၁၅,၄၀၀ ကီလို ဖမ်းဆီးရမိခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် ၁၁၃၅ ကီလိုသာ ဖမ်းဆီးရမိခဲ့ပါသည်။ သို့ရာတွင် ဆိုဒီယမ်ဆိုင်ရာနိုက်ကဲ့သို့ P2P Method နဲ့ ဓာတုကုန်ကြမ်းအဖြစ် ပြောင်းလဲအသုံးပြုထုတ်လုပ်နိုင်သည့် ဘင်ဇိုင်းဆိုင်ရာနိုက် ၆၇၁၄၀ လီတာ ဖမ်းဆီးရမိခဲ့ပါသည်။ ဘင်ဇိုင်းဆိုင်ရာနိုက်ဟာ ဆိုဒီယမ်ဆိုင်ရာနိုက်နည်းတူ P2P Method နဲ့ မက်သ်အဖက်တမင်း ထုတ်လုပ်နိုင်ကြောင်း တွေ့ရှိရပါသည်။ ဖမ်းဆီးရမိမှုများအရ တစ်နိုင်ငံလုံးဖမ်းဆီးရမိမှု၏ ၂၉.၁ % ကို ပဲခူးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ၂၈.၅၉ % ကို ရှမ်းပြည်နယ်တွင် လည်းကောင်း၊ ၂၆.၈၃ % ကို ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း၊ ၁၅.၄၆ % ကို မန္တလေးတိုင်းဒေသကြီးတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

၁၁။ ၂၀၂၃ ခုနှစ်တွင် မူးယစ်ဆေးဝါးအမှုပေါင်း ၆၅၃၉ မှု၊ တရားခံပေါင်း ၈၈၅၃ ဦး ဖမ်းဆီး အရေးယူနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် မူးယစ်ဆေးဝါးအမှုပေါင်း ၆၇၅၉ မှု၊ တရားခံပေါင်း ၉၆၀၀ ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့သဖြင့် ၂၀၂၂ ခုနှစ်ထက် အမှုပေါင်း ၂၂၀ မှုနှင့် တရားခံပေါင်း ၇၄၇ ဦး လျော့နည်းဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် ဘိန်းဖြူအမှုပေါင်း ၉၄၈ မှု၊ စိတ်ကြွရူးသွပ်ဆေးပြား အမှုပေါင်း ၄၂၇၀ မှု ဖမ်းဆီးနိုင်ခဲ့သည်ကို တွေ့ရှိရသဖြင့် ဘိန်းဖြူအမှုသည် မူးယစ်ဆေးဝါးပြစ်မှုများ၏ ၁၄.၄၉ % နှင့် စိတ်ကြွရူးသွပ်ဆေးပြားအမှုများသည် မူးယစ်ဆေးဝါးပြစ်မှုများ၏ ၆၅.၃ % ရှိသည်ကို တွေ့ရှိရပါသည်။

**ဘိန်း/ဘိန်းညိုမှုန့်ဖမ်းဆီးမှု**

၁၂။ ၂၀၂၃ ခုနှစ်အတွင်း ဘိန်း ၇၀ မှု၊ ၅၈၁.၂၅၂၆၈ ကီလို၊ ဘိန်းညိုမှုန့် ၃ မှု၊ ၂၅၉.၃၇ ကီလိုဖမ်းဆီးရမိခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်း ဘိန်း ၁၀၁ မှု၊ ၁၂၀၉.၇၇၀၇၄ ကီလို၊ ဘိန်းညိုမှုန့် ၁ မှု၊ ၆၁.၀၃ ကီလို ဖမ်းဆီးရမိခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် ဘိန်းဖမ်းဆီးမှုသည် ၂၀၂၂ ခုနှစ် ဘိန်းဖမ်းဆီးမှုထက် အမှု ၃၁ မှု၊ ၆၂၈.၅၁၈ ကီလိုကျော် လျော့နည်းခဲ့သော်လည်း ဘိန်းညိုမှုန့်ဖမ်းဆီးရမိမှုသည် အမှု ၂ မှု၊ ၁၉၈.၃၄ ကီလို ပိုမိုဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရပါသည်။

၁၃။ ၂၀၂၃ ခုနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဘိန်းဖမ်းဆီးမှုအနေဖြင့် ရှမ်းပြည်နယ်တစ်ခုလုံးတွင် ၃၇ မှု၊ ၃၀၀.၆၅၆၈၂ ကီလို၊ မန္တလေးတိုင်းဒေသကြီးတွင် ၉ မှု၊ ၁၅၅.၈ ကီလို၊ ကချင်ပြည်နယ်တွင်




၁၂ မှု၊ ၇၃.၂၃၉ ကီလို၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄ မှု၊ ၅၁.၀၈၇ ကီလို၊ မကွေးတိုင်းဒေသကြီးတွင် ၈ မှု၊ ၀.၄၆၉၈၆ ကီလို ဖမ်းဆီးနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

၁၄။ ၂၀၂၃ ခုနှစ်အတွင်း ဘိန်းနှင့် ဘိန်းညှိမှုန့် ၄၀ ကီလိုနှင့်အထက် ဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်များမှာ ၁၆-၂-၂၀၂၃ ရက်နေ့တွင် လွိုင်လင်မြို့နယ်တွင် ဘိန်းညှိမှုန့် ၂၄၇ ကီလိုနှင့် ပစ္စတို သေနတ် ၃ လက်၊ ၆-၁၁-၂၀၂၃ ရက်နေ့တွင် ပင်လောင်းမြို့နယ်၌ ဘိန်း ၃၉.၆ ကီလို ၊ ၂၁-၁၂-၂၀၂၃ ရက်နေ့တွင် သာစည်မြို့နယ်၌ ဘိန်း ၄၅.၅ ကီလိုတို့ဖြစ်ပါသည်။

## ဘိန်း/ဘိန်းညှိမှုန့် သယ်ဆောင်ရာ လမ်းကြောင်း

၁၅။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ရှမ်းပြည်နယ်မှထွက်ရှိသော ဘိန်းနှင့် ဘိန်းညှိမှုန့်များကို အောက်ပါ လမ်းကြောင်းများအတိုင်း သယ်ဆောင်လေ့ရှိကြောင်း စိစစ်တွေ့ရှိရပါသည် -

(က) နမ့်စန်မြို့နယ်၊ ပန်လင်းဆိုင်ကျေးရွာ(မက်ကျန်းဒေသ)မှ လွိုင်လင်-ပင်လုံ-လဲချားလမ်းအတိုင်း မိုင်းနောင်၊

( ခ ) တန့်ယန်းမြို့နယ်၊ မိုင်းမားကျေးရွာမှ ပန်လော့-မိုင်းယော်-မိုင်းယန်း-မိုင်းတင်း- တာပုံ- နာဖ- ဟိုပိတ်- ရေပူ- သိန္နီ- မန်ပြိန်း- ကွတ်ခိုင်လမ်းကြောင်းအတိုင်း တာမိုးညဲမြို့၊

( ဂ ) မိုင်းရယ်မြို့နယ်၊ မိုင်းရယ်-သီပေါသွား ကားလမ်းပေါ်ရှိ ပန်ဟိုက်ကျေးရွာအနီးမှ မန်စန့်- နောင်မို- လားရှိုး- သိန္နီ-ကွတ်ခိုင်-မူဆယ်၊

(ဃ) ဖယ်ခုံ- နောင်တရား - တောင်ကြီး- သာစည်- မိတ္ထီလာလမ်း(လမ်းဟောင်းအတိုင်း) မန္တလေး- မြစ်ကြီးနား-ဖားကန့်၊

( င ) ပင်လောင်းမြို့မှ ကလော- ယင်းမာပင်- ကျွဲတပ်ဆုံ- သာစည်- မိတ္ထီလာ- ကျောက်ဆည်- မန္တလေး-စစ်ကိုင်း-ရွှေဘို လမ်းကြောင်းအတိုင်း အင်းတော်၊

( စ )  ပင်လောင်းမြို့နယ်၊ လူဖဲခြမ်းကျေးရွာမှ တီကျစ်- အောင်ပန်း- ကလော- သာစည် - မန္တလေး၊

(ဆ)  ဖယ်ခုံမြို့နယ်မှ ပင်လောင်း - လိန်းလီ - တပ်ကုန်း၊

( ဇ )  တောင်ကြီးမှ အောင်ပန်း- ကလော- ပျော်ဘွယ်- မိတ္ထီလာ- လမ်းဟောင်းအတိုင်း မန္တလေး။

## ဘိန်းဖြူဖမ်းဆီးမှု

၁၆။  ၂၀၂၃ ခုနှစ်တွင် ဘိန်းဖြူ ၉၄၈ မှု၊ ၁၈၇၃.၃၆၂၉၉၃ ကီလို ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဘိန်းဖြူ ဖမ်းဆီးမှုမှာ ၁၁၁၈ မှု၊ ၁၃၄၅.၄၉၈၁၄၈ ကီလိုဖမ်းဆီးရမိခဲ့သဖြင့် ၂၀၂၃ ခုနှစ်တွင် ၂၀၂၂ ခုနှစ်ထက် ၁၇၀ မှု လျော့နည်းခဲ့သော်လည်း ဖမ်းဆီးရမိပမာဏမှာ ၅၂၇.၈၆၄၈ ကီလိုကျော် ပိုမိုဖမ်းဆီးရမိခဲ့ကြောင်း တွေ့ရှိရပါသည်။




၁၇။  ၂၀၂၃ ခုနှစ်တွင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဘိန်းဖြူဖမ်းဆီးမှုအနေဖြင့် ရှမ်းပြည်နယ်၌ ၁၇၀ မှု၊ ၈၃၃.၆၄၀၆၁၇ ကီလို၊ ကချင်ပြည်နယ်၌ ၃၃၄ မှု၊ ၁၆၃.၆၄၃၅၆ ကီလို၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၂၈ မှု၊ ၁၂၉.၂၈၆၀၉၁ ကီလို၊ မန္တလေးတိုင်းဒေသကြီး၌ ၁၆၂ မှု၊ ၇၃၁.၇၂၉၉၃ ကီလို၊ ရန်ကုန်တိုင်းဒေသကြီး၌ ၂၆ မှု၊ ၈.၃၅၁၀၂ ကီလို၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ၌ ၁၄ မှု၊ ၆.၂၀၉၈၂ ကီလို၊ မကွေးတိုင်းဒေသကြီး၌ ၅ မှု၊ ၀.၀၉၂၃ ကီလို၊ ဧရာဝတီတိုင်းဒေသကြီး၌ ၅ မှု၊ ၀.၀၂၁၆၃ ကီလို၊ ပဲခူးတိုင်းဒေသကြီး၌ ၃ မှု၊ ၀.၀၁၈၉၈ ကီလိုနှင့် ကရင်ပြည်နယ်၌ ၁ မှု၊ ၀.၀၇၅ ကီလို ဖမ်းဆီးနိုင်ခဲ့ပါသည်။

၁၈။  ၂၀၂၃ ခုနှစ်အတွင်း ဘိန်းဖြူ ၂၀ ကီလိုနှင့်အထက် ဖမ်းဆီးရမိမှုထူးခြားဖြစ်စဉ်များမှာ နောင်ချိုမြို့နယ်၌ ၂၁-၂-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၄၈.၄ ကီလို၊ မိုင်းပန်မြို့နယ်၌ ၁၀-၃-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၂၁ ကီလို၊ ပုသိမ်ကြီးမြို့နယ်၌ ၁၄-၃-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၄၈.၄ ကီလို၊  ၁-၁၂-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၉၄.၃၈ ကီလိုနှင့် ၁၆-၁၂-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၉၄.၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃ သိန်းပြားနှင့် ဘိန်းဆီခဲ ၁ ကီလို၊ ကလေးမြို့၌ ၆-၄-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၂၂ ကီလိုနှင့် ၁၈-၁၀-၂၀၂၃

ရက်နေ့တွင် ဘိန်းဖြူ ၃၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀.၂ သိန်း၊ ပင်လောင်း မြို့နယ်၌ ၃၀-၈-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၃၁.၅ ကီလိုနှင့် ၁၆-၉-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၄၀.၉၅ ကီလို၊ တာချီလိတ်မြို့၌ ၂၈-၄-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၄၇၅.၃ ကီလိုနှင့် ၉-၇-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၄၂ ကီလို၊ Happy Water ၀.၃၁၅ ကီလိုနှင့် အက်တက်စီဆေးပြား ၂၃၅ ပြား၊ အောင်မြေသာစံမြို့နယ်၌ ၇-၅-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၂၆.၄ ကီလို၊ ရပ်စောက်မြို့နယ်၌၂၂-၅-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၆၈.၂၅ ကီလို၊ ပြည်ကြီးတံခွန် မြို့နယ်၌ ၁၅-၆-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၂၂ ကီလို၊ သာစည်မြို့နယ်၌ ၁၄-၁၀-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၃၈ ကီလို၊ မိုးညှင်း မြို့နယ်၌ ၁၄-၄-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၂၇.၇၂ ကီလိုတို့ဖြစ်ပါသည်။

**ဘိန်းဖြူ သယ်ဆောင်ရာလမ်းကြောင်း**

၁၉။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ရှမ်းပြည်နယ်မှ ဘိန်းဖြူများကို အောက်ပါလမ်းကြောင်းများအတိုင်း သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၊ ဆောင်ကြဲကျေးရွာမှ ကျောက်မဲ-နောင်ချို-ဟိုခိုကျေးရွာ-ပြင်ဦးလွင်၊

(ခ) မန္တလေးမှ စစ်ကိုင်း- ရွှေဘို- အင်းတော်- မိုးညှင်း- မိုးကောင်းလမ်းကြောင်းအတိုင်း မြစ်ကြီးနား၊

(ဂ) မူဆယ်မြို့နယ်၊ နမ့်အွမ်ကျေးရွာမှ ကွတ်ခိုင်-သိန္နီ လမ်းကြောင်းအတိုင်း လားရှိုးမြို့၊ နမ္မတူ လမ်းခွဲသို့၊

(ဃ) မိုင်းရယ် -သီပေါ- ကျောက်မဲ- နောင်ပစ်- ဂုတ်တွင်းချောင်း တောလမ်း - ဂုတ်ထိပ် - ကုန်းစံ - ရွှေပြည်ညွန့် - နောင်ချို - ပြင်ဦးလွင် -မန္တလေး၊

(င) မန္တလေး-ထီးချိုင့်-မိုးညှင်း-ဟိုပင်-မိုးကောင်း-မြစ်ကြီးနား၊

(စ) နမ့်စန်-ခိုလမ်-ကွန်ဟိန်း-ကာလိ-မိုင်းပျဉ်း-ကျိုင်းတုံ- မိုင်းဖြတ်လမ်းကြောင်းအတိုင်း တာလေမြို့အထွက်မှ လာအိုနိုင်ငံနယ်စပ်၊

(ဆ) နမ့်စန်- မိုးနဲ-လင်းခေး-မိုင်းပန်-တာဆန်း တံတားမှတစ်ဆင့် မိုင်းတုံ၊

(ဇ) မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦး-တန့်ဆည်-မဟာမြိုင်တောလမ်း-ကလေးဝ-ကလေးမြို့၊

(ဈ) မန္တလေး-မတ္တရာ-ထီးချိုင့်-အင်းတော်-မော်လူး-နန့်စီးအောင်မှတစ်ဆင့်မိုးညှင်း-မိုးကောင်း-ကာမိုင်း-ဖားကန့်၊

(ည) မန္တလေးမှ စစ်ကိုင်း-ရွှေဘို- အင်းတော်-မော်လူး-မိုးညှင်း -ဟိုပင်၊

(ဋ) ကွတ်ခိုင်မြို့နယ်၊ တက္ကနိုင်းကျေးရွာမှ တက္ကနိုင်း- တီးမ- နမ့်အွန်- နမ့်ပေါ်- တာလုံ- မော်တောင်း- ပို့င့် ၄၅၆၁ ကုန်းမှ မူဆယ်-ကျင်စန်းကျော့ လမ်းခွဲမှတစ်ဆင့် ပန်ဆိုင်း (ကြူကုတ်)၊

(ဌ) မိုင်းရယ်မြို့နယ်၊ မန်စန့်ရွာအနီးမှ ဆောင်ကြဲ-မိုင်းခေး-နမ့်လန်-ကျောက်ဂူ-အင်တော-ရပ်စောက်-ရွှေညောင်-ညောင်ရွှေ- တုံပုံး- နောင်ပီ- နန်းဖာမူ- ဖယ်ခုံ- မိုးဗြဲ၊

(ဍ) ကွတ်ခိုင်-နမ့်ခမ်း - မံဝိန်းကြီး - မံစီ လမ်းကြောင်းအတိုင်း ဗန်းမော်မြို့မှတစ်ဆင့် မြစ်ကြီးနား၊

(ဎ) ကလော - သာစည် - စဥ့်ကိုင်- မန္တလေး- စစ်ကိုင်း- ရွှေဘို- ကျောက်တန်း- မဲဇာ-အင်းတော်- မော်လူး- နန့်စီးအောင်- မိုးညှင်းမှ တစ်ဆင့် ဟိုပင်၊

(ဏ) တောင်ကြီး- အောင်ပန်း- ပင်လောင်း- လိန်းလီတံတားမှ နေပြည်တော်- တောင်ငူ-ညောင်လေးပင်- ဒိုက်ဦး- ညောင်ခါးရှည်- ကျိုက်ထို- ဘီးလင်း- သထုံ- မော်လမြိုင်-မုဒုံ- ကြာအင်းဆိပ်ကြီး လမ်းကြောင်းအတိုင်း ဘုရားသုံးဆူမြို့၊

(တ) တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့ပင်လောင်း -လိန်းလီ-ကင်းသာ-ပျဉ်းမနား-ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ဒိုက်ဦး-ဘုရားကြီး-ကျိုက်ထို -သထုံ-ဘားအံ-မြဝတီ၊

(ထ) မန္တလေးမှ မတ္တရာ- စဥ့်ကူး- ဖော့တော- တွင်းငယ်- မြတောင်-တကောင်း-မဘိမ်း။

### စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးမှု

၂၀။ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှုမှာ ၂၀၂၃ ခုနှစ်တွင် ၄၂၇၀ မှု၊ ၂၅၃.၃၄ သန်းကျော် ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၄၄၃၉ မှု၊ ၁၆၉.၀၇သန်းကျော် ဖမ်းဆီးရမိခဲ့သဖြင့် ၂၀၂၃ ခုနှစ်တွင် ဖမ်းဆီးရမိမှုသည် ၂၀၂၂ ခုနှစ် ဖမ်းဆီးမှုထက် အမှု ၁၆၉ မှု လျော့နည်းခဲ့သော်လည်း ဖမ်းဆီးရမိမှု ပမာဏ ၈၄.၂၇ သန်းကျော် ပိုမိုဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရပါသည်။

၂၁။ ၂၀၂၃ ခုနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးမှုအနေဖြင့် နေပြည်တော်ပြည်ထောင်စုနယ်မြေတွင် ၉၉ မှု၊ ၄၉၃၆၂၉၅ ပြား၊ ကချင်ပြည်နယ်တွင် ၁၄၂ မှု၊ ၂၂၅၂၈၇၄ ပြား၊ ကယားပြည်နယ်တွင် ၃၆ မှု၊ ၃၃၂၄၆ ပြား၊ ကရင်ပြည်နယ်တွင် ၂၆၆ မှု၊ ၂၆၃၀၇၁ ပြား၊ ချင်းပြည်နယ်တွင် ၁ မှု၊ ၈၀ ပြား၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄၈ မှု၊ ၁၅၉၇၅၁၆ ပြား၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၄၄၃ မှု၊ ၂၄၆၉၀၁၅ ပြား၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၂၈ မှု၊ ၂၉၀၂၈၆၅ ပြား၊ မကွေးတိုင်းဒေသကြီးတွင် ၆၀ မှု၊ ၇၃၇၉၄ ပြား၊ မန္တလေးတိုင်းဒေသကြီးတွင် ၄၃၉ မှု၊ ၆၄၆၀၃၂၄၉ ပြား၊ မွန်ပြည်နယ်တွင် ၄၈၃ မှု၊ ၂၂၁၀၂၀၀ ပြား၊ ရခိုင်ပြည်နယ်တွင် ၉၃ မှု၊ ၁၉၅၉၈၁၂ ပြား၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၇၂၄ မှု၊ ၂၀၃၃၀၃၃၁ ပြား၊ ရှမ်းပြည်နယ်တွင် ၁၀၇၁ မှု၊ ၁၄၉၆၅၈၁၃၈ ပြား၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၃၇ မှု၊ ၅၀၈၁၃၉ ပြား ဖမ်းဆီးနိုင်ခဲ့ပါသည်။

၂၂။ ၂၀၂၃ ခုနှစ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား တစ်သန်းနှင့်အထက် ဖမ်းဆီးရမိမှုထူးခြားဖြစ်စဉ်များမှာ မြစ်ကြီးနားမြို့နယ်၌ ၁၁-၁-၂၀၂၃ ရက်နေ့တွင် ဘိန်းဖြူ ၀.၇၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား

၁၁.၄ သိန်း၊ မိုင်းဆတ်မြို့နယ်၌ ၂၂-၁-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆.၅ သန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၁၉၂ ကီလိုနှင့် လက်နက်ခဲယမ်းများ၊ ၂၀-၂-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆.၅ သန်း၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၁၀၀ ဂရမ်နှင့် လက်နက် ခဲယမ်းများ၊ ၁၉-၁၀-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃.၁၉ သန်း နှင့် လက်နက်ခဲယမ်းများ၊ တာချီလိတ်မြို့နယ်၌ ၁၃-၂-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၇.၄ သန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၅၈၀ ကီလို၊ ကဖင်း ၄ တန်၊ Vanillin ၁၃၀ ကီလိုနှင့် အနံ့ဆေးရည် ၄၀ လီတာ၊ ၄-၃-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀.၁၇ သန်း၊ ၅-၉-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈.၇၈ သိန်း ၊ ကက်တမင်း ၂၂၃ ကီလို၊ အိုက်စ်(မက်သ်အဖက်တမင်း) ၂၆၇ ကီလို၊ HAPPY-5 ဆေးပြား ၄၉၀၀ ပြား၊ ပါကင်ပိတ်စက် ၁ လုံးနှင့် အခြောက်ခံ စက် ၁ လုံး၊ ၇-၁၂-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၃.၆၈ သန်း၊




၉-၁၂-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆.၁ သန်းနှင့် စိတ်ကြွအကြေ ၃၆၃ ကီလိုနှင့် ဆေးပြားရိုက်စက် ၂ လုံး၊ နောင်ချိုမြို့နယ်၌ ၈-၃-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁.၁ သန်း၊ ၁၈-၉-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၂.၅၅ သန်း၊ ရန်ကုန်မြို့၌ ၃၀-၃-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃.၂ သန်း၊ ၂၁-၄-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄.၆၁၃၄ သန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၆၀ ကီလိုနှင့် အက်တက်စီဆေးပြား ၃၁၀ ပြား၊ ၂၁-၁၀-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁.၃၅ သန်း၊ လှိုင်လင်မြို့နယ်၌ ၂၁-၆-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁ သန်း၊ မန္တလေးမြို့၌ ၂၁-၆-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁.၂ သန်း၊ ၁၂-၁၁-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄.၅ သန်း၊ တောင်ကြီးမြို့နယ်၌ ၁၁-၁၀-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃ သန်းနှင့် လက်နက်ခဲယမ်းများ၊ ၁၅-၁၂-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁.၅ သန်း၊ ပင်လောင်းမြို့နယ်၌ ၉-၁၁-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁ သန်း၊ ၁၄-၁၁-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁.၂၅ သန်း ၊ မန္တလေးမြို့၌ ၂-၁၂-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁.၈ သန်း၊

၁၅-၁၂-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄.၅၁၄ သန်း၊ အိုက် ၁၂၀ ကီလိုနှင့် ဘိန်းဖြူ ၄.၀၇ ကီလို၊ မိတ္ထီလာမြို့နယ်၌ ၁၉-၄-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆.၁၈ သန်း၊ ကက်တမင်း ၁၀ ကီလိုနှင့် Happy Water ၄.၁၂ ကီလို၊ ရေဖြူမြို့နယ်၌ ၁၀-၃-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀.၃ သိန်းနှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၂ ကီလို၊ ကျိုက်ထိုမြို့နယ်၌ ၃၀-၁၀-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂.၆၈ သန်း၊ လယ်ဝေးမြို့နယ်၌ ၁-၁၂-၂၀၂၃ ရက်နေ့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄.၂ သန်း တို့ဖြစ်ပါသည်။

## စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်ရာလမ်းကြောင်း

၂၃။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ရှမ်းပြည်နယ်မှ စိတ်ကြွရူးသွပ်ဆေးပြားများကို အောက်ပါ လမ်းကြောင်းများအတိုင်း သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်း-မိုင်းနောင်-လဲချား-ပင်လုံအတိုင်း တောင်ကြီး၊

(ခ) တောင်ကြီး-ဟဲဟိုး-အောင်ပန်း-ပျော်ဘွယ်-တောင်ငူ-ဒိုက်ဦး-ပဲခူး-ရန်ကုန်၊

(ဂ) မိုင်းပျဉ်း-ကျိုင်းတုံ-တာလေ-မယ်ယန်း-တာချီလိတ်၊

(ဃ) ကွတ်ခိုင်- သိန္နီ- လားရှိုး - သီပေါ - ကျောက်မဲ - နောင်ချို- ပြင်ဦးလွင်- ပုသိမ်ကြီး-မန္တလေး၊

(င) ရန်ကုန်-ပဲခူး-ဝေါ-ကျိုက်ထို-သထုံ-မော်လမြိုင်-ရေးမှတစ်ဆင့် ထားဝယ်၊

(စ) အေးသာယာ- ကလော- ယင်းမာပင်- X-Ray (ကျွဲတပ်ဆုံ) ရှောင်ကွင်းလမ်း- ပျော်ဘွယ်မှ တစ်ဆင့် မန္တလေး၊

(ဆ) တောင်ကြီး- အေးသာယာ- အောင်ပန်း- ကလော- မိတ္ထီလာ- ပျော်ဘွယ်မှတစ်ဆင့် ရန်ကုန်- မန္တလေး အမြန်လမ်းအတိုင်း ဘုရားကြီးလမ်းဆုံ- ညောင်ခါးရှည်- ကျိုက်ထို- သထုံ- ဘားအံ- မြဝတီ၊

(ဇ) သီပေါ-မိုင်းရယ်သွားလမ်း၊ စိန်ကြော့ကျေးရွာအနီးမှ မိုင်းရယ်-နောင်မို-နမ့်မခေါ်-နန့်ပေါင်- လားရှိုး၊

(ဈ) ကာလိမြို့မှ ကွန်ဟိန်း-ခိုလမ်-နမ့်စန်-လွိုင်လင်-မိုင်းပွန်- ဟိုပုံး၊

(ည) မိုင်းရှူး- မိုင်းနောင်- ပင်လုံ- ကျောက်တန်း- ဟိုပုံး- တောင်ကြီး- ရွှေညောင်-ရပ်စောက်- နောင်ချို- မိုးကုတ်- မန္တလေး- တံတားဦး- အမြန်လမ်း- ဘုရားကြီး- ဝေါ-ကျိုက်ထို- ဘီးလင်း-သထုံ-ဘားအံ၊

(ဋ) တောင်ကြီး- မန္တလေး- ရန်ကုန်အမြန်လမ်းမှတစ်ဆင့် ဘားအံမြို့နှင့် မြဝတီမြို့၊

(ဌ) ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းကျေးရွာမှ မိုင်းနောင်-ခိုလမ်-နမ့်စန်- လွိုင်လင်-တောင်ကြီး- ညောင်ရွှေ- ပင်လောင်း- လိန်းလီ- တပ်ကုန်း- လယ်ဝေး- ရန်ကုန်-မန္တလေး (အမြန်လမ်း) အတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊

( ဌ ) ရမည်းသင်းမြို့နယ်၊ ဇလုံချောင်း- ဝါးဖြူတောင်ကျေးရွာ- ငါးတဲစုကျေးရွာ-ချင်းစုကျေးရွာ- မကျည်းပင်ကျေးရွာမှ တပ်ကုန်းမြို့နယ်၊ ညောင်ကိုင်းကျေးရွာအုပ်စု၊ ချောင်းဝကျေးရွာ၊

( ဎ ) ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းကျေးရွာမှ တန့်ယန်း- လားရှိုး- ကွတ်ခိုင်- နမ့်ဖတ်ကာ- နမ့်ခမ်းမြို့မှ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့၊

(ဏ) တောင်ကြီး- အောင်ပန်း- ပင်လောင်း- လိန်းလီ- တပ်ကုန်း- နေပြည်တော်မှ အမြန်လမ်း အတိုင်း ရန်ကုန်မြို့အဝင် (၁) မိုင်တွင် လက်ခံရယူပြီး ရန်ကုန်- ဘုရားကြီး- ကျိုက်ထို- မော်လမြိုင်- ရေး-ထားဝယ်-မြိတ်၊

(တ) မိုင်းဆတ်မြို့နယ်၊ ဆိုက်ခေါင်ကျေးရွာအုပ်စု၊ ဝမ်ဟုန်ကျေးရွာမှ မိုင်းဆတ်-တာချီလိတ် ကားလမ်းအတိုင်း မိုင်းဆတ်မြို့နယ်၊ မိုင်းထလန်းကျေးရွာအုပ်စု၊ နားယောင်းကျေးရွာ၊

(ထ) နမ့်စန် - တောင်ကြီး - အောင်ပန်း - ပင်လောင်းလမ်းခွဲ - တီကျစ် - ပင်လောင်း - လိန်းလီ-နေပြည်တော်လမ်းဟောင်းအတိုင်း တောင်ငူ - ကျွဲပွဲ - ဘုရားကြီး - စစ်တောင်း - ကျိုက်ထို - သထုံ-ဘားအံမှ တဆင့် ကော့ကရိတ်၊

( ဒ ) နမ့်စန်မြို့နယ်၊ မတ်ကျန်းဒေသမှ လွိုင်လင်- တောင်ကြီး- အောင်ပန်း- ပင်လောင်း- နေပြည်တော်-အမြန်လမ်းမကြီးအတိုင်း ရန်ကုန် (၁) မိုင်၊

( ဓ ) ကာလိမှ နမ့်စန်- လွိုင်လင်- ဟိုပုံး- တောင်ကြီး- ရွှေညောင်- အောင်ပန်း -ပင်လောင်း- တပ်ကုန်း မြို့မှတစ်ဆင့် အမြန်လမ်းမကြီးအတိုင်း မန္တလေး။

**အိုက်စ် (မက်သ်အဖက်တမင်း) ဖမ်းဆီးမှု**

၂၄။ အိုက်စ်(မက်သ်အဖက်တမင်း)ဖမ်းဆီးရမိမှုမှာ ၂၀၂၃ ခုနှစ်တွင် ၁၁၇ မှု၊ ၁၇၈၂၉.၃၄၄၇၆ ကီလို ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၁၇၅ မှု၊ ၂၃၄၀၁.၉၁၉၈ ကီလို ဖမ်းဆီးရမိခဲ့သဖြင့် ၂၀၂၃ ခုနှစ် ဖမ်းဆီး ရမိမှုသည် ၂၀၂၂ ခုနှစ် ဖမ်းဆီးရမိမှုထက် အမှု ၅၈ မှု၊ အလေးချိန် ၅၅၇၂.၅၇၅၀၄ ကီလို လျော့နည်းဖမ်းဆီး ရမိသည်ကို တွေ့ရှိရပါသည်။

၂၅။ ၂၀၂၃ ခုနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အိုက်စ်(မက်သ်အဖက်တမင်း) ဖမ်းဆီးရမိမှု အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၃၄ မှု၊ ၄၅၃၅.၇၅၀၂၇ ကီလို၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၇ မှု၊ ၃၀၀၄.၄၄၃၉၁ ကီလို၊ ရှမ်းပြည်နယ်တွင် ၁၇ မှု၊ ၂၆၆၈.၄၃၁ ကီလို၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂ မှု၊ ၅၁၆၉.၀၇၆၆ ကီလို၊ မွန်ပြည်နယ်တွင် ၁၂ မှု၊ ၃၂၆.၄၄၉၂၃ ကီလို၊ ရခိုင်ပြည်နယ်တွင် ၆ မှု၊ ၂၀၈၅.၄၄၄၃ ကီလို၊ ပဲခူးတိုင်းဒေသကြီးတွင် ၄ မှု၊ ၃၃.၅၀၂၅၅ ကီလို၊ ကရင်ပြည်နယ်တွင် ၃ မှု၊ ၃.၈၁၀၂ ကီလို၊ ကယား ပြည်နယ်တွင် ၁ မှု၊ ၁ ကီလို၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁ မှု၊ ၀.၈၃ ကီလို၊ နေပြည်တော်ပြည်ထောင်စု နယ်မြေတွင် ၀.၆၀၆ ကီလို၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၀.၀၀၀၇ ကီလို တို့ဖြစ်ပါသည်။




၂၆။ ၂၀၂၃ ခုနှစ်အတွင်း အိုက်စ်(မက်သ်အဖက်တမင်း) ဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်များမှာ သံတွဲမြို့နယ်၌ ၄-၂-၂၀၂၃ ရက်နေ့တွင် အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၈၅ ကီလို၊ မြန်မာ-အိန္ဒိယ အမှတ်(၂)ပွိုင့်၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ မြန်မာရေပိုင်နက်အတွင်း၌ ၅-၂-၂၀၂၃ ရက်နေ့တွင် အိုက်စ်(မက်သ်အဖက်တမင်း) ၁၉၁၀ ကီလို၊ မြန်မာ-အိန္ဒိယ အမှတ်(၁)ပွိုင့်၏ အရှေ့မြောက်ဘက် ၂၁ မိုင်ခန့်အကွာ၊ ကော့သောင်းမြို့၏ အနောက်တောင်ဘက် ၁၅၇ မိုင်ခန့်အကွာ မြန်မာရေပိုင်နက်အတွင်း၌ ၃၀-၁၀-၂၀၂၃ ရက်နေ့တွင် အိုက်စ်(မက်သ်အဖက်တမင်း) ၂၆၀၀ ကီလို၊ သာစည်မြို့နယ်၌ ၄-၃-၂၀၂၃ ရက်နေ့တွင် အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀၀ ကီလို၊ ၁၃-၈-၂၀၂၃ ရက်နေ့တွင် အိုက်စ် (မက်သ်အဖက်တမင်း) ၃၀၀၄.၈ ကီလိုနှင့် စိတ်ကြွဆေးပြား ၃၀.၈၆ သန်း၊ နောင်ချိုမြို့နယ်၌ ၅-၆-၂၀၂၃ ရက်နေ့တွင် အိုက်စ်(မက်သ်အဖက်တမင်း) ၇၀၅ ကီလို၊ ကက်တမင်း ၁ ကီလိုနှင့် ဘိန်းဖြူ ၀.၇ ကီလို၊ ရွာငံမြို့နယ်၌ ၃-၁၂-၂၀၂၃ ရက်နေ့တွင် အိုက်စ် (မက်သ်အဖက်တမင်း) ၂၀၇၀ ကီလိုတို့ ဖြစ်ပါသည်။

## အိုက်စ် (မက်သ်အဖက်တမင်း) သယ်ဆောင်ရာလမ်းကြောင်း

၂၇။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ရှမ်းပြည်နယ်မှ အိုက်စ် (မက်သ်အဖက်တမင်း) များကို အောက်ပါ လမ်းကြောင်းများအတိုင်း သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) ရန်ကုန်-ငါးသိုင်းချောင်း-ရေနံ့သာ-ဂွ-သစ်ငုတ်တို့ကျေးရွာအုပ်စု၊ စိန်တဲကျေးရွာ၊ ဆိပ်ကြီး လှေဆိပ်မှတစ်ဆင့် စက်လှေဖြင့် မလေးရှားရေပိုင်နက်၊

(ခ) ရခိုင်ပြည်နယ်၊ အမ်းမြို့၊ အမ်းချောင်းမှတစ်ဆင့် စက်လှေဖြင့် မလေးရှားရေပိုင်နက်၊

(ဂ) သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာမှ ကျောက်ဂူ-ရပ်စောက်-ရွှေညောင် -အောင်ပန်း-ကလော-မိတ္ထီလာမှ လမ်းဟောင်းအတိုင်း ရန်ကုန်၊

(ဃ) တောင်ငူမြို့မှ ရန်ကုန်-မန္တလေးအမြန်လမ်း- ဘုရားကြီး- ဝေါ- ညောင်ခါးရှည်- မရမ်းချောင်- ကျိုက်ထို-သထုံလမ်းကြောင်းအတိုင်း မော်လမြိုင်၊

( င ) သီပေါမြို့နယ်၊ နမ့်လန်- ကျောက်ဂူ- နောင်ချို- ပြင်ဦးလွင်- မန္တလေး- တောင်ငူ- ကျိုက်ထို- ဘားအံ၊

( စ ) နမ့်စန်- မိုးနဲ- ဟိုနမ့်- ဆိုက်ခေါင်- တောင်ကြီး- အေးသာယာ(မြို့ရှောင်လမ်းအတိုင်း)- ရွှေညောင်-အောင်ပန်း-ကလော၊

(ဆ) ပန်ဆန်းမြို့မှ ကျိုင်းတုံ-တာလေ-မယ်ယန်း ပူးပေါင်းစစ်ဆေးရေးဂိတ် ရှောင်ကွင်းလမ်း ဖြစ်သည့် မယ်လိတ်ပါကော်-ဝမ်ဆောက်ခုံကျေးရွာ တောလမ်းမှတစ်ဆင့် ရှောင်ကွင်းလမ်း အတိုင်း တာချီလိတ်မြို့၊

( ဇ ) သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာအုပ်စု၊ သစ်ပုလွေကျေးရွာမှ ဘုရား(၅)ဆူလမ်းခွဲ - ပျော်ဘွယ် - ရမည်းသင်း - တပ်ကုန်း - ပျဉ်းမနား - တောင်ငူ - ညောင်လေးပင်- ဘုရားကြီးမှ မော်လမြိုင်၊

( ဈ ) ကျိုင်းတုံမြို့အထွက်၊ မိုင်းဇင်းကျေးရွာအနီးမှ မိုင်းဖြတ်-တာလေ- တာချီလိတ်မြို့၊

(ည) ပင်လောင်းမြို့နယ်၊ တီကျစ်ကျေးရွာအုပ်စု၊ ဆည်ခေါင်းကျေးရွာမှ ပတ်ကော်လေး- ပေါင်းလောင်း- စလုံ- ဝါးဖြူတောင်အောက်ရွာ၊ ငါးတဲစုမှ ရမည်းသင်းမြို့နယ်၊ ပျဉ်းမတောကျေးရွာ၊

( ဋ ) ဟိုင်းကြီးကျွန်းအနီးရှိ လိပ်ကျွန်း-စူလာခမောက်အရှေ့မှ မြန်မာ-အိန္ဒိယ နယ်နိမိတ် မျဉ်းအတိုင်း မောင်းနှင်၍ မလေးရှားရေပိုင်နက်သို့၊

( ဌ ) ကျိုက်ထိုမြို့နယ်၊ ကျိုက်ထိုဂေါက်ကွင်းအရှေ့ရှိ ရာဘာခြံမှ သထုံ-မော်လမြိုင်- သံဖြူဇရပ်-ရေး- မလွှဲတောင်မှတစ်ဆင့် ထားဝယ်၊

( ဍ ) လားရှိုး- နမ့်ပေါင်- မိုင်းရယ်- အင်တော- ကျောက်ဂူ- ရပ်စောက်- ပင်းတယ- အောင်ပန်း လမ်းခွဲ (ကျုံးလမ်းဆုံ)- ရွာငံ- မြို့ကြီး- ကျောက်ဆည် - အမြန်လမ်းအတိုင်း ရန်ကုန်- မလေးရှားရေပိုင်နက်သို့။

## ကက်တမင်းဖမ်းဆီးမှု

၂၈။ ကက်တမင်းဖမ်းဆီးရမိမှုမှာ ၂၀၂၃ ခုနှစ်တွင် ၉၂ မှု၊ ၄၀၅၃.၇၇၅၂၄ ကီလို ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၅၁ မှု၊ ၂၃၂၈.၆၂၄၂၂ ကီလို ဖမ်းဆီးရမိခဲ့သဖြင့် ၂၀၂၃ ခုနှစ် ကက်တမင်း ဖမ်းဆီးရမိမှုသည် ၂၀၂၂ ခုနှစ်ထက် ၄၁ မှု၊ ၁၇၂၅.၁၅၁၀၂ ကီလို ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

၂၉။ ၂၀၂၃ ခုနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကက်တမင်းဖမ်းဆီးရမိမှုအနေဖြင့် တနင်္သာရီတိုင်း ဒေသကြီး၌ ၅ မှု၊ ၂၃၀၀.၆၄၁၁ ကီလို၊ မန္တလေးတိုင်းဒေသကြီး၌ ၂၂ မှု၊ ၁၀၁၅.၉၂၄၈ ကီလို၊ ရှမ်းပြည်နယ်၌

၃၀ မှု၊ ၆၉၅.၁၆၆၉ ကီလို၊ ရန်ကုန်တိုင်းဒေသကြီး၌ ၁၇ မှု၊ ၃၃.၃၉၂၃ ကီလို၊ ပဲခူးတိုင်းဒေသကြီး၌ ၂ မှု၊ ၇.၄၄၂ ကီလို၊ ကရင်ပြည်နယ်တွင် ၅ မှု၊ ၀.၈၄၇ ကီလို၊ ကချင် ပြည်နယ်တွင် ၅ မှု၊ ၀.၂၀၇၄ ကီလို၊ နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် ၂ မှု၊ ၀.၀၆၈၅ ကီလို၊ မကွေးတိုင်းဒေသကြီးတွင် ၂ မှု၊ ၀.၀၄၃၉၄ ကီလို၊ မွန်ပြည်နယ်တွင် ၁ မှု၊ ၀.၀၁၆၅ ကီလို၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၀.၀၁၅၂ ကီလို၊ ရခိုင်ပြည်နယ် တွင် ၁ မှု၊ ၀.၀၀၉၆ ကီလို ဖမ်းဆီးရမိခဲ့ပါသည်။




၃၀။ ၂၀၁၃ ခုနှစ်အတွင်း ကက်တမင်းဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်များမှာ တာချီလိတ်မြို့နယ်၌ ၇-၇-၂၀၁၃ ရက်နေ့တွင် ကက်တမင်း ၁၂၇ ကီလို၊ ၁၃-၈-၂၀၁၃ ရက်နေ့တွင် ကက်တမင်း ၂၉၉ ကီလို၊ ရေဖြူမြို့နယ်၌ ၂၂-၁၁-၂၀၁၃ ရက်နေ့တွင် ကက်တမင်း ၂၃၀၀ ကီလိုတို့ ဖြစ်ပါသည်။

## ကက်တမင်း သယ်ဆောင်ရာလမ်းကြောင်း

၃၁။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ရှမ်းပြည်နယ်မှ ကက်တမင်းများကို အောက်ပါလမ်းကြောင်းများအတိုင်း သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအထွက် တစ်မိုင်ကျော်ခန့်မှ ကျောက်ဂူ-မကျည်းရေ-နောင်ချို- ပြင်ဦးလွင်-မန္တလေး-တောင်ငူ-ကျိုက်ထို-ဘားအံ၊

(ခ) ပန်ဆန်းမြို့မှ ကျိုင်းတုံ-တာလေ-မယ်ယန်း ပူးပေါင်းစစ်ဆေးရေးဂိတ် ရှောင်ကွင်းလမ်း ဖြစ်သည့် မယ်လိတ်ပါကော်-ဝမ်ဆောက်ခုံကျေးရွာ တောလမ်းမှတစ်ဆင့် ရှောင်ကွင်း လမ်းအတိုင်း တာချီလိတ်မြို့၊

(ဂ) သီပေါမြို့နယ်၊ ကုန်းသာကျေးရွာမှ သီပေါ-ကျောက်မဲ-နောင်ချို-ပြင်ဦးလွင်-မန္တလေး၊

(ဃ) ကျိုင်းတုံမြို့အထွက်၊ မိုင်းဇင်ကျေးရွာအနီးမှ မိုင်းဖြတ်-တာလေ- တာချီလိတ်၊

(င) ပန်ဆန်းမြို့မှ - တန့်ယန်း - လားရှိုး - သီပေါ - ကျောက်မဲ - နောင်ချို - ပြင်ဦးလွင်- မန္တလေး။

### အက်ဖီဒရင်း/ ဆူဒိုအက်ဖီဒရင်းဆေးပြား ဖမ်းဆီးရမိမှု

၃၂။ စိတ်ကြွဆေးဝါးများ ထုတ်လုပ်ရာတွင် အဓိကပါဝင်ဓာတုပစ္စည်းဖြစ်ခဲ့သည့် အက်ဖီဒရင်းနှင့် ဆူဒိုအက်ဖီဒရင်းဆေးပြားများကို ၂၀၂၃ ခုနှစ်တွင် ဆူဒိုအက်ဖီဒရင်းဆေးပြား ၁ မှု၊ ၈၀၀၀၀ ပြား ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဆူဒိုအက်ဖီဒရင်းဆေးပြား ၂ မှု၊ ၃၀.၅ သိန်း၊ အက်ဖီဒရင်း ၁ မှု၊ ၁ ကီလို ဖမ်းဆီးရမိခဲ့သဖြင့် ၂၀၂၃ ခုနှစ်တွင် အက်ဖီဒရင်းနှင့် ဆူဒိုအက်ဖီဒရင်းဆေးပြား ဖမ်းဆီးရမိမှု လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။

၃၃။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ဆူဒိုအက်ဖီဒရင်းဆေးပြားများကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ကလေးဝ - တန့်ဆည် - ရေဦး - ရွှေဘို - စစ်ကိုင်း - မန္တလေးသို့ သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

### ထိန်းချုပ်ဓာတုပစ္စည်းများဖမ်းဆီးရမိမှု

၃၄။ မူးယစ်ဆေးဝါးများထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သောဓာတ်ပြုပစ္စည်းများဖြစ်သည့် ဓာတုပစ္စည်းများကို မြန်မာနိုင်ငံတွင် ယခင်က ၂၈ မျိုးထိန်းချုပ်ထားခဲ့သော်လည်း မူးယစ်ဆေးဝါးတရားမဝင်ထုတ်လုပ်သူများသည် အဆိုပါထိန်းချုပ်ဓာတုပစ္စည်းများအစား ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများကို တရားမဝင်သယ်ဆောင်ကာ ပြုပြင်ပြောင်းလဲထုတ်လုပ်လျက်ရှိကြောင်း ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ သိရသဖြင့် (၆၃)ကြိမ်မြောက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာအထူးအစည်းအဝေး (CND)မှလည်း ထပ်မံထိန်းချုပ်သည့် ဓာတုပစ္စည်းများနှင့် မြန်မာနိုင်ငံ၏လိုအပ်ချက်အရ ထပ်မံ ထိန်းချုပ်သည့်ဓာတုပစ္စည်း စုစုပေါင်း ၁၁ မျိုးကို ၂၀၂၁ ခုနှစ် မေလ ၂၆ ရက်မှစ၍ ထပ်မံပေါင်းထည့်ပြီး စုစုပေါင်း ဓာတုပစ္စည်း ၃၉ မျိုးအား ထိန်းချုပ်ထားရှိခဲ့ရာ ၂၀၂၃ ခုနှစ်တွင် ထိန်းချုပ်ဓာတုပစ္စည်း ၅၉ မှု၊ တန်ဖိုးငွေကျပ် ၄၄၇၃၈.၈ သန်း၊ ၂၀၂၂ ခုနှစ်တွင် ထိန်းချုပ်ဓာတုပစ္စည်း ၇၉ မှု၊ တန်ဖိုးငွေကျပ် ၂၇၆၀၂.၆၈၁ သန်း ဖမ်းဆီးရမိခဲ့သဖြင့် ၂၀၂၂ ခုနှစ်ထက် အမှု ၂၀ မှု လျော့နည်းခဲ့သော်လည်း ပမာဏ ပိုမိုဖမ်းဆီးရမိခဲ့သည့်အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၇၁၃၆.၁၁၉ သန်း ပိုမို ဖမ်းဆီးနိုင်ခဲ့ပါသည်။

၃၅။ ၂၀၂၃ ခုနှစ်အတွင်း ထိန်းချုပ်ဓာတုပစ္စည်းနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်များမှာ ဟိုပုံးမြို့နယ်၌ ၉-၁-၂၀၂၃ ရက်နေ့တွင် BISMUTH(III) OXIDE ၁၅၀ လီတာ၊ GLUTARALDEHYDE SODIUM ၁၃၅၀ လီတာ၊ ETHYL ACETATE ၂၁၀၀ လီတာ၊ Benzyl Cyanide ၁၃၅၀ လီတာ၊ နမ့်စန်မြို့နယ်၌ ၉-၁-၂၀၂၃ ရက်နေ့တွင် TARTARIC ACID ၆၈၇၅ ကီလို၊ တောင်ကြီးမြို့၌ ၁၄-၁-၂၀၂၃ ရက်နေ့တွင် Sulfurous Dichloride ၁၂၀၀၀ လီတာ၊ ၁၅-၁-၂၀၂၃ ရက်နေ့တွင် Benzyl Cyanide ၁၇၈၅၀ လီတာနှင့် Caustic Soda ၆၇၅၀ ကီလို၊ လွိုင်လင်မြို့နယ်၌ ၁၅-၁-၂၀၂၃ ရက်နေ့တွင် SODIUM HYDROXIDE ANHYDROUS(NaOH) ၁၄၉၅၀ ကီလို၊ ၂-၃-၂၀၂၃ ရက်နေ့တွင် Acetic-Anhydride







၁၇၁၀ လီတာ၊ ၁၄-၆-၂၀၂၃ ရက်နေ့တွင် Ethyl Acetate ၁၂၆၀၀ လီတာ၊ ၂၉-၆-၂၀၂၃ ရက်နေ့တွင် Hydrochloric Acid ၂၂၀၄၀ လီတာ၊ Sulphuric acid ၁၂၀၀၀ လီတာ၊ Dichloromethane Acid ၂၆၇၂၀ လီတာ၊ သာစည်မြို့နယ်၌ ၁၆-၁-၂၀၂၃ ရက်နေ့တွင် Toluene ၇၅၀၀ လီတာနှင့် Methylamine ၄၅၀၀ လီတာ၊ ၁၁-၂-၂၀၂၃ ရက်နေ့တွင် Sodium Hydroxide Anhydrous ၁၀၀၀၀ ကီလို၊ ၇-၃-၂၀၂၃ ရက်နေ့တွင် CAUSTIC SODA FLAKES ၁၂၅၀ ကီလို၊ ၁၀-၄-၂၀၂၃ ရက်နေ့တွင် CAUSTIC SODA FLAKES ၆၀၀၀၀ ကီလို၊ ၁၄-၉-၂၀၂၃ ရက်နေ့တွင် PHENOL LOOSE CRYSTALS ၂၁၀၀၀ ကီလို၊ ၁၇-၁၂-၂၀၂၃ ရက်နေ့တွင် Bromine ၈၀၄၀ ကီလို၊ မူဆယ်မြို့တွင် ၁၇-၁-၂၀၂၃ ရက်နေ့တွင် Ethyl acetate ၁၇၄၆ လီတာ၊ ၁၁-၄-၂၀၂၃ ရက်နေ့တွင် Caustic Soda ၄၃၀၀ ကီလို၊၁၆-၈-၂၀၂၃ ရက်နေ့တွင် Sodium Bisulfite ၇၃၆ ကီလိုနှင့် အရိုးမီးသွေး ၁၈၆၃ ကီလို၊ ရန်ကုန်မြို့၌ ၂၅-၁-၂၀၂၃ ရက်နေ့တွင် Toluene ၂၀၀၂၀ လီတာ၊ Acetone ၄၇၇၄၀ လီတာ၊ Thionyl Chloride ၂၃၉၄၀ လီတာ၊ Sodium Cyanide ၁၀၀၀ ကီလို၊ Chloroform ၆၈၉၅၀ လီတာ၊ Phenon ၂၅၃၄၀ လီတာ၊ Ethyl Benzoate ၁၂၆၀ လီတာ၊ ၆-၂-၂၀၂၃ ရက်နေ့တွင် Acetone ၂၃၈၀၀ လီတာ၊ ၇-၂-၂၀၂၃ ရက်နေ့တွင် Acetone ၄၄၂၀၀ လီတာ၊ Ethly Acetate ၆၈၀၀၀ လီတာ၊ Isopropyl Alcohol ၈၅၀၀ လီတာ ၊ Ethylbenzylamine Motor Oil ၁၅၃၀ လီတာ၊ Methanol ၅၇၈၀၀ လီတာ၊ Hydrogen Peroxide ၁၈၀၀၀ လီတာ၊ Ammonium Hydroxide ၇၅၀ လီတာ၊ Costic Soda ၇၇၅၀၀ ကီလို၊ Sodium Sulphate ၉၅၀၀ ကီလို၊ ၇-၂-၂၀၂၃ ရက်နေ့တွင် Toluene ၁၈၇၀၀ လီတာ၊ Ethyl Acetate ၂၇၅၄၀ လီတာ၊ ၉-၂-၂၀၂၃ ရက်နေ့တွင် Benzyl Cyanide ၆၀၂၀ လီတာ၊ Ethanol ၄၁၆၅၀ လီတာ၊ Benzene ၂၅၁၆၀ လီတာ၊ Dichloromethane ၉၀၁၀ လီတာ၊ ဓာတုဆေးရည် ၃၀၁၀၀ လီတာ၊ ၉-၂-၂၀၂၃ ရက်နေ့တွင် Acetone ၁၄၉၆၀ လီတာ၊ Hydrogen Peroxide ၂၆၀၀ လီတာ၊ ဓာတုဆေးရည်

၄၄၈၀ လီတာ၊၁၄-၂-၂၀၂၃ ရက်နေ့တွင် Propionyl Chloride (အရည်) ၁၂၈၈၀ လီတာ၊ ၁၄-၃-၂၀၂၃ ရက်နေ့တွင် SODIUM HYDROXIDE (CAUSTIC SODA FLAKES) ၂၅၀၀ ကီလိုနှင့် FORMALDEHYDE ၃၀၀၀ လီတာ၊ ၂၇-၆-၂၀၂၃ ရက်နေ့တွင် ကဖင်း ၁၀၀၀.၆ ကီလိုနှင့် စိတ်ပြောင်းဆေးဝါး Happy Water ၀.၀၂၄ ကီလို ၊ ၉-၁၀-၂၀၂၃ ရက်နေ့တွင် Methylamine ၁၃၅၀၀ လီတာ၊ Benzyl Cyanide ၁၂၀၀၀ လီတာနှင့် Benzene ၃၈၀၀ လီတာ၊ ပဲခူးမြို့၌ ၁-၂-၂၀၂၃ ရက်နေ့တွင် Toluene ၂၀၄၀၀ လီတာ၊ ၁-၂-၂၀၂၃ ရက်နေ့တွင် Benzyl Cyanide ၁၉၅၄၀ လီတာနှင့် Hydrogen Peroxide ၁၉၅၀၀ လီတာ၊ ၂၁-၃-၂၀၂၃ ရက်နေ့တွင် Dichloromethane ၇၆၈၀ လီတာ၊ အမရပူရမြို့နယ်၌ ၄-၂-၂၀၂၃ ရက်နေ့တွင် Toluene ၁၃၆၀၀ လီတာ၊ Sulphuric acid ၂၅၅၀ လီတာနှင့် Methylamine ၁၂၉၂၀ လီတာ၊ ၅-၂-၂၀၂၃ ရက်နေ့တွင် Toluene ၁၀၂၀၀ လီတာ၊ Methylamine ၁၀၈၈၀ လီတာ၊ ၂၀-၉-၂၀၂၃ ရက်နေ့တွင် Toluene ၁၅၆၀၀ လီတာ နှင့် Bromine ၂၈၈၀ ကီလို၊ ၁၃-၁၂-၂၀၂၃ ရက်နေ့တွင် Methyl Mercaptan ၄၃၂၀၀ လီတာ၊ မန္တလေးမြို့၌ ၆-၂-၂၀၂၃ ရက်နေ့တွင် Methylamine ၂၂၉၅၀ လီတာ၊ Acetone ၁၀၃၇၀ လီတာ၊ Caffeine ၅၅၀ ကီလို၊ Benzyl Cyanide ၉၁၈၀ လီတာ၊ Benzene ၃၄၀၀ လီတာ၊ ၃-၇-၂၀၂၃ ရက်နေ့တွင် Hydrochloric Acid ၁၀၈၀၀ လီတာ၊ Ethyl Acetate ၂၆၃၅၀ လီတာ၊ Acetone ၂၂၁၀ လီတာ၊Toluene ၁၇၀ လီတာ၊ Sulphuric acid ၄၄၂ လီတာ၊ Caustic Soda ၅၀၀၀၀ ကီလို၊ ၁၇-၈-၂၀၂၃ ရက်နေ့တွင် ကဖင်း ၂၀၀၀ ကီလို၊ အိုက်စ် (မက်သ်အဖက်တမင်း) ၄၇ ကီလို၊ စိတ်ကြွဆေးပြား ၉.၆၁၂ သိန်း၊ ဘိန်းဖြူ ၀.၃၉ ကီလို၊ ၃၀-၁၁-၂၀၂၃ ရက်နေ့တွင် Sodium Acetate ၆၂၅၀ ကီလို၊ ကျောက်ဆည်မြို့နယ်၌ ၂၃-၃-၂၀၂၃ ရက်နေ့တွင် Sodium Ethoxide ၁၀၄၀၀ ကီလို၊ ၆-၆-၂၀၂၃ ရက်နေ့တွင် Ethanol ၈၅၀၀ လီတာ၊ ၂၁-၆-၂၀၂၃ ရက်နေ့တွင် ကဖင်း ၁၀၅၈ ကီလို၊ ပုသိမ်ကြီးမြို့နယ်၌ ၇-၄-၂၀၂၃ ရက်နေ့တွင် CAUSTIC SODA FIAKES ၁၂၅၀၀ ကီလို၊ ၃-၅-၂၀၂၃ ရက်နေ့တွင် Caustic Soda ၁၄၅၀၀ ကီလိုနှင့် Benzyl Cyanide ၁၂၀၀ လီတာ၊ ၁၀-၁၁-၂၀၂၃ ရက်နေ့တွင် Hydrochloric Acid ၃၆၀ လီတာ၊ Sulphuric acid ၇၂၀ လီတာ၊ Benzene ၁၃၆၈၀ လီတာ၊ Ethyl Acetate ၁၁၅၂၀ လီတာ၊ ပြင်ဦးလွင်မြို့နယ်၌ ၂၈-၇-၂၀၂၃ ရက်နေ့တွင် Hydrochloric Acid ၇၂၀၀ လီတာ၊ မိုင်းပျဉ်းမြို့နယ်၌ ၂၈-၄-၂၀၂၃ ရက်နေ့တွင် ကဖင်း ၁၉၇၅ ကီလို၊ တာချီလိတ်မြို့နယ်တွင် ၁၄-၇-၂၀၂၃ ရက်နေ့တွင် ကဖင်း ၅၃၀၀ ကီလို၊ ကလေးမြို့၌ ၉-၁၂-၂၀၂၃ ရက်နေ့တွင် ကဖင်း ၃၂၀၀ ကီလို၊ နောင်ချို မြို့နယ်တွင် ၂၃-၅-၂၀၂၃ ရက်နေ့တွင် Hydrochloric Acid ၆၈၀၀ လီတာ၊ ၁၉-၁၂-၂၀၂၃ ရက်နေ့တွင် Di-Chloromethane ၁၃၂၀၀ လီတာ၊ လယ်ဝေးမြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် မင်္ဂလာဒုံ မြို့နယ်တို့၌ ၉-၈-၂၀၂၃ ရက်နေ့တွင် Sulphuric acid ၂၅၇၆၀ လီတာနှင့် Hydrochloric Acid ၁၈၂၀၀ လီတာ၊ မြဝတီမြို့နယ်၌ ၃၀-၉-၂၀၂၃ ရက်နေ့တွင် Ethyl acetate ၁၁၅၂၀ ကီလို၊ ရွှေညောင်မြို့နယ်၌ ၆-၆-၂၀၂၃ ရက်နေ့တွင် BISMUTH(III)OXIDE ၁၅၇၅၀ လီတာတို့ ဖြစ်ပါသည်။

**ထိန်းချုပ်ဓာတုပစ္စည်းများသယ်ဆောင်ရာလမ်းကြောင်း**

၃၆။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ထိန်းချုပ်ဓာတုပစ္စည်းများကို အောက်ပါလမ်းကြောင်းများအတိုင်း သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) ထိုင်း-မြန်မာနယ်စပ် မြဝတီမှ သယ်ဆောင်ရာလမ်းကြောင်း

- မြဝတီ- ကျောက်ခက်- ဖလူးကြီးလမ်းကြောင်းအတိုင်း ဖလူးကြီးကျေးရွာ အကျော်သို့။

(ခ) ထိုင်း-မြန်မာနယ်စပ် တာချီလိတ်မှ သယ်ဆောင်ရာလမ်းကြောင်း

(၁) မဲခေါင်မြစ်ကြောင်း- တာချီလိတ်၊

(၂) မဲခေါင်မြစ်ကြောင်း-မိုင်းဖြတ်မြို့နယ်၊ ဘူရှီးလမ်းဆုံမှ တာချီလိတ်မြို့နယ်၊ ယန်းခေါင်အထိ၊

(၃) ထိုင်းနိုင်ငံ၊ မယ်ဆိုင်ချောင်း- တာချီလိတ်၊

(၄) တာချီလိတ်- ကျိုင်းတုံ- ကွန်ဟိန်း။

(ဂ) တရုတ်-မြန်မာနယ်စပ်မှ သယ်ဆောင်ရာလမ်းကြောင်း

(၁) မူဆယ်မြို့၊ သိန်းသန်းချီကားဝင်းမှ ကွတ်ခိုင်- လားရှိုး- သီပေါ- ကျောက်မဲ- နောင်ချို မှတစ်ဆင့် ရန်ကုန်-မန္တလေးအမြန်လမ်းအတိုင်း ရန်ကုန်သို့၊

(၂) တရုတ်နိုင်ငံ၊ ကျယ်ဂေါင်ဘက်ခြမ်းမှ ဆင်ဖြူနယ်စပ်ဝင်/ထွက်ဂိတ်မှတစ်ဆင့် မြန်မာနိုင်ငံ၊ မူဆယ်မြို့သို့။

(ဃ) အိန္ဒိယ-မြန်မာနယ်စပ်မှ သယ်ဆောင်ရာလမ်းကြောင်း

(၁) အိန္ဒိယနိုင်ငံ၊ Zokhawthar (ဇိုခိုတာရ်ကျေးရွာ)- တီးတိန်မြို့နယ်၊ သိုင်းငင်း ကျေးရွာ- ခိုင်ကမ်းကျေးရွာမှတစ်ဆင့် ကလေးမြို့၊

(၂) အိန္ဒိယနယ်စပ်မှ ကလေး- ကလေးဝ- တန့်ဆည်- ရေဦး- ရွှေဘို- စစ်ကိုင်း -မန္တလေး။

(င) ရန်ကုန်မှ သယ်ဆောင်ရာလမ်းကြောင်း

(၁) ရန်ကုန်မြို့၊ မော်ဘီလမ်းဆုံမှ ပဲခူး- ဟဲဟိုး- တောင်ကြီး- ဟိုပုံး- လွိုင်လင် -နမ့်စန်၊

(၂) ရန်ကုန်-ပဲခူး- တောင်ငူ- ရမည်းသင်း-ပျော်ဘွယ်- ကျွဲတပ်ဆုံ- အောင်ပန်း- တောင်ကြီး- လွိုင်လင်- လဲချား၊

(၃) ရန်ကုန်မှ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း မန္တလေးသို့ သယ်ဆောင်ပြီး မန္တလေးမှ ကျောက်ဆည်-ကလော-တောင်ကြီး-နမ့်စန်၊

(၄) ရန်ကုန်-ပဲခူး- တောင်ငူ- နေပြည်တော်- ပျော်ဘွယ်- ကျွဲတပ်ဆုံ- တောင်ကြီး- လွိုင်လင်- နမ့်စန်၊

(၅) ရန်ကုန်မြို့၊ ရွှေပြည်သာဂိုဒေါင်မှ ရန်ကုန် - မန္တလေးလမ်းဟောင်းအတိုင်း - မိတ္ထီလာ - သာစည်- ကျွဲတပ်ဆုံမှ တောင်ကြီး၊

(၆) ရန်ကုန်- မန္တလေး လမ်းဟောင်းအတိုင်း ရန်ကုန်မှ ပဲခူး-တောင်ငူ-ပျဉ်းမနား- မိတ္ထီလာ- မန္တလေး- သီပေါ - ၉ မိုင်လမ်းခွဲ လမ်းကြောင်းအတိုင်း ဆောင်ကြဲ ကျေးရွာသို့၊

(၇) ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ ကလဝဲတံတားထိပ်ရှိ ရွှေနိုင်ငံစက်ရုံအနီးမှ ရန်ကုန်-မန္တလေးအမြန်လမ်းအတိုင်း ကျောက်ဆည်မြို့နယ်၊ ဟန်မြင့်မိုရ် မှတစ်ဆင့် မန္တလေး-ပြင်ဦးလွင်-နောင်ချိုလမ်းကြောင်းအတိုင်း သီပေါမြို့နယ် (၉)မိုင်လမ်းခွဲသို့၊

(၈) ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း ရန်ကုန်မှ မန္တလေးမြို့သို့ သယ်ဆောင်ပြီး မန္တလေးမှတစ်ဆင့် သာစည်- ကလော- တောင်ကြီး- လွိုင်လင် လမ်းကြောင်း အတိုင်း နမ့်စန်မြို့နယ်၊ မတ်ကျန်းဒေသသို့။

( စ ) မန္တလေးမှ သယ်ဆောင်ရာလမ်းကြောင်း

(၁) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့မှ သာစည်-တောင်ကြီး-လွိုင်လင် လမ်းကြောင်းအတိုင်း နမ့်စန်မြို့သို့၊

(၂) မန္တလေးမြို့မှ ကျောက်ဆည်-ဟံမြင့်မိုရ်- ရွာငံ- ရပ်စောက်- အင်တော- ကျောက်ဂူ- သီပေါ မှတစ်ဆင့် မိုင်းရယ်သို့၊

(၃) မန္တလေးမှ ကျောက်ဆည်- ဟန်မြင့်မိုရ်- ရွာငံ- အင်တော- ကျောက်ဂူ လမ်းကြောင်း အတိုင်း သီပေါသို့၊

(၄) မန္တလေးမြို့၊ စွယ်တော်ကားဝင်းအနီးမှ ကျောက်ဆည်- ဝမ်းတွင်း- သာစည်- ကလော လမ်းကြောင်းအတိုင်း တောင်ကြီးမြို့၊

(၅) မန္တလေး- ပြင်ဦးလွင်- နောင်ချို- ကျောက်မဲ- သီပေါ- လားရှိုး။

**ကဖင်း ဖမ်းဆီးရမိမှု**

၃၇။ ၂၀၂၃ ခုနှစ်တွင် ကဖင်း ၁၃ မှု၊ ၂၅၅၉၂.၅၀၅ ကီလို ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ကဖင်း ၅ မှု၊ ၉၀၃၆.၀၁ ကီလို ဖမ်းဆီးရမိခဲ့သဖြင့် ၂၀၂၃ ခုနှစ်တွင် ၂၀၂၂ ခုနှစ် ဖမ်းဆီးမှုထက် အမှု ၈ မှု၊ ၁၆၅၅၆.၄၉၅ ကီလို ပိုမိုဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရပါသည်။

၃၈။ ၂၀၂၃ ခုနှစ်အတွင်း ကဖင်းဖမ်းဆီးရမိမှုအနေဖြင့် ရှမ်းပြည်နယ်၌ ၈ မှု၊ ၁၇၉၇၃.၀၂၅ ကီလို၊ ရန်ကုန်တိုင်းဒေသကြီး၌ ၁ မှု၊ ၁၈၀၁.၄၈ ကီလို၊ မန္တလေးတိုင်းဒေသကြီး၌ ၂ မှု၊ ၂၅၅၀ ကီလို၊ စစ်ကိုင်းတိုင်း ဒေသကြီး၌ ၂ မှု၊ ၃၂၂၅ ကီလို၊ ကရင်ပြည်နယ်၌ ၄၃ ကီလို ဖမ်းဆီးရမိခဲ့ပါသည်။




၃၉။ ၂၀၂၃ ခုနှစ်အတွင်း ကဖင်းဖမ်းဆီးရမိမှု ထူးခြားဖြစ်စဉ်များအနေဖြင့် ကျောက်ဆည်မြို့နယ်၌ ၂၁-၆-၂၀၂၃ ရက်နေ့တွင် ကဖင်း ၁၀၅၈ ကီလို၊ မိုင်းပျဉ်းမြို့နယ်၌ ၂၈-၄-၂၀၂၃ ရက်နေ့တွင် ကဖင်း ၁၉၇၅ ကီလို၊ ရန်ကုန်မြို့၌ ၂၇-၆-၂၀၂၃ ရက်နေ့တွင် ကဖင်း ၁၀၀၀.၆ ကီလိုနှင့် စိတ်ပြောင်းဆေးဝါး Happy Water ၀.၀၂၄ ကီလို ၊ တာချီလိတ်မြို့နယ်၌ ၁၄-၇-၂၀၂၃ ရက်နေ့တွင် ကဖင်း ၅၃၀၀ ကီလို၊ မန္တလေးမြို့၌ ၁၇-၈-၂၀၂၃ ရက်နေ့တွင် ကဖင်း ၂၀၀၀ ကီလို၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၇ ကီလို၊ စိတ်ကြွဆေးပြား ၉.၆၁၂ သိန်း၊ ဘိန်းဖြူ ၀.၃၉ ကီလို၊ ကလေးမြို့၌ ၉-၁၂-၂၀၂၃ ရက်နေ့တွင် ကဖင်း ၃၂၀၀ ကီလိုတို့ ဖြစ်ပါသည်။

## ကဖင်းသယ်ဆောင်ရာလမ်းကြောင်း

၄၀။ ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ ကဖင်းများကို ဗီယက်နမ်နိုင်ငံမှတစ်ဆင့် မြန်မာ-လာအိုနယ်စပ် မဲခေါင်မြစ်ကြောင်းနှင့် အိန္ဒိယနယ်စပ်တို့မှတစ်ဆင့် အောက်ပါလမ်းကြောင်းအတိုင်း သယ်ဆောင်ကြောင်း စိစစ်တွေ့ရှိရပါသည် -

(က) မန္တလေးမြို့၊ စွယ်တော်ကားဝင်းမှ မြစ်သား- ကျောက်ဆည်မြို့နယ်၊ သံရွာ-မြို့ကြီး-ရှောင်လမ်းကြောင်းအတိုင်း အောင်ပန်း၊

( ခ ) မိုင်းပျဉ်းမြို့နယ်၊ ဝမ်ယန်ကျေးရွာအနီး နမ့်ပိန်ရေချောင်းမှ မက်မန်း၊

( ဂ ) အိန္ဒိယနိုင်ငံ၊ Zokhawthar(ဇိုခိုတာရ်ကျေးရွာ)- တီးတိန်မြို့နယ်၊ သိုင်းငင်းကျေးရွာ-ခိုင်ကမ်းကျေးရွာမှတစ်ဆင့် ကလေးမြို့၊

(ဃ) အိန္ဒိယနယ်စပ်မှတဆင့် တမူး - ကလေး - စစ်ကိုင်း- မန္တလေး၊

( င ) မဲခေါင်မြစ်ကြောင်း မှတစ်ဆင့် တာချီလိတ်မြို့။

## နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်မှု

၄၁။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်စပ်ဒေသနှစ်နိုင်ငံအချင်းချင်း သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဆက်ဆံရေးရုံးများကို တရုတ်နယ်စပ် လွယ်ဂျယ်၊ မူဆယ်၊ လောက်ကိုင်မြို့နှင့် မြစ်ကြီးနားမြို့တို့တွင် ၄ ရုံး၊ လာအိုနယ်စပ်တွင် ဝမ်ပုံနှင့် ဝမ်ကျင်း ၂ ရုံး၊ ထိုင်းနယ်စပ်ဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းတို့တွင် ၃ ရုံး၊ အိန္ဒိယနယ်စပ်တွင် ပန်ဆောင်၊ တမူးနှင့် ရိဒ်ခေါဒါလ်တို့တွင် ၃ ရုံး၊ ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တောတွင် ၁ ရုံး၊ စုစုပေါင်း ၁၃ ရုံးတို့အား ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ နယ်စပ်ဆက်ဆံရေးရုံးဖွင့်လှစ်၍ သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသများအတွင်း ပြစ်မှုအမျိုးမျိုးဖြင့် တိမ်းရှောင်နေသော တရားခံများအား နှစ်နိုင်ငံချင်း လွှဲပြောင်းပေးမှုမှာ ၂၀၀၁ မှ ၂၀၂၂ ခုနှစ် အထိ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လွှဲပြောင်း ပေးမှု ၂၇ ကြိမ်၊ တရားခံ ၇၁ ဦး၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ၂၀၀၄ မှ ၂၀၁၃ ခုနှစ်အထိ လွှဲပြောင်း ပေးမှု ၁၁ ကြိမ်၊ တရားခံ ၁၈ ဦး လွှဲပြောင်းပေးခဲ့ပြီး ၁၉၉၇ မှ ၂၀၂၃ ခုနှစ်အထိ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးမှု ၂၂ ကြိမ်၊ တရားခံ ၂၇ ဦး၊ ၂၀၀၅ မှ ၂၀၂၃ ခုနှစ်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်း ပေးမှု ၄ ကြိမ်၊ တရားခံ ၄ ဦး၊ ၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ အီတလီနိုင်ငံသို့ လွှဲပြောင်းပေးမှု ၁ ကြိမ်၊

### နယ်စပ်ဆက်ဆံရေးရုံးများ

(၁) လွယ်ဂျယ်/ လားရင်း
(၂) မူဆယ်/ ရွှေလီ
(၃) လောက်ကိုင်/နမ့်စန်
(၄) ဝမ်ကျင်း/ ချိန်ကော့
(၅) ဝမ်ပုံ/ ဘန်မွန်း
(၆) တာချီလိတ်/ မယ်ဆိုင်
(၇) မြဝတီ/ မဲဆောက်
(၈) ကော့သောင်း/ ရနောင်း
(၉) တမူး/ မိုးရေး
(၁၀) ရိဒ်ခေါဒါလ်/ ဇိုခေါ်သာ
(၁၁) ပန်ဆောင်/ ချန်လန်း
(၁၂) မြစ်ကြီးနား/ ထိန်ခြုံး
(၁၃) မောင်တော/ တက္ကနဖ်



တရားခံ ၁ ဦး၊ ဂျပန်နိုင်ငံသို့ လွှဲပြောင်းပေးမှု ၁ ကြိမ်၊ တရားခံ ၁ ဦး၊ ၂၀၁၈ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးမှု ၁ ကြိမ်၊ တရားခံ ၁ ဦး ဖမ်းဆီးလွှဲပြောင်းပေးအပ်ခဲ့ပါသည်။

## ပြည်သူလူထုပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်ရေးဆွဲဆောင်ရွက်ခြင်း

၄၂။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထိရောက်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်ခဲ့ပါသည်။

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများဆောင်ရွက်မှု

၄၃။ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများ၊ မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းပြောင်းလဲမှုများအပေါ် သုံးသပ်၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးစစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အထူးစစ်ဆင်ရေး ၃၉ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများ တားဆီးနှိမ်နင်းရေးအတွက် မြန်မာ တစ်နိုင်ငံလုံး လွှမ်းခြုံသည့် Operation 39 အထူးစစ်ဆင်ရေးအား ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာ အမှုပေါင်း ၆၀၂၄ မှု၊ တရားခံပေါင်း ၈၁၄၄ ဦး တို့အား ဘိန်း ၆၃ မှု၊ ၅၄၂.၉ ကီလိုကျော်၊ ဘိန်းဖြူ ၈၇၂ မှု၊ ၁၈၅၅.၄၆ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၄၅ မှု၊ ၂၄၁.၃၄ သန်းကျော်၊ အိုက်စ် (မက်သ်အဖက်တမင်း) ၁၀၁ မှု၊ ၁၇ တန်ကျော်၊ ကက်တမင်း ၈၇ မှု၊ ၄၀၂၁ ကီလိုကျော်၊ ဆေးခြောက် ၄၄၁ မှု၊ ၆၂၇.၃၆ ကီလိုကျော်၊ ဘိန်းဆီခဲ ၃၁ မှု၊ ၃၁၂ ကီလိုကျော်၊ အက်တက်စီဆေးပြား ၇၅ မှု၊ ၄၇၆၀၂ ပြား၊ ကဖင်း ၁၁ မှု၊ ၂၄ တန်ကျော်၊ အက်စီတုန်း ၄ မှု၊ ၁၆၂၃၂၀ လီတာအပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၂၅ ဘီလီယံ ဖမ်းဆီးရမိခဲ့ပါသည်။

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောမှု

၄၄။ ၂၀၂၃ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲအကြိမ် ၆၂၂ ကြိမ်တွင် တက်ရောက်သူ ၅၇၄၉၇ ဦးအား အသိပညာပေးနိုင်ခဲ့ပါသည်။

| စဉ် | တိုင်း/ပြည်နယ် | အကြိမ် | တက်ရောက်သူဦးရေ |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၈၄ | ၇၄၇၆ |
| ၂။ | ကယားပြည်နယ် | ၁ | ၇ |
| ၃။ | ကရင်ပြည်နယ် | ၁၀ | ၁၅၄၈ |
| ၄။ | ချင်းပြည်နယ် | ၄၇ | ၁၃၃၂ |
| ၅။ | စစ်ကိုင်းတိုင်း | ၁၆ | ၄၄၇၉ |
| ၆။ | တနင်္သာရီတိုင်း | ၄၀ | ၇၆၉၂ |
| ၇။ | ရခိုင်ပြည်နယ် | ၂၃ | ၄၉၉၂ |
| ၈။ | မကွေးတိုင်း | ၁၉၉ | ၅၉၈၅ |
| ၉။ | မန္တလေးတိုင်း | ၆ | ၈၇၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၆ | ၃၅၄၂ |
| ၁၁။ | ရန်ကုန်တိုင်း | ၁၉ | ၃၁၁၄ |
| ၁၂။ | ပဲခူးတိုင်း | ၂၅ | ၄၈၇၄ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၁၉ | ၁၀၁၀၅ |
| ၁၄။ | ဧရာဝတီတိုင်း | ၂ | ၁၅ |
| ၁၅။ | နေပြည်တော် | ၁၅ | ၁၄၆၁ |
| | **စုစုပေါင်း** | **၆၂၂** | **၅၇၄၉၇** |

**ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်း**

၄၅။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်ခဲ့သည့် (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် မြန်မာနိုင်ငံအတွင်း တစ်နှစ်တာ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများမီးရှို့ဖျက်ဆီးခြင်း အစီအစဉ်များကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့တို့တွင် ပြုလုပ်ခဲ့ရာ ဇွန်လ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ ကုန်တင်ယာဉ် ရပ်နားကွင်း၌ ငွေကျပ် ၄၃၆.၄၅၆၆၄ ဘီလီယံ (အမေရိကန် ဒေါ်လာ ၂၀၇.၈၃၆၄ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၃၆ မျိုး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်လေဆိပ်ဟောင်း၌ ငွေကျပ် ၁၄၄.၉၉၈၁၂ ဘီလီယံ (အမေရိကန် ဒေါ်လာ ၆၉.၀၄၆၇ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့်

ဓာတုပစ္စည်း ၃၄ မျိုး၊ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ငွေကျပ် ၃၅၅.၂၆၈၂၄ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၆၉.၁၇၅ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၅ မျိုးတို့ကို မီးရှို့ဖျက်ဆီးခဲ့ပြီး တောင်ကြီးမြို့၌ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားသို့ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် တက်ရောက်ခဲ့ပါသည်။

၄၆။ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသော ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ၂၀၂၃ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ဘိန်း ၁.၁ တန်ကျော်၊ ဘိန်းဖြူ ၁.၂ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄ သန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၂၁ တန်ကျော်၊ အက်တက်စီဆေးပြား ၆၈၆၁၉၁ ပြား၊ Happy Water ၅၇၆ ကီလိုကျော်၊ ဆေးခြောက် ၈၄၁ ကီလိုကျော်၊ ဘိန်းစာမှုန့် ၇၂၈ ကီလိုကျော်၊ ဘိန်းစာရွက် ၁ တန်ကျော်၊ ကက်တမင်း ၄.၉ တန်ကျော်၊ ကဖင်း ၁၂ တန်ကျော် အပါအဝင် စုစုပေါင်း မူးယစ်ဆေးဝါး၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း ၁၀၈ မျိုး၊ ငွေကျပ် ၉၃၆.၇၂၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၄၄၆.၀၅၈ သန်းကျော်) ကို ဖျက်ဆီးနိုင်ခဲ့ပါသည်။

## ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရန် လွှဲပြောင်းပေးမှု

၄၇။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများမှ တရားခံ/ကွင်းဆက်တရားခံများနှင့် နောက်ကွယ်မှ ပြစ်မှုကျူးလွန်သူများ ပိုင်ဆိုင်သည့် ရွှေ့ပြောင်း/ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အမှုပေါင်း ၂၀၀၇ မှုကို စုံစမ်းစိစစ်ခဲ့ပြီး အမှုပေါင်း ၃၂ မှုမှ မြေကွက် ၁၇ ကွက်၊ နေအိမ် ၃၉ လုံး၊ ဆောက်လုပ်ဆဲ RC ၂ ထပ်တိုက် ၁ လုံး၊ တိုက်ခန်း ၆ ခန်း၊ ဂိုဒေါင် ၇ လုံး၊ မော်တော်ယာဉ် ၁၀ စီး၊ နွားမွေးမြူရေးခြံ ၁ ခြံ၊ မီးဖိုဆောင် ၂ ခု၊ ခန်းမ ၃ ခု၊ ရေဆေးခုံ အဆောက် အဦ ၁ ဆောင်၊ ရေချိုးခန်း/ အိမ်သာ ၁ လုံး၊ ဆန်စက် ၁ လုံး၊ ကျောက်ခွဲစက် ၁ လုံး၊ စက်လှေ ၂ စီး (တစ်စီးအင်ဂျင်မပါ)၊ ပလတ်စတစ်အိတ် ထုတ်လုပ်သည့် လုပ်ငန်းတွင် အသုံးပြုသည့် ပစ္စည်းမျိုးစုံ ၁၅ မျိုး၊ ရွှေတုံး ၂၅ တုံး(အလေးချိန် ၂.၅ ပိဿာ)၊ မြန်မာငွေကျပ် ၁၆၄ သန်းကျော်နှင့် ဘဏ်စာရင်း ၄၄၀ ခု၊ KBZ Pay ၈၉ ခု၊ AYA Pay ၃ ခုနှင့် UAB Pay ၁ ခုတို့ရှိ လက်ကျန်ငွေ မြန်မာငွေကျပ် ၁.၃၈၇ ဘီလီယံကျော်၊ တရုတ်ငွေ ၃၀၀ ယွမ်၊ အမေရိကန်ဒေါ်လာ ၈၁၅၉.၄၃ ဒေါ်လာနှင့် ထိုင်းဘတ်ငွေ ၄၂၀၁ ဘတ်တို့ကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရန် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ လွှဲပြောင်းပေးနိုင်ခဲ့ပါသည်။

## မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုထူးခြားဖြစ်စဉ်များ

### ဘိန်းညိုမှုန့် ၂၄၇ ကီလို ဖမ်းဆီးရမိမှု



၁။ ၁၆-၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ လွိုင်လင်မြို့နယ်၊ ကွတ်ချိုးကျေးရွာအနီးတွင် TOYOTA HILUX REVO (၁)ခန်းခွဲယာဉ်တစ်စီး၊ ပစ္စတိုသေနတ် ၃ လက်နှင့်အတူ ဘိန်းညိုမှုန့် ၂၄၇ ကီလို သိမ်းဆည်း ရမိသဖြင့် တရားခံ စိုင်းဆွေခမ်း၊ အားဟုန် (ဖမ်းမမိ)၊ ပီပလွန်း(ဖမ်းမမိ) တို့ ၃ ဦးအား လွိုင်လင်မြို့မရဲစခန်း၊ မယ(ပ)၅/၂၀၂၃၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/၂၂(ခ)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### ဘိန်း ၃၉.၆ ကီလို ဖမ်းဆီးရမိမှု



၂။ ၆-၁၁-၂၀၂၃ ရက်နေ့ အမှတ် (၂၆) မူးယစ်တပ်ဖွဲ့စု၊ ပင်လောင်းမှ ပင်လောင်းမြို့နယ်၊ လိန်းလီတံတားပူးပေါင်း စစ်ဆေးရေးဂိတ်တွင် ပင်လောင်းမှ နေပြည်တော်ဘက်သို့ ဦးဣန္ဒကဆာရ (ခ) အုန်းကျော်(ခ) မောင်ကျော် မောင်းနှင်လာသည့် MDY RLG-7198 ALPHARD ယာဉ်အား ရှာဖွေ စစ်ဆေးရာ ယာဉ်၏ဆီတိုင်ကီအံဝှက်အတွင်း သိုဝှက် သယ်ဆောင်လာသော ဘိန်း ၃၉.၆ ကီလို ဖမ်းဆီးရမိသဖြင့် ဖိုကုန်းနယ်မြေရဲစခန်း၊ မယ(ပ)၆/၂၀၂၃၊ မူး/စိတ် ပုဒ်မ ၁၉(က) အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### ဘိန်း ၄၅.၅ ကီလို ဖမ်းဆီးရမိမှု



၃။ ၂၁-၁၂-၂၀၂၃ရက်နေ့X-Rayစက်တပ်ဖွဲ့စု(ကွဲတပ်ဆုံ)မှ တောင်ကြီး-မန္တလေး ပြေးဆွဲသော "ငြိမ်းချမ်း" ယာဉ်အသင်းမှ ယာဉ်မောင်းဦးထွန်းရွှေ မောင်းနှင်လာသည့် SHN-18 8K-1639 I Zone အမျိုးအစား ယာဉ်ကိုရှာဖွေရာ ယာဉ်ပေါ်တွင် လူမဲ့ တန်ဆာ တင်ဆောင်လာသည့် "နန်းဗွာ"ဟု ရေးသားထားသော ဆာလာအိတ် ၇ အိတ်အတွင်းမှ ကြက်သွန်နီ များဖြင့် ဖုံးအုပ် သိုဝှက်သယ်ဆောင်လာသော ဘိန်း(အလေးချိန်/ တန်ဖိုးစိစစ်ဆဲ)အား တွေ့ရှိသဖြင့် တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အောင်မြေသာစံမြို့နယ်၊ "မိုးမခ"ကားဂိတ်၌ နန်းသောရီ(ခ) နန်းစောရီ(မ) ဖမ်းဆီးရမိ၍

ကြက်သွန်နီအိတ်များအား ဖွင့်ဖောက်စစ်ဆေးရာ ဘိန်း ၄၅.၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ နန်းဗွာ(မ)မှ စေခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် နန်းသောရီ (ခ)နန်းစောရီ(မ)နှင့် နန်းဗွာ(မ)(ဖမ်းမမိ) တို့ ၂ ဦးအား အောင်မြေသာစံမြို့နယ်၊ အမှတ်(၅)မြို့မရဲစခန်း၊ မယ(ပ)၁၁/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**ဘိန်းဖြူ ၄၈.၄ ကီလို ဖမ်းဆီးရမိမှု**



၄။ ၂၁-၂-၂၀၂၃ရက်နေ့တွင်မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးနှင့် အမှတ်(၆၀၆) ဒုံးတပ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ်၊ ဂုတ်ထိပ်ကျေးရွာအနီး၊ ကုန်းစံကျေးရွာအထွက်၌ LANDCRUISER ယာဉ်တစ်စီး နှင့်အတူ ငွေကျပ် ၀.၇၂၆ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၈.၄ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ ခေါင်လွှမ်း၊ လပုံ(ဖမ်းမမိ)နှင့် အားဆန်း (ဖမ်းမမိ) တို့ ၃ ဦးအား နောင်ချိုမြို့မရဲစခန်း မယ(ပ)၁၄/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**ဘိန်းဖြူ ၂၁ ကီလို ဖမ်းဆီးရမိမှု**

၅။ ၁၀-၃-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ မိုင်းပန်မြို့နယ်၊ တာဆန်းတံတား စစ်ဆေးရေးဂိတ်၌ Nissan ၁၂ ဘီးယာဉ်တစ်စီးနှင့်အတူ ငွေကျပ် ၀.၂၅၂ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၂၁ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ စိုင်းခမ်းနှင့် အိုက်ရှဲန်တို့ ၂ ဦးအား မိုင်းပန်မြို့မ ရဲစခန်း မယ(ပ)၁/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။



**ဘိန်းဖြူ ၄၈.၄ ကီလို ဖမ်းဆီးရမိမှု**



၆။ ၁၄-၃-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)မှ ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ်၊ အုန်းချော ကျေးရွာအနီးတိုးဂိတ်အလွန်၌ LAND CRUISER ယာဉ်တစ်စီးနှင့်အတူ ငွေကျပ် ၁.၂၁ ဘီလီယံ တန်ဖိုးရှိ ဘိန်းဖြူ ၄၈.၄ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ တူးလွှမ်၊ ဟောင်တောင် (ခ)ခေါင်တောင်(ခ) ဟောင်းလွှမ်း (ဖမ်းမမိ) နှင့်

ပေါလျှံ(ခ)ရုတ်ရုတ် (ဖမ်းမမိ) တို့ ၃ ဦးအား အောင်ပင်လယ်နယ်မြေရဲစခန်း မယ(ပ) ၃/၂၀၂၃၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### ဘိန်းဖြူ ၂၂ ကီလို ဖမ်းဆီးရမိမှု



၇။ ၆-၄-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၅)ကလေးမှ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ နယ်မြေ(၇)၊ မြစန္ဒာလမ်း၊ အိမ်အမှတ်(၃၇)ရှိ ထွန်းနိုင်ဦး(ခ)ကိုထွန်း ၏ နေအိမ်မှ ဘိန်းဖြူ ၁၁ ကီလို၊ ထွက်ဆိုချက်အရ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ နယ်မြေ(၁၃)ရှိ ရန်ပိုင်ဌေး(ခ) ကိုပိုင် ၏ နေအိမ်မှ CANTER ၆ ဘီး ယာဉ်တစ်စီးနှင့်အတူ ဘိန်းဖြူ ၁၁ ကီလို၊ စုစုပေါင်း ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ ထွန်းနိုင်ဦး(ခ) ကိုထွန်း၊ ထက်ဇော်(ခ)ငယ်လေး၊ ရန်ပိုင်ဌေး(ခ) ကိုပိုင် တို့ ၃ ဦးအား ကလေးမြို့မရဲစခန်းမယ(ပ)၂၉/၂၀၂၃၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း၊ တရားခံ ရန်ပိုင်ဌေး(ခ)ကိုပိုင်နှင့် စန်းစန်း(ခ) နီနီ(မ)(ဖမ်းမမိ)တို့ ၂ ဦးအား ကလေးမြို့မရဲစခန်း မယ(ပ)၃၀/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### ဘိန်းဖြူ ၂၇.၇၂ ကီလို ဖမ်းဆီးရမိမှု



၈။ ၁၄-၄-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ပူးပေါင်း စစ်ဆေးရေးဂိတ်၌ ၂၂ ဘီးတွဲယာဉ်တစ်စီးနှင့်အတူ ဘိန်းဖြူ ၂၇.၇၂ ကီလို သိမ်းဆည်း ရမိသဖြင့် တရားခံ မြင့်ဇော်ဦး(ခ)ဝင်းလွင်၊ ရန်နိုင်မိုး(ခ)ကိုမိုး နှင့် အငယ်လေး(ဖမ်းမမိ)တို့ ၃ ဦးအား မိုးညှင်းမြို့မရဲစခန်း မယ(ပ) ၇/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### ဘိန်းဖြူ ၄၇၅.၃ ကီလို၊ Happy Water ၀.၃၁၅ ကီလိုနှင့် အက်တက်စီဆေးပြား ၂၃၅ ပြား ဖမ်းဆီးရမိမှု

၉။ ၂၈-၄-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တာချီလိတ်မြို့အဝင် မယ်ယန်း ပူးပေါင်း စစ်ဆေးရေးစခန်းတွင် TOYOTA HIACE ယာဉ်တစ်စီး နှင့်အတူ ဘိန်းဖြူဘလောက်တုံး ၁၃၅၈ တုံး၊ အလေးချိန် ၄၇၅.၃ ကီလို၊ Happy Water ၀.၃၁၅ ကီလိုနှင့် အက်တက်စီဆေးပြား ၂၃၅ ပြား သိမ်းဆည်း ရမိသဖြင့် ဟောင်လိတ်နယ်မြေရဲစခန်း မယ(ပ) ၁၆/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း၊



ဖော်ထုတ်ချက်အရ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဝမ်မိုင်ကျေးရွာ၊ အမှတ်(၇/ခ-၂၂)ရှိ နေအိမ်မှ စိတ်ပြောင်းဆေးဝါး (Happy Water) ၀.၃၁၅ ကီလိုနှင့် အက်တက်စီ ၂၃၅ ပြား တို့ကို သိမ်းဆည်းရမိသဖြင့် စိုင်းနွံ(ခ)ထွန်းလင်းဦး (ဖမ်းမမိ)အား တာချီလိတ်မြို့မရဲစခန်း မယ(ပ) ၁၉/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က) အရလည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**ဘိန်းဖြူ ၂၆.၄ ကီလို ဖမ်းဆီးရမိမှု**



၁၀။ ၇-၅-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး (မြောက်ပိုင်း)မှ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၀ လမ်း၊ ၆၂လမ်းနှင့် ၆၁ လမ်း ကြားရှိ ဒေါနဘွားကားဝင်း၌ LAND CRUISER ယာဉ်တစ်စီးနှင့်အတူ ဘိန်းဖြူ ၂၆.၄ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ ရန်ပိန်းတာ (ခ) အားချိန်၊ တွမ်ကွမ်းဆေ (ခ) အားဆေ၊ ယန်ပိန်ဟောက် (ခ) ထွန်းစောအောင်၊ ခင်လေးမြိုင် (ခ) မနွယ်(မ)၊ ကြည်ဝင်း(မ)နှင့် အားပေါက် (ဖမ်းမမိ)တို့ ၆ ဦးအား အောင်မြေသာစံမြို့နယ်၊ အမှတ်(၁)နယ်မြေ ရဲစခန်း မယ(ပ)၅/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**ဘိန်းဖြူ ၆၈.၂၅ ကီလို ဖမ်းဆီးရမိမှု**



၁၁။ ၂၂-၅-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ ရပ်စောက်မြို့အဝင်၊ အင်တော - ရပ်စောက် သွားကားလမ်း၊ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် PRADO ယာဉ်၊ TOYOTA HILUX 4W ယာဉ်တို့နှင့်အတူ ဘိန်းဖြူ ၆၈.၂၅ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ တင်လှိုင်အား ရပ်စောက်မြို့မရဲစခန်း မယ(ပ)၂၀/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က) အရလည်းကောင်း၊ တရားခံ ရီဝေမောင်(ခ) ယုမောင်၊ စံတင်နှင့် တင်လှိုင် တို့ ၃ ဦး အား ရပ်စောက်မြို့မရဲစခန်း၊ မယ(ပ) ၂၁/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က) အရ လည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၂၂ ကီလို ဖမ်းဆီးရမိမှု



၁၂။ ၁၅-၆-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)မှ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၅၃ လမ်း၊ ၁၂၆ x ၁၂၇ လမ်းကြား၊ အမှတ်-ထထ/၁၅-၄(က)ရှိ ဝင်းကျော်စိုး(ခ)ခန့်စိုး၏ နေအိမ်ဂိုဒေါင်မှ ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ ဝင်းကျော်စိုး (ခ)ခန့်စိုး၊ နာ၀(ခ) ဂျူးမေ(မ)၊ နာရှဲ(ခ) အေးအေးခိုင် (ခ) ချယ်ရီဦး(မ)(ဖမ်းမမိ)နှင့် စိုင်းထွန်းခေါင် (ဖမ်းမမိ)တို့ ၄ ဦးအား စက်မှုနယ်မြေရဲစခန်း မယ(ပ) ၁၇/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၄၂ ကီလို ဖမ်းဆီးရမိမှု



၁၃။ ၉-၇-၂၀၂၃ရက်နေ့တွင် တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု (၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့၊ ပါဆတ်ရပ်ကွက်၊ အိမ်အမှတ် (ပဆ-၁/၁၆၁)ရှိ အိုက်ဖတ်(ခ)စိုင်းဖတ် ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ တရားခံ ၂ ဦးနှင့်အတူ ဘိန်းဖြူ ၄၂ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ အိုက်ကျိုင်း၊ အိုက်ဖတ် (ခ) စိုင်းဖတ် (ဖမ်းမမိ)၊ အိုက်အင်(ဖမ်းမမိ)နှင့် အမည်မသိရှမ်းအမျိုးသားတို့ ၅ ဦးအား ဟောင်လိတ်နယ်မြေရဲစခန်း မယ(ပ)၃၀/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှု ဖြစ်ပါသည်။

## ဘိန်းဖြူ ၃၁.၅ ကီလို ဖမ်းဆီးရမိမှု




၁၄။ ၃၀-၈-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ ပင်လောင်းမြို့နယ်၊ လိန်းလီပူးပေါင်းစစ်ဆေးရေး ဂိတ်၌ SURF ယာဉ်တစ်စီးနှင့်အတူ ငွေကျပ် ၀.၄၇၂၅ ဘီလီယံ တန်ဖိုးရှိ ဘိန်းဖြူ ၃၁.၅ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ စောဌေးဦး၊ အောင်ခမ်း(ဖမ်းမမိ)နှင့် ပေါလု (ခ) တာမလာဝါး (ဖမ်းမမိ)တို့ ၃ ဦးအား ဖိုကုန်းနယ်မြေရဲစခန်း မယ(ပ) ၄/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၄၀.၉၅ ကီလို ဖမ်းဆီးရမိမှု




၁၅။ ၁၆-၉-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ ပင်လောင်းမြို့နယ်၊ ပင်လောင်း-နေပြည်တော် သွားကားလမ်း၊ လိန်းလီကြိုးတံတား ပူးပေါင်းစစ်ဆေးရေး ဂိတ်တွင် MDY 9N-7569 HIACE ယာဉ် ၁ စီးနှင့်အတူ ဘိန်းဖြူ ၁.၀၅ ကီလို၊ ဖော်ထုတ်ချက်အရ လိန်းလီတံတားအကျော် လမ်းကွေ့ရှိ ဝါးရုံပင်များအနီးတွင် သိုဝှက်ခဲ့သည့် ဘိန်းဖြူ ၃၉.၉ ကီလိုအားလည်းကောင်း၊ စုစုပေါင်း ဘိန်းဖြူ ၄၀.၉၅ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ ခွန်တင်ထွန်း၊ ခွန်စိုးထိုက်၊ မပွဲ(ခ) မစိမ်း(ခ)မမျိုးသီရိကျော်(မ) (ဖမ်းမမိ)နှင့် ဦးလန်း (ခ)ဦးခွန်လန်း(ဖမ်းမမိ)တို့ ၄ ဦးအား ဖိုကုန်းနယ်မြေရဲစခန်း မယ(ပ)၅/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၃၈ ကီလို ဖမ်းဆီးရမိမှု



၁၆။ ၁၄-၁၀-၂၀၂၃ ရက်နေ့တွင် X-Ray စက်တပ်ဖွဲ့စု (ကျွဲတပ်ဆုံ)မှ သာစည်မြို့နယ်၊ X-Ray စက် (ကျွဲတပ်ဆုံ)တွင် ဘိန်းဖြူ ၃၈ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် တရားခံ တင်မောင် အား သာစည်မြို့မရဲစခန်း မယ(ပ)၂၇/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က) အရ အမှုဖွင့် အရေးယူထားရှိပါသည်။

## ဘိန်းဖြူ ၃၃ ကီလိုနှင့် စိတ်ကြွဆေးပြား ၁၀.၂ သိန်း ဖမ်းဆီးရမိမှု



၁၇။ ၁၈-၁၀-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၅) ကလေးမှ ကလေးမြို့နယ်၊ နတ်ကြီးကုန်းကျေးရွာ(ကာ)အနီးရှိ ကွန်ပျူတာတက္ကသိုလ် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မန္တလေးမှ ကလေးမြို့သို့ ရောထွန်း(ခ)ဇေယျာထွန်း မောင်းနှင်ပြီး သီဟထွန်း လိုက်ပါလာသော “J-Eleven” ခရီးသည်တင် ယာဉ်လိုင်းမှ MDY-15 A6-6469 HINO Rainbow ယာဉ်ကို ရှာဖွေရာ ငွေကျပ် ၃.၆၉ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၃၃ ကီလိုနှင့် စိတ်ကြွဆေးပြား ၁၀.၂ သိန်း သိမ်းဆည်းရမိ သဖြင့် တရားခံ ရောထွန်း(ခ)ဇေယျာထွန်း၊ သီဟထွန်း ၊ သိန်းထွန်းအောင် (ခ) ချမ်းမြေ့ (ခ)ချမ်းမြေ့အောင်၊ စိုးထက်အောင် (ခ)စတီဗင်(ဖမ်းမမိ)၊ အောင်မျိုးဝင်း(ခ) ဦးချော (ဖမ်းမမိ)နှင့် ဝင်းကိုငြိမ်း(ခ)ကိုငြိမ်း (ဖမ်းမမိ)တို့ ၆ ဦးအား ကလေးမြို့မရဲစခန်း ၊ မယ(ပ) ၁၀၉/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## ဘိန်းဖြူ ၉၄.၃၈ ကီလို ဖမ်းဆီးရမိမှု



၁၈။ ၁-၁၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)နှင့် ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီး မြို့နယ်၊ (၁၆)မိုင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ပြင်ဦးလွင်မှ မန္တလေးဘက်သို့ မောင်းနှင် လာသည့် YGN-20 2D-5007 TOYOTA ALPHARD ယာဉ်ကို မသင်္ကာ၍ ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံရှာဖွေခဲ့ရာ ကျွဲနဖား ကျေးရွာ ဓမ္မရာဇာအဓိပတိ ဘုန်းကြီးကျောင်းရှေ့ ကားလမ်းမပေါ်၌ ယာဉ်ကို သော့ခတ်လျက်တွေ့ရှိရပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ဘိန်းဖြူ ၉၄.၃၈ ကီလို သိမ်းဆည်း ရမိခဲ့သဖြင့် အုန်းချောနယ်မြေရဲစခန်း မယ(ပ)၃၄/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)အရ အမှုဖွင့် အရေးယူမှု ဖြစ်ပါသည်။

## စိတ်ကြွဆေးပြား ၁.၁၄ သန်းနှင့် ဘိန်းဖြူ ၀.၇၄ ကီလို ဖမ်းဆီးရမိမှု



၁၉။ ၁၁-၁-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ လမ်းသွယ် (၂၇)၊ လမ်းမပေါ်နှင့် မြစ်ကြီးနားမြို့နယ်၊ နန်းကွေ့ကျေးရွာ၊ နယ်မြေ(၄)၊ မြန်တိုင်း အောင်လမ်းကြားရှိ (၁၀)ခန်းတွဲ လိုင်းခန်း၊ အခန်း(၉)အတွင်း တို့မှ ဆိုင်ကယ်တစ်စီးနှင့်အတူ ဘိန်းဖြူ ၀.၇၄ ကီလိုနှင့် စိတ်ကြွဆေးပြား ၁၁.၄ သိန်း တို့ကို သိမ်းဆည်းရမိသဖြင့် တရားခံ ဖြိုးပြည့်စုံ(ခ)ငယ်ငယ် အား မြစ်ကြီးနားနယ်မြေရဲစခန်း၊ မယ(ပ) ၈/၂၀၂၃၊ မူး/စိတ် ပုဒ်မ ၁၉(က)အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## စိတ်ကြွဆေးပြား ၆.၅ သန်း၊ အိုက်စ် ၁၉၂ ကီလိုနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိမှု



၂၀။ ၂၂-၁-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၉) မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ်၊ မိုင်းတွမ်း(တောင်ပေါ်) ကျေးရွာအုပ်စု၊ ပူနားကိုကျေးရွာ၊ အနောက်မြောက်ဘက် ၂ မိုင်ခန့်အကွာ၊ ခမမပည (NC-498683)ရှိ ရာဘာခြံအတွင်းမှ စိတ်ကြွဆေးပြား ၆.၅ သန်း၊ အိုက်စ် ၁၉၂ ကီလို၊ ပစ္စတိုသေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ HK-33 သေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ M-16 သေနတ် ၁ လက်၊ ၎င်းကျည်အိမ်

၁၁ ခု၊ တစ်လုံး ထိုးသေနတ် ၁ လက်၊ K-12 သေနတ် ၁ လက်၊ ကျည်မျိုးစုံ ၁၆၅၀ တောင့်နှင့် လက်ပစ်ဗုံး ၇ လုံးတို့ကို သိမ်းဆည်းရမိသဖြင့် တရားခံ ကျဘို၊ ကျရှောနှင့် ယားအူ(ဖမ်းမမိ)တို့ ၃ ဦး အား မိုင်းတွမ်းနယ်မြေ ရဲစခန်း မယ(ပ)၄/၂၀၂၃၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၂(ခ)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၂၇.၄ သန်း၊ အိုက်စ် ၅၈၀ ကီလို၊ ကဖင်း ၄ တန်၊ Vanillin ၁၃၀ ကီလိုနှင့် အနံ့ဆေးရည် ၄၀ လီတာ ဖမ်းဆီးရမိမှု**



၂၁။ ၁၃-၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တာချီလိတ်မြို့၊ ပါဆတ်ရပ်ကွက်၊ နယ်မြေ(၃)၊ လွန်းကျိုင်းလမ်းတွင် မော်တော်ယာဉ် ၄ စီးနှင့်အတူ အိုက်စ် ၅၈၀ ကီလို၊ ကဖင်း ၄ တန်၊ စိတ်ကြွဆေးပြား ၂၇.၄ သန်း၊ Vanillin ၁၃၀ ကီလိုနှင့် အနံ့ဆေးရည် ၄၀ လီတာ ဖမ်းဆီးရမိသဖြင့် တရားခံ စိုင်းရွက်၊ အိုက်လီ (ဖမ်းမမိ)တို့ ၂ ဦးအား ဟောင်လိတ် နယ်မြေရဲစခန်း မယ(ပ) ၁၁/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၁၉(က)/ ၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၆၅ သိန်း၊ စိတ်ကြွဆေးပြားအကြေ ၁၀၀ ဂရမ်၊ သေနတ်အရှည် ၇ လက်၊ ကျည်အိမ် ၁၆ ခုနှင့် ကျည်မျိုးစုံ ၂၇ တောင့် ဖမ်းဆီးရမိမှု**



၂၂။ ၂၀-၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၉) မိုင်းဆတ်မှ မိုင်းဆတ်မြို့နယ်၊ မိုင်းတွမ်းတောင်ပေါ်ကျေးရွာ အုပ်စု၊ ပုံတပ်ကျေးရွာနှင့် ပါဟိုးကျေးရွာမှ စိတ်ကြွဆေးပြား ၆၅ သိန်း၊ စိတ်ကြွဆေးပြား အကြေ ၁၀၀ ဂရမ်၊ သေနတ် အရှည် ၇ လက်၊ ကျည်အိမ် ၁၆ ခုနှင့် ကျည်မျိုးစုံ ၂၇ တောင့် ဖမ်းဆီးရမိသဖြင့် တရားခံ အားချာ(မ)၊ နာထီး(မ)နှင့် အားချာ (ဖမ်းမမိ) တို့ ၃ ဦးအား မိုင်းတွမ်းနယ်မြေရဲစခန်းမယ(ပ)၅/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၂(ခ)/၂၁ အရ လည်းကောင်း၊ အားချာ (ဖမ်းမမိ) အား မိုင်းတွမ်းနယ်မြေရဲစခန်း မယ(ပ)၆/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၂(ခ) အရ လည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁၀.၁၇ သန်း ဖမ်းဆီးရမိမှု**

၂၃။ ၄-၃-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်နှင့် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ်၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ NISSAN DISEL ၁၂ ဘီးယာဉ် တစ်စီးနှင့်အတူ စိတ်ကြွဆေးပြား



၁၀.၁၇ သန်း သိမ်းဆည်းရမိသဖြင့် တရားခံ စိုင်းအောင်လတ်၊ ဝေယံထွန်းနှင့် စိုင်းလိုင်းဝမ်း (ခ) ပီလင်းဝမ်း (ဖမ်းမမိ) တို့ ၃ ဦးအား ဟောင်လိတ်နယ်မြေရဲစခန်းမယ(ပ)၁၂/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က) /၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## စိတ်ကြွဆေးပြား ၁.၁ သန်း ဖမ်းဆီးရမိမှု



၂၄။ ၈-၃-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မန္တလေး-လားရှိုးသွား ကားလမ်းတွင် Crown ယာဉ်တစ်စီးနှင့်အတူ စိတ်ကြွဆေးပြား ၃ သိန်းပြား သိမ်းဆည်းရမိသဖြင့် တရားခံ ကောင်းစံ (ခ) ကောင်းကောင်း၊ မော်စီချို၊ အေးသန်းဦး (မ) (ဖမ်းမမိ)နှင့် တင်လင်းအောင် (ဖမ်းမမိ)တို့ ၄ ဦးအား နောင်ချိုမြို့မရဲစခန်း မယ(ပ)၂၁/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း၊ WISH ယာဉ်တစ်စီးတို့နှင့် အတူ စိတ်ကြွဆေးပြား ၃ သိန်းပြား သိမ်းဆည်းရမိသဖြင့် တရားခံ ခိုင်ထူး ၊ မော်စီချို၊ အေးသန်းဦး(မ) (ဖမ်းမမိ) နှင့် တင်လင်းအောင်(ဖမ်းမမိ)တို့ ၄ ဦး အား နောင်ချိုမြို့မရဲစခန်း မယ(ပ)၂၂/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း၊ ဖော်ထုတ်ချက်အရ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်တွင် IPSUM ယာဉ်တစ်စီးနှင့်အတူ စိတ်ကြွဆေးပြား ၅ သိန်းပြား သိမ်းဆည်း ရမိသဖြင့် တရားခံ စိုးနိုင်၊ ကျော်ဇင်ဝိုင်း(ခ)ကျော်ကျော်၊ မော်စီချို ၊ အေးသန်းဦး(မ)(ဖမ်းမမိ)နှင့် တင်လင်းအောင် (ဖမ်းမမိ) တို့ ၅ ဦးအား အုန်းချောနယ်မြေရဲစခန်း မယ(ပ)၇/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## စိတ်ကြွဆေးပြား ၁.၀၃ သန်းနှင့် အိုက်စ် ၂ ကီလို ဖမ်းဆီးရမိမှု




၂၅။ ၁၀-၃-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃၃) ထားဝယ်မှ ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့၊ မလွှဲတောင် ပူးပေါင်းစစ်ဆေးရေးစခန်း၌ “ရွှေလင်းထက်” ခရီးသည်တင် မှန်လုံယာဉ်နှင့်အတူ စိတ်ကြွဆေးပြား ၁၀.၃ သိန်းနှင့် အိုက်စ် ၂ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ ဖိုးသဲ၊ သန်းထွန်းအောင် (ခ)မဲကြီး ၊ ဇာနည်ဦး(ခ)စိန်သူ ၊ မြတ်သူ(ခ)

ဘုကြီး၊ စောဝတုတ် (ဖမ်းမမိ)နှင့် ကုလားလေး(ခ) ထွန်းအောင် (ဖမ်းမမိ)တို့ ၆ ဦးအား ကလိန်အောင်နယ်မြေရဲစခန်း မယ(ပ)၆/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၃.၂ သန်း ဖမ်းဆီးရမိမှု**



၂၆။ ၃၀-၃-၂၀၂၃ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်(အနောက်)နှင့် ပူးပေါင်းအဖွဲ့သည် လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ကန်လမ်း၊ ဆင်ဖြူတော်ဟိုတယ်ရှေ့တွင် ကြိုတင်သတင်းရရှိထားသူ တင်မောင်သန်းနှင့် အောင်သူ တို့မှာ YGN-10 4D-3760 SURF ယာဉ်ပေါ်သို့ တက်ရောက်စဉ် ထိန်းသိမ်းရှာဖွေရာယာဉ်နောက်ခန်းထိုင်ခုံနှင့်ခြေနင်းကြားမှပီနံအိတ်ဖြင့်ထည့်လျက် စိတ်ကြွဆေးပြား ၁ သိန်း စတင်သိမ်းဆည်းရမိခဲ့ပြီး မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်ရှိ အောင်သူ ၏ နေအိမ်မှ စိတ်ကြွ ဆေးပြား ၃၁ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စိတ်ကြွဆေးပြား တစ်သိန်း ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ အောင်သူ၊ တင်မောင်သန်းနှင့် ရာဇာထွန်း(ဖမ်းမမိ) တို့အား လှိုင်မြို့မရဲစခန်း မယ(ပ) ၈/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း၊ စိတ်ကြွဆေးပြား ၃၁ သိန်း ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ အောင်သူန ှင့် ရာဇာထွန်း(ဖမ်းမမိ) တို့အား မရမ်းကုန်းမြို့မရဲစခန်း မယ(ပ) ၆/၂၀၂၃ ၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၆၁.၈ သိန်း၊ ကက်တမင်း ၁၀ ကီလိုနှင့် Happy Water ၄.၁၂ ကီလို ဖမ်းဆီးရမိမှု**




၂၇။ ၁၉-၄-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၅၅) မိတ္ထီလာမှ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာအနီး X-Ray (ကျွဲတပ်ဆုံ)ကို ရှောင်ကွင်းသည့် တောလမ်း၌ NISSAN CABSTAR ယာဉ်တစ်စီးနှင့်အတူ စိတ်ကြွဆေးပြား ၆၁.၈ သိန်း၊ ကက်တမင်း ၁၀ ကီလိုနှင့် Happy Water ၄.၁၂ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ ဝေဠုသုတ၊ သူရအောင်၊ စိုင်းကျော်မိုး(ခ) ကိုအောင် (ဖမ်းမမိ)တို့ ၃ ဦး အား ယင်းမာပင်နယ်မြေရဲစခန်း မယ(ပ) ၄/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၄.၆၁၃၄ သန်း၊ အိုက်စ် ၄၆၀ ကီလိုနှင့် အက်တက်စီဆေးပြား ၃၁၀ ပြား ဖမ်းဆီးရမိမှု**

၂၈။ ၂၁-၄-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန် (အနောက်)မှ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ “သမာဓိ” စတိုးဆိုင်ရှေ့တွင် SUZUKI SWIFT ယာဉ်နှင့်



အတူ စိတ်ကြွဆေးပြား ၁၀၀၀၀ ပြား သိမ်းဆည်းရမိသဖြင့် တရားခံ စည်သူဝင်း(ခ)ကိုစည်နှင့် အောင်စိုးလင်း(ဖမ်းမမိ)တို့ ၂ ဦးအား အင်းစိန်မြို့မရဲစခန်း မယ(ပ)၁၅/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အားလည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက် အရ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဟေမာလမ်း၊ တိုက်အမှတ်(၆၄) မြေညီထပ်(ခြေရင်းခန်း)မှ စိတ်ကြွဆေးပြား ၃၄၀၀ ပြားနှင့် အက်တက်စီဆေးပြား ၃၁၀ ပြား သိမ်းဆည်းရမိသဖြင့် တရားခံ စည်သူဝင်း(ခ)ကိုစည်၊ အောင်စိုးလင်း(ဖမ်းမမိ)နှင့် အိုက်စံ(ခ)လှမင်းဌေး (ဖမ်းမမိ)တို့ ၃ ဦးအား သင်္ဃန်းကျွန်းမြို့မရဲစခန်း မယ(ပ)၈/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ နီလာလမ်း၊ အိမ်အမှတ် (၆၀)ရှိ နေအိမ်မှ စိတ်ကြွဆေးပြား ၄၆ သိန်းနှင့် အိုက်စ် ၄၆၀ ကီလို ထပ်မံသိမ်းဆည်း ရမိသဖြင့် တရားခံ စည်သူဝင်း(ခ) ကိုစည်နှင့် အောင်စိုးလင်း(ဖမ်းမမိ)တို့ ၂ ဦးအား လှိုင်မြို့မရဲစခန်း မယ(ပ)၉/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁ သန်း ဖမ်းဆီးရမိမှု**



၂၉။ ၂၁-၆-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်မှ လှိုင်လင်မြို့၊ လှိုင်လင်-တောင်ကြီးသွား ကားလမ်း၊ ဟိုတင့်ရွာအနီးတွင် "ရှမ်းအောင်လံ" ယာဉ်လိုင်းမှ Super Custom ယာဉ်တစ်စီးနှင့်အတူ စိတ်ကြွဆေးပြား ၁ သန်း သိမ်းဆည်းရမိသဖြင့် တရားခံ အိုက်ဆန် အား လှိုင်လင်မြို့မရဲစခန်း မယ(ပ)၁၄/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က) အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁.၂ သန်း ဖမ်းဆီးရမိမှု**



၃၀။ ၂၁-၆-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ ၁၃၃ လမ်း၊ ၆၅ x ၆၆ လမ်းကြား၊ Tiger Feel ဘီယာဆိုင်တွင် မြင့်ကျော်(ခ)ညီပု၊ ဇင်မာဦး(မ)နှင့် နန်းစန္ဒာစိုး(မ)တို့ ၃ ဦးထံမှ စိတ်ကြွဆေးပြား ၂ သိန်းပြား အားလည်းကောင်း၊ ဖော်ထုတ် ချက်အရ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာရှိ မြင့်ကျော်

ငှားရမ်းနေထိုင်သည့် နေအိမ်မှ စိတ်ကြွဆေးပြား ၁၀ သိန်းအားလည်းကောင်း၊ စုစုပေါင်း စိတ်ကြွဆေးပြား ၁.၂ သန်းပြား သိမ်းဆည်းရမိသဖြင့် စိတ်ကြွဆေးပြား ၂ သိန်းပြား သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ မြင့်ကျော်(ခ) ညီပု၊ ဇင်မာဦး(မ)၊ နန်းစန္ဒာစိုး(ခ)သဲသဲ(မ)၊ တင်မောင်စိုး (ခ) ရန်ချန်းကျ(ခ)အားတီ၊ အားစစ် (ဖမ်းမမိ)နှင့် မြတ်စိုး(ခ)စိုးနိုင်(ဖမ်းမမိ)တို့ ၆ ဦးအား ပြည်ကြီးတံခွန်မြို့မ ရဲစခန်း မယ(ပ)၁၉/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း၊ စိတ်ကြွဆေးပြား ၁၀ သိန်းပြား သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ မြင့်ကျော်(ခ)ညီပု၊ ဇင်မာဦး(မ)၊ တင်မောင်စိုး(ခ) ရန်ချန်းကျ (ခ) အားတီ ၊ အားစစ် (ဖမ်းမမိ)၊ မြတ်စိုး(ခ) စိုးနိုင် (ဖမ်းမမိ) တို့ ၅ ဦးအား မြစ်ငယ်နယ်မြေရဲစခန်း မယ(ပ)၅/၂၀၂၃၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁.၈၇၈ သန်း၊ ကတ်တမင်း ၂၂၃ ကီလို၊ အိုက်စ် ၂၆၇ ကီလိုနှင့် HAPPY-5 ဆေးပြား ၄၉၀၀ ပြား ဖမ်းဆီးရမိမှု**



၃၁။ ၅-၉-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်၊ ပါလျှံ(၂)၊ "ဝ"ကျေးရွာ၊ အာခါဗုဒ္ဓလမ်းသွယ်၊ အိမ်အမှတ် (ပလ-၂'ဝ'/၄၅) နေအိမ်မှ ကက်တမင်း ၂၂၃ ကီလို၊ အိုက်စ် ၂၆၇ ကီလို၊ စိတ်ကြွဆေးပြား ၁၈.၇၈ သိန်း ၊ HAPPY-5 ဆေးပြား ၄၉၀၀ ပြား၊ ပါကင်ပိတ်စက် ၁ လုံးနှင့် အခြောက်ခံစက် ၁ လုံးတို့ကို သိမ်းဆည်းရမိသဖြင့် တရားခံ စိုင်းလူဆာ(ခ) အိုက်လု၊ အိုက်သောင်း၊ စိုင်းကျော်ထွေး နှင့် ဆမ်စိန်တို့ ၄ ဦးအား ဟောင်လိတ်နယ်မြေရဲစခန်း မယ(ပ)၃၇/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁၂.၅၅ သန်း ဖမ်းဆီးရမိမှု**



၃၂။ ၁၈-၉-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်- မန္တလေးသွား ကားလမ်းမပေါ်တွင် MDY-20 6M-3400 နံပါတ်ပါ ၂၂ ဘီးတွဲယာဉ်တစ်စီးနှင့်အတူ စိတ်ကြွ ဆေးပြား ၁၂.၅၅ သန်း သိမ်းဆည်းရမိသဖြင့် တရားခံ စိုင်းထင်လင်း၊ ထိန်ဝင်း နှင့် ဂေါ်လီ (ခ) ကျော်ကြီး (ခ) ကျော်စိန်မြင့် (ဖမ်းမမိ)တို့ ၃ ဦးအား မြစ်ငယ်နယ်မြေရဲစခန်း မယ(ပ) ၉/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## စိတ်ကြွဆေးပြား ၃ သန်းနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိမှု



၃၃။ ၁၁-၁၀-၂၀၂၃ ရက်နေ့တွင် တပ်မတော်နှင့် ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့၊ ပန်းတင်ကျေးရွာအုပ်စု၊ ပညာဗောဓိလမ်းတွင် မူးယစ်ဆေးဝါး ပိုင်ရှင်ဖြစ်သူ စိုင်းပီး နှင့်အတူ အသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)(PNO)အဖွဲ့ ယူနီဖောင်း အယောင်ဆောင် ဝတ်ဆင်ထားသူ ၃ ဦး၊ လက်နက်ငယ်များ ကိုင်ဆောင်ထားသူ ၁၅ ဦးခန့်တို့သည် 4 Wheel အမျိုးအစား မော်တော်ယာဉ်များဖြင့် ရောက်ရှိလာပြီး အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားကာ ၎င်းတို့ထံမှ စိတ်ကြွဆေးပြား ၃၀ သိန်း၊ အောင်ချမ်းအေး အား M-4 အမျိုးအစား သေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ၎င်းကျည် ၂၁ တောင့်၊ ခွန်ကျော်အောင် အား လက်ပစ်ဗုံး ၁ လုံး၊ စိုင်းပီးနှင့် ခွန်မောင်မွေး တို့ ၂ ဦးအား AK-47 သေနတ် ၁ လက်၊ ကျည်အိမ် ၁ ခု၊ ၎င်းကျည် ၁၅ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စိုင်းပီး၊ ခွန်ကျော်အောင် (ခ) အောင်ကျော်၊ အောင်ချမ်းအေးနှင့် ခွန်မောင်မွေး တို့အား တောင်ကြီးနယ်မြေရဲစခန်း မယ(ပ) ၄၆/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁/၂၂(ခ) အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## စိတ်ကြွဆေးပြား ၃.၁၉ သန်း နှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိမှု



၃၄။ ၁၉-၁၀-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၉) မိုင်းဆတ်မှ မိုင်းဆတ်မြို့နယ်၊ မဟုန်လွယ်ကျေးရွာအုပ်စု၊ မဟုန်ကျေးရွာအနီးရှိ မိုင်းတွမ်းပူးပေါင်း စစ်ဆေးရေးဂိတ်တွင် “ဝ”ယူနီဖောင်း ဝတ်ဆင်ထားသော UWSA “ဝ”အဖွဲ့၊ စစ်ဒေသ (၁၇၁)၊ တပ်မဟာ(၅၁၈)၊ ရင်း(၅၀၂)မှ တသ အဆင့်ရှိ ဆိုင်လိုင်း မောင်းနှင်ပြီး တသ အဆင့်ရှိ ဆမ်ကပ်နှင့် အိုက်တွမ်း တို့ လိုက်ပါလာသော SHN-12 7L-2445 TOYOTA FORTUNER မော်တော်ယာဉ် နောက်ခန်းအတွင်းမှ စိတ်ကြွဆေးပြား ၃.၁၉ သန်းနှ င့် M-22 သေနတ် ၂ လက်၊ ၎င်းကျည်အိမ် ၈ ခု ၎င်းကျည် ၃၀၀ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် တရားခံ ဆိုင်လိုင်း ၊ ဆမ်ကပ် နှင့် အိုက်တွမ်း တို့ ၃ ဦးအား မိုင်းတွမ်းနယ်မြေရဲစခန်း မယ(ပ) ၄၂/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၂(ခ)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## စိတ်ကြွဆေးပြား ၁.၃၅ သန်း ဖမ်းဆီးရမိမှု

၃၅။ ၂၁-၁၀-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန် (အနောက်)မှ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၀၆)ရပ်ကွက်၊ ရတနာပုံလမ်း၊“သပြေနီ” စားသောက်ဆိုင်အနီးတွင် သော်တာလင်း မောင်းနှင်



လာသည့် YGN-17 1R-1037 Changhe ယာဉ်နောက်ဖုံးခန်း အတွင်းမှ စိတ်ကြွဆေးပြား ၂ သိန်း သိမ်းဆည်းရမိသဖြင့် တရားခံ သော်တာလင်း၊ မျိုးမင်းပိုင်နှင့် ကိုကိုမောင်(ဖမ်းမမိ)တို့ ၃ ဦးအား တောင်ဒဂုံမြို့မရဲစခန်း မယ(ပ)၆၃/၂၀၂၃၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက် အရ သော်တာလင်း ငှားရမ်းထားသော မြောက်ဥက္ကလာပ မြို့နယ်၊ သုဓမ္မာလမ်း၊ (ဈ)ရပ်ကွက်၊ သီရိရတနာ ကားဝင်းရှိ O-4/37 အခန်းအတွင်းမှ စိတ်ကြွဆေးပြား ၁၁.၅ သိန်း ထပ်မံသိမ်းဆည်းရမိသဖြင့် တရားခံ သော်တာလင်း၊ မျိုးမင်းပိုင်နှင့် ကိုကိုမောင် (ဖမ်းမမိ)တို့ ၃ ဦးအား မြောက်ဥက္ကလာပ မြို့မရဲစခန်း မယ(ပ)၄၅/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၂.၆၈ သန်း ဖမ်းဆီးရမိမှု**



၃၆။ ၃၀-၁၀-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၆၂) သထုံမှ ကျိုက်ထိုမြို့နယ်၊ မရမ်းချောင်စစ်ဆေးရေးဂိတ်တွင် ပဲခူးဘက်မှ မြဝတီဘက်သို့ ရဲမင်းအောင် မောင်းနှင်လာသည့် MDY-14 4E-1235 CHENG LONG ယာဉ်နောက်ခန်းရှိ ကွန်ကရစ်လောင်းထားသည့် ယာဉ်၏ ကြမ်းခင်းအား စူးထိုး စစ်ဆေးစဉ် စိတ်ကြွဆေးပြားအနံ့ရရှိ၍ ၃၁-၁၀-၂၀၂၃ ရက်နေ့ ၁၉၃၀ အချိန် ယာဉ်အား ကျိုက်ထိုမြို့မရဲစခန်းတွင် စစ်ဆေးရာ ယာဉ်၏ကြမ်းခင်းအံဝှက်အတွင်းမှ စိတ်ကြွဆေးပြား ၈.၁ သိန်း သိမ်းဆည်းရမိပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ အမှတ်(၂)ရွာမရပ်ကွက်၊ မြို့စိုးလမ်းရှိ ကျော်ဆွေ ပိုင်ဆိုင်သော ရွှေတော်ဝင်မင်္ဂလာခန်းမ (၁)ကို ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ခန်းမစတိုးအတွင်းမှ စိတ်ကြွဆေးပြား ၁၈.၇ သိန်းနှင့် မော်တော်ယာဉ် ၁ စီးတို့အား သိမ်းဆည်းရမိသဖြင့် ရဲမင်းအောင်၊ စိုင်းဇော်မျိုးသူ (ခ)ပီလောင်၊ စိုင်းထွန်းနိုင် နှင့် ကျော်ဆွေ တို့ ၄ ဦးအား ကျိုက်ထိုမြို့မရဲစခန်း မယ(ပ)၁၇/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁ သန်း ဖမ်းဆီးရမိမှု**

၃၇။ ၉-၁၁-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ ပင်လောင်းမြို့နယ်၊ လိန်းလီတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် ပင်လောင်းဘက်မှ နေပြည်တော်ဘက်သို့ အောင်မင်း မောင်းနှင်ပြီး အောင်ကိုကိုဦး လိုက်ပါလာသော SHN-15 1C-3567 SURF ယာဉ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၁၀ သိန်း




သိမ်းဆည်းရမိခဲ့ပြီး ဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်ရန် ချိတ်ဆက်ပေးသူ စိုင်းခုံးလှိုင်း(ခ)ကိုစိုင်း အား ကာလိမြို့ရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွဆေးပြား များ သယ်ဆောင်ခိုင်းသူ ပီအိုက်နှင့် စိတ်ကြွဆေးပြားများ သယ်ယူရာတွင် လိုက်ပါဆောင်ရွက်ပေးသူ ပီစိုင်း(ခ) ပီကျိုင်း တို့ ၅ ဦးအား ဖိုကုန်း နယ်မြေရဲစခန်း မယ(ပ)၈/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၄.၅ သန်း ဖမ်းဆီးရမိမှု**



၃၈။ ၁၂-၁၁-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ လွိုင်လင်မြို့အထွက်“နေမင်းရောင်” တိုးဂိတ် အနီး လွိုင်လင်-တောင်ကြီးသွား ကားလမ်းမပေါ်တွင် လွိုင်လင် ဘက်မှ တောင်ကြီးဘက်သို့ ခင်ထွေး(ခ)ခင်သိန်း မောင်းနှင်ပြီး လှိုင်မြင့်မိုးလိုက်ပါလာသည့် MDY–17 4F-5872 ALPHARD ယာဉ်ကို ရပ်တန့်စစ်ဆေးမည်ပြုစဉ် မောင်းနှင်ထွက်ပြေးသဖြင့် ရဲအုပ် ပြည့်ဖြိုးဇော် မှာ ယာဉ်ပေါ်တွင်ပါသွားခဲ့ပြီး သေနတ်ဖြင့် ခြောက်လှန့်ဖမ်းဆီးရာ ယာဉ်မောင်း ခင်ထွေး(ခ)ခင်သိန်း အား စစ်ဆေးရေးဂိတ်နှင့် ကိုက် ၂၀၀ အကွာတွင် ယာဉ်နှင့်အတူ ဖမ်းဆီးရမိပြီး လှိုင်မြင့်မိုးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သဖြင့် တရားခံ ခင်ထွေး(ခ) ခင်သိန်း အား ထိန်းသိမ်း၍ ယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၄.၅ သန်း သိမ်းဆည်း ရမိသဖြင့် ခင်ထွေး(ခ)ခင်သိန်း၊ လှိုင်မြင့်မိုးနှင့် စိတ်ကြွဆေးပြားများသယ်ဆောင်ရန် စေခိုင်းသူ စိုင်းလွယ်ခမ်းတို့ ၃ ဦးအား လွိုင်လင် မြို့မရဲစခန်း မယ(ပ) ၂၆/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၁.၂၅ သန်း ဖမ်းဆီးရမိမှု**




၃၉။ ၁၄-၁၁-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ ပင်လောင်းမြို့နယ်၊ လိန်းလီတံတားပူးပေါင်း စစ်ဆေးရေးဂိတ်တွင် ပင်လောင်းဘက်မှ နေပြည်တော် ဘက်သို့ မင်းမင်း(ခ)မျိုးကျော်သူဝင်း မောင်းနှင်ပြီး သီတာဝင်း (မ)နှင့် ဦးပဥ္စင်း ဦးထေရိန္ဒ(ခ)နိုင်လင်း တို့ လိုက်ပါလာသည့် MDY-17 RLG-5467 HIACE ယာဉ်ကို ရှာဖွေရာ ယာဉ်၏ အမိုး မျက်နှာကြက်အတွင်းမှ စိတ်ကြွဆေးပြား ၁၂.၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး ဖော်ထုတ်ချက်အရ ၀၉၅၅ အချိန်

X-Ray စက်တပ်ဖွဲ့စု(မြို့ကြီး)မှ ယာဉ်မောင်း ထွန်းထွန်းဝင်း မောင်းနှင်လာသည့် DD-9547 AD Van ယာဉ်ကို ရှာဖွေစစ်ဆေးရာ ရှိုင်းမြတ်သူ (ခ)စိုင်းအွမ်နှင့် စိုင်းဝေမိုးအောင် (ခ) စိုင်းလုံတို့ ၂ ဦးအား ထပ်မံဖမ်းဆီးရမိသဖြင့် ဖိုကုန်းနယ်မြေရဲစခန်း မယ(ပ) ၉/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အရေးယူမှုဖြစ်ပါသည်။

## စိတ်ကြွဆေးပြား ၆.၁၇၆ သန်းနှင့် ဘိန်းဖြူ ၈.၈ ကီလိုဖမ်းဆီးရမိမှု



၄၀။ ၁-၁၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၀၁) နေပြည်တော်မှ လယ်ဝေးမြို့နယ်၊ တောင်စဉ်အေး စစ်ဆေးရေးဂိတ်တွင် မန္တလေးဘက်မှ ယာဉ်မောင်း တင်ဇော်လတ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ကျော်ဆန်းဌေး လိုက်ပါလာသော MDY-14 5P-3438 CHENGLONG မြေသယ်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် ဘိလပ်မြေအိတ်များနှင့် ရောၡ၍ သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွဆေးပြား ၄.၂ သန်း သိမ်းဆည်းရမိ၍ တင်ဇော်လတ်(ခ) အဲအဲ(ခ) ဖက်တီး၊ ကျော်စန်းဌေး၊ ထန်ခိုဆေး၊ ဝင်းအောင်၊ သားငယ်(ခ) ဟန်ထွန်းနိုင်(ဖမ်းမမိ)၊ မအိအိမြတ်စံ (မ) (ဖမ်းမမိ)၊ အောင်သိန်း(ခ) လော်ကျိန်းရှင်(ခ)အားရှင်(ဖမ်းမမိ)၊ နန်းဝေယံ(ဖမ်းမမိ)၊ ဒေါ်ချို(မ) (ဖမ်းမမိ) တို့အား သာဝတ္ထိနယ်မြေရဲစခန်း မယ(ပ) ၈/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ၂-၁၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်း(အရှေ့)ရပ်ကွက်၊ အမက(၂၂)နေ ကျောင်းအုပ်ကြီး ဦးဝင်းအောင် ၏ နေအိမ် အိပ်ခန်းအတွင်းမှ စိတ်ကြွဆေးပြား ၁၈ သိန်း သိမ်းဆည်းရမိ၍ ထန်ခိုဆေး၊ ဝင်းအောင်၊ တင်ဇော်လတ် (ခ) အဲအဲ (ခ) ဖက်တီး၊ ကျော်စန်းဌေး၊ သားငယ်(ခ) ဟန်ထွန်းနိုင်(ဖမ်းမမိ)၊ မအိအိမြတ်စံ (မ)(ဖမ်းမမိ)၊ အောင်သိန်း (ခ)လော်ကျိန်းရှင် (ခ)အားရှင်(ဖမ်းမမိ)၊ နန်းဝေယံ(ဖမ်းမမိ) တို့အား ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၈) မြို့မရဲစခန်း မယ(ပ)၂၀/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ အရ လည်းကောင်း၊ ၂၀-၁၀-၂၀၂၃ ရက်နေ့တွင် ဦးသန်းသန်းထွန်း ထံ တရားခံထန်ခိုဆေး မှ ငွေကျပ် သိန်း ၅၀၀ လွှဲပြောင်းထားကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်း၏နေရပ်လိပ်စာအား အတည်ပြုခဲ့ပြီး ၅-၁၂-၂၀၂၃ ရက်နေ့တွင် ပုသိမ်ကြီးမြို့နယ်၊ အိုင်ကြီးကျေးရွာရှိ ဦးသန်းသန်းထွန်း ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ သန်းသန်းထွန်း(ခ) အိုက်စိုင်း အား ဖမ်းဆီးရမိပြီး နေအိမ်ခြံဝင်းအတွင်း ရပ်ထားသော YGN-8 8I-9842 SUPER CUSTOM ယာဉ်ပေါ်နှင့် နေအိမ်မျက်နှာကြက်အတွင်းမှ စိတ်ကြွဆေးပြား ၁.၇၆ သိန်းနှင့် ဘိန်းဖြူ ၈.၈ ကီလိုတို့အား သိမ်းဆည်းရမိခဲ့သဖြင့် သန်းသန်းထွန်း (ခ)အားစိုင်းနှင့် အောင်သိန်း(ခ)လော်ကျိန်းရှင် (ခ) အားရှင်(ဖမ်းမမိ)တို့ ၂ ဦးအား အုန်းချောနယ်မြေရဲစခန်း မယ(ပ) ၃၅/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## စိတ်ကြွဆေးပြား ၄.၅၁၄ သန်း၊ အိုက် ၁၂၀ ကီလိုနှင့် ဘိန်းဖြူ ၄.၀၇ ကီလို ဖမ်းဆီးရမိမှု



၄၁။ ၁၅-၁၂-၂၀၂၃ ရက်နေ့တွင် အောင်ပင်လယ်နယ်မြေရဲစခန်းမှ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ရထားသံလမ်း(ကျူး)နေ အောင်ကျော်မိုး၊ သိင်္ဂီဝင်း နှင့် အေးသီတာ တို့ ၃ ဦး၏ နေအိမ်မှ အိုက်စ် ၄ ကီလိုနှင့် စိတ်ကြွဆေးပြား ၈၀၅၀ ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅) ရပ်ကွက်၊ အကွက်အမှတ်(ခ/၄)၊ အမှတ်(၃၁)နေအိမ်မှ စိတ်ကြွဆေးပြား ၄၅.၁၄ သိန်း၊ အိုက်စ် ၁၂၀ ကီလို၊ ဘိန်းဖြူ ၄၀.၇ ကီလိုနှင့် Vacuum Packing Machine စက် ၁ လုံးနှင့် ဆပ်ပြာခွက် အလွတ် ၁၀၁၀၀ ခွက် တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် အိုက်စ် ၄ ကီလို၊ စိတ်ကြွဆေးပြား ၈၀၅၀ ပြား သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ အောင်ကျော်မိုး၊ မသိင်္ဂီဝင်း၊ မအေးသီတာ၊ဇော်ကြီး(ခ)အောင်သူဟိန်း (ဖမ်းမမိ)၊ အောင်ထွေး(ခ) လောအန်(ဖမ်းမမိ) တို့အား ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁၁)နယ်မြေ ရဲစခန်း၊ မယ(ပ) ၁၉/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က) အရလည်းကောင်း၊ စိတ်ကြွဆေးပြား ၄၅.၁၄ သိန်း၊ အိုက်စ် ၁၂၀ ကီလိုနှင့် ဘိန်းဖြူ ၄.၀၇ ကီလိုတို့ကို သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ နေအိမ်ငှားရမ်းထားသူ အောင်ထွေး(ခ)လောအန် (ဖမ်းမမိ)အား ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁၁) နယ်မြေရဲစခန်း မယ(ပ) ၁၉/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က) အရလည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## စိတ်ကြွဆေးပြား ၁.၅ သန်း ဖမ်းဆီးရမိမှု



၄၂။ ၁၅-၁၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တောင်ကြီး-ကလောသွားကားလမ်း၊ ကလော မြို့အဝင် တိုးဂိတ်တွင် တောင်ကြီးမှ ကလောဘက်သို့ အောင်မျိုးထွန်း(ခ)အောင်မျိုး မောင်းနှင်ပြီး သွင်ဇာအောင် လိုက်ပါလာသည့် YGN-21 6D-9089 ALPHARD ယာဉ်ကို ရှာဖွေရာ ယာဉ်နောက်ခန်းတွင် တင်ဆောင်လာသည့် ဆာလာအိတ်များအတွင်းမှ စိတ်ကြွဆေးပြား ၁၅ သိန်း ဖမ်းဆီးရမိသဖြင့် အောင်မျိုးထွန်း(ခ) အောင်မျိုး နှင့် သွင်ဇာအောင် တို့အား ကလောမြို့မရဲစခန်း မယ (ပ)၃၂/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၈၅ ကီလို ဖမ်းဆီးရမိမှု



၄၃။ ၄-၂-၂၀၂၃ ရက်နေ့တွင် သံတွဲမြို့နယ်ရဲတပ်ဖွဲ့၊ ကျောက်ကြီးနယ်မြေရဲစခန်းမှ သံတွဲမြို့နယ်၊ သစ်ငုတ်တိုကျေးရွာအုပ်စု၊ စိန်တဲကျေးရွာနှင့် သစ်ငုတ်တိုကျေးရွာ၏ အနောက်ဘက်တစ်မိုင်ခန့်အကွာ ဆိပ်ကြီးဆိပ်ကမ်း အဟောင်း အနီးရှိ ရာဘာခြံအတွင်းမှ အိုက်စ် ၂၀၈၅ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ ဌေးကြည်(ခ) ပေါက်ကင်း(မ)၊ နိုင်လင်းထွန်း(ခ)ဖေကြီး နှင့် သိန်းကျော်ထွန်းတို့ ၃ ဦးအား ကျောက်ကြီးနယ်မြေရဲစခန်း မယ(ပ)၁/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### အိုက်စ်(မက်သ်အဖက်တမင်း) ၁၉၁၀ ကီလို ဖမ်းဆီးရမိမှု



၄၄။ ၅-၂-၂၀၂၃ ရက်နေ့တွင် တပ်မတော်(ရေ)မှ မြောက်လတ္တီတွဒ် ၁၀ ဒီ ၀၁ ဒ ၂ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီ ၃၀ ဒ ၆ မိနစ်(အရှေ့) (မြန်မာ-အိန္ဒိယအမှတ်(၂) ပွိုင့်၏ အရှေ့မြောက် ၁၀ မိုင်ခန့် အကွာ) ၌ အောင်ပြည့်စုံ - ၉၉ အမည်ရှိ သစ်သားစက်လှေတစ်စီးနှင့်အတူ အိုက်စ် ၁၉၁၀ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ သောင်းစိန် ၊ တင်မျိုးလတ်၊ မြင့်လွင်၊ မင်းနိုင်သိန်း၊ ဘသန်းခိုင် နှင့် ရွှေနု (ဖမ်းမမိ)တို့ ၆ ဦးအား ကော့သောင်းမြို့မရဲစခန်း မယ(ပ)၁၃/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀၀ ကီလို ဖမ်းဆီးရမိမှု



၄၅။ ၄-၃-၂၀၂၃ ရက်နေ့တွင် X-Ray စက်တပ်ဖွဲ့စု (ကွဲတပ်ဆုံ)မှ X-Ray (ကွဲတပ်ဆုံ)စစ်ဆေးရေးဂိတ်တွင် DONGFENG ၈ ဘီး၊ ဆီဘောက်ဆာယာဉ်တစ်စီး၊ FORD ယာဉ်တစ်စီးတို့နှင့်အတူ GPS တစ်ခုတို့အား သိမ်းဆည်းရမိသဖြင့် တရားခံ သိန်းဝင်းဆွေ(ခ)မဲကြီး၊ ကျော်ခိုင်ထွေး၊ ကိုဘုန်း(ခ)ဘုန်းနိုင်ဝင်း၊ ဝင်းဇော်ဟိန်း (ဖမ်းမမိ)နှင့် ရန်ကုလား (ဖမ်းမမိ)တို့ ၅ ဦးအား သာစည်မြို့မရဲစခန်း မယ(ပ)၈/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**အိုက်စ်(မက်သ်အဖက်တမင်း) ၇၀၅ ကီလို၊ ကက်တမင်း ၁ ကီလိုနှင့် ဘိန်းဖြူ ၀.၇ ကီလို ဖမ်းဆီးရမိမှု**



၄၆။ ၅-၆-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ နောင်ချိုမြို့နယ်၊ တောင်ရှည်ကျေးရွာအုပ်စု၊ မကျည်းရေကျေးရွာ၊ ဒုဋ္ဌဝတီတံတားအနီး ရပ်စောက် - နောင်ချိုသွားကားလမ်းပေါ်တွင် ၆ ဘီးယာဉ်နှင့်အတူ အိုက်စ် ၇၀၅ ကီလို၊ ကက်တမင်း ၁ ကီလိုနှင့် ဘိန်းဖြူ ၀.၇ ကီလို ဖမ်းဆီးရမိပြီး မြန်မာငွေကျပ် သိန်း ၁၀၀၀ နှင့် ရွှေ ၂.၅ ပိဿာတို့ကို သိမ်းဆည်းရမိသဖြင့် တရားခံ စိုင်းဆိုင်မိုင်း ၊ စိုင်းရှင်းသန့်ဇင်၊ ရဲနောင်၊ ဝင်းကျော်သူ(ခ)ဝင်းကျော် ၊ အောင်ဇော်မျိုး (ခ) ဖိုးကြူ၊ နေလင်းထိုက် (ခ)ကျွဲကြီး၊ လန်ဒိုမုန်(ခ)ဇော်နန် ၊ စိုင်းဖ(ခ)အောင်မင်းခန့် (ဖမ်းမမိ)၊ လောဝူး(ခ) အားဝူ(ဖမ်းမမိ)၊ မင်းရဲထွန်း (ဖမ်းမမိ)၊ ရန်ဝေ(ခ)ကော် (ဖမ်းမမိ)တို့ ၁၁ ဦးအား ပြင်ဦးလွင်မြို့မရဲစခန်း မယ(ပ)၂၁/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**အိုက်စ်(မက်သ်အဖက်တမင်း) ၃၀၀၄.၈ ကီလိုနှင့် စိတ်ကြွဆေးပြား ၃၀.၈၆ သန်း ဖမ်းဆီးရမိမှု**



၄၇။ ၁၃-၈-၂၀၂၃ ရက်နေ့တွင် X-Ray စက်တပ်ဖွဲ့စု (ကျွဲတပ်ဆုံ)မှ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ X-Ray စက်တပ်ဖွဲ့စု(ကျွဲတပ်ဆုံ) စစ်ဆေးရေးစခန်းတွင် အိုက်စ် ၃၀၀၀ ကီလို၊ စိတ်ကြွဆေးပြား ၂၉ သန်းနှင့် 7.62 mm ကျည် ၂၀၀၀၀ တောင့်၊ ကွင်းဆက် ဖော်ထုတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်း မြို့နယ်တွင် အိုက်စ် ၄.၈ ကီလိုနှင့် စိတ်ကြွဆေးပြား ၁.၈၆ သန်း ၊ စုစုပေါင်း အိုက်စ် ၃၀၀၄.၈ ကီလိုနှင့် စိတ်ကြွဆေးပြား ၃၀.၈၆ သန်း ဖမ်းဆီးရမိသဖြင့် အိုက်စ် ၃၀၀၀ ကီလို၊ စိတ်ကြွဆေးပြား ၂၉ သန်း၊ 7.62 mm ကျည် ၂၀၀၀၀ တောင့် သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ တရားခံ ကျော်ဇင်ထွန်း ၊ ထွန်းဝေ(ခ)ဖိုးဇကာ၊ ကိုထွန်း(ခ)ထွန်းမင်းလတ်၊ ကျော်လှိုင်(ခ)ကိုကိုလှိုင် ၊ ထက်နိုင်(ဖမ်းမမိ)၊ ကိုမင်း(ခ)မင်းရဲထက်(ဖမ်းမမိ) နှင့် တင်ထွန်း(ခ)မဲကြီး (ဖမ်းမမိ)တို့ ၇ ဦးအား သာစည်မြို့မရဲစခန်း မယ(ပ)၁၉/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ နှင့် သာစည်မြို့မရဲစခန်း(ပ)၈၀/၂၀၂၃၊ လက်နက် ဥပဒေပုဒ်မ ၂၆/၃၁ တို့အရ လည်းကောင်း၊ စိတ်ကြွဆေးပြား ၁၈.၆ သိန်း၊ အိုက်စ် ၄.၈ ကီလို သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ တရားခံ ဝင်းထွန်းဦး ၊ ကျော်ဇေယျ (ဖမ်းမမိ)နှင့် သန်းထိုက်(ဖမ်းမမိ)တို့ ၃ ဦးအား သုဝဏ္ဏမြို့မရဲစခန်း မယ(ပ) ၁၂/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ လည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## အိုက်စ်(မက်သ်အဖက်တမင်း) ၂၆၀၀ ကီလို ဖမ်းဆီးရမိမှု



၄၈။ ၃၀-၁၀-၂၀၂၃ ရက်နေ့တွင် တပ်မတော်(ရေ)မှ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၆.၆ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၄.၆ မိနစ် (မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်နိမိတ်ပွိုင့်အမှတ်(၁)၏ အရှေ့မြောက်ဘက် ၂၁ မိုင်ခန့်အကွာ၊ ကျော့သောင်းမြို့၏ အနောက် တောင်ဘက် ၁၅၇ မိုင်ခန့် အကွာ)၌ အောင်မြတ်သူ-၁၀၈ အမည်ရှိ စက်လှေပေါ်မှ တရားခံ ၇ ဦးနှင့်အတူ အိုက်စ် ၂၆၀၀ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ မင်းမင်းစိုး၊ အောင်မင်းသူ၊ သူရဦး(ခ)ဝက်ကြီး၊ ရန်ပိုင်စိုး၊ မြင့်ထွန်း၊ သူရဦး၊ ဝင်းလှိုင်ဦး၊ မင်းသား(ခ)ညီညီ(ဖမ်းမမိ)၊ ကိုဇော်(ခ) ခင်ဇော်(ဖမ်းမမိ)တို့အား ကျော့သောင်းမြို့မရဲစခန်း မယ(ပ) ၁၁၄/ ၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## အိုက်စ်(မက်သ်အဖက်တမင်း) ၂၀၇၀ ကီလို ဖမ်းဆီးရမိမှု



၄၉။ ၃-၁၂-၂၀၂၃ ရက်နေ့တွင် X-Ray စက်တပ်ဖွဲ့စု (မြို့ကြီး)တွင် ရန်နိုင်စိုး(ခ)ရန်နိုင် မောင်းနှင်ပြီး အိအိခင် (ခ) မအိ(မ)နှင့် မေဦးကိုကို (ခ)မေဦးကြည်လင်(မ)တို့ လိုက်ပါလာသည့် YGN-1 1H-7157 ALPHARD ယာဉ်ပေါ်မှ အိုက်စ် ၆၅ ကီလိုအား စတင်တွေ့ရှိခဲ့ပြီး အိုက်စ် ၆၅ ကီလိုအား ရန်ကုန်မြို့တွင် လက်ခံမည့် AA အဖွဲ့ဝင်များဖြစ်သည့် နေလင်းထွန်းနှင့် စိုးထွန်း တို့ ၂ ဦး အား ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်၊ ပုလဲလမ်းတွင် YGN-45 2D-1625 ALPHARD ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံများအား စစ်ဆေးချက်အရ ရွှေပြည်သာမြို့နယ်၊ (၁) ရပ်ကွက်၊ ကနောင်မင်းသားကြီးလမ်း၊ အမှတ်(၂၂၀)ရှိ ဂိုဒေါင်အား သွားရောက်ရှာဖွေရာ AA အဖွဲ့ဝင် ထွန်းလင်း(ခ)ပြုံးချိုနှင့်အတူ အိုက်စ် ၈၆၅ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး အောင်မင်္ဂလာအဝေးပြေးကားဝင်း၊ မြင်းခြံလမ်း၊ လင်းမန္တလာကားဂိတ်တွင် အိုက်စ်များအား ပို့ဆောင်ရန် ချိတ်ဆက်စေခိုင်းသူ ဇော်မင်းထွေး(ခ)သန်းဝင်း (ခ)ရန်နိုင်ဝင်း(ခ) နဂါး(ခ)သရဲနှင့် သင်းမြတ်ဆွေ(ခ)ရင်ရင်လှ တို့အား လည်းကောင်း၊ အိုက်စ် ၆၅ ကီလို လက်ခံမည့် ဦးဦးလှဝင်း(ခ)သားကြီး အား တောင်ငူမြို့ရှိ ကေတုမတီဟိုတယ်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၆-၁၂-၂၀၂၃ ရက်နေ့တွင် ဦးဦးလှဝင်း(ခ)သားကြီး ပိုင်သည့် CANTER BOX ယာဉ်အတွင်းမှ အိုက်စ် ၁၁၄၀ ကီလိုနှင့် ကဖင်း ၈၀၀ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ပါသည်။

၅၀။ အိုက်စ် ၆၅ ကီလို သိမ်းဆည်းရမိမှုမှ အိအိခင်(ခ)မအိ(မ)၊ မေဦးကိုကို(ခ)ဗစ်တိုးရီးယား (ခ) မေဦးကြည်လင်(မ)၊ ရန်နိုင်စိုး(ခ)ရန်နိုင်၊ နေလင်းထွန်း(ခ)ကျော်စိုး(ခ) နောနော်(AA အဖွဲ့ဝင်၊ AC -0104 ဒုဗိုလ်အဆင့်ရှိ)၊ စိုးထွန်း(AA အဖွဲ့ဝင်၊ AC-0304၊ ဗိုလ်အဆင့်ရှိ)၊ ရန်နိုင်ဝင်း(ခ) ဇော်မင်းထွေး (ခ) သန်းဝင်း (ခ) နဂါး (ခ) သရဲ၊ သင်းမြတ်ဆွေ (ခ) ရင်ရင်လှ(မ)၊ မောင်ဦးလှဝင်း (ခ) သားကြီး၊ ထွန်းထွန်းဦး (ခ) လော်ကောက်(ဖမ်းမမိ)၊ မောင်နိုင်(ဖမ်းမမိ)၊ ကျော်မြတ်ဦး(ခ) သားသား (ခ) ဝေသာထွန်း (ဖမ်းမမိ) (AA အဖွဲ့ဝင်၊ ဗိုလ်မှူးကြီးအဆင့်ရှိ) တို့အား ရွှေပြည်သာမြို့မရဲစခန်း၊ မယ(ပ) ၂၂/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁/၂၂(က) အရလည်းကောင်း၊ အိုက်စ် ၈၆၅ ကီလို သိမ်းဆည်းရမိမှုမှ နေလင်းထွန်း(ခ) ကျော်စိုး(ခ)နောနော်(AA အဖွဲ့ဝင်၊ AC -0104 ဒုဗိုလ်အဆင့်ရှိ)၊ စိုးထွန်း(AA အဖွဲ့ဝင်၊ AC-0304၊ ဗိုလ်အဆင့်ရှိ)၊ ထွန်းလင်း(ခ)ပြုံးချို(AA အဖွဲ့ဝင်၊ AC-0037 ဗိုလ်အဆင့်ရှိ)၊ အိအိခင်(ခ)မအိ(မ)၊ ရန်နိုင်ဝင်း(ခ)ဇော်မင်းထွေး (ခ)သန်းဝင်း(ခ)နဂါး(ခ)သရဲ၊ မောင်ဦးလှဝင်း(ခ)သားကြီး၊ စိုးပိုင်၊ ကျော်ဟန်(ခ)ဆံရှည်(AA ဖွဲ့ဝင်၊ AA-0287 တပ်ကြပ်ကြီး အဆင့်ရှိ)၊ ထွန်းနု(AA အဖွဲ့ဝင်၊ AA-18923 တပ်သားအဆင့်ရှိ)၊ ကျော်လင်းဆန်း (ခ)ကျော်လင်း(AA အဖွဲ့ဝင်၊ AA-15473 တပ်သားအဆင့်ရှိ)၊ ငွေလင်းဇော်၊ ကျော်ငွေးစိုး(ခ)ရခိုင်ဖြူ၊ ထွန်းထွန်းဦး(ခ) လော်ကောက်(ဖမ်းမမိ)၊ မောင်နိုင်(ဖမ်းမမိ)၊ ရှမ်းမ(ခ)နန်းရွှေလူး(မ)(ဖမ်းမမိ)၊ ကျော်မြတ်ဦး (ခ) သားသား (ခ) ဝေသာထွန်း(ဖမ်းမမိ)(AA အဖွဲ့ဝင်၊ ဗိုလ်မှူးကြီးအဆင့်ရှိ)တို့အား ရွှေပြည်သာမြို့မ ရဲစခန်း၊ မယ(ပ)၂၃/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁/၂၂(က) အရလည်းကောင်း၊ အိုက်စ် ၁၁၄၀ ကီလို၊ ကဖင်း ၈၀၀ ကီလို သိမ်းဆည်းရမိမှုမှ မောင်ဦးလှဝင်း(ခ)သားကြီး၊ နေလင်းထွန်း(ခ) ကျော်စိုး(ခ) နောနော် (AA အဖွဲ့ဝင်၊ AC -0104 ဒုဗိုလ်အဆင့်ရှိ)၊ ထွန်းလင်း(ခ)ပြုံးချို(AA အဖွဲ့ဝင်၊ AC-0037 ဗိုလ်အဆင့်ရှိ)၊ ကျော်မြတ်ဦး(ခ)သားသား(ခ)ဝေသာထွန်း (ဖမ်းမမိ) (AA အဖွဲ့ဝင်၊ ဗိုလ်မှူးကြီး အဆင့်ရှိ) တို့အား တောင်ဥက္ကလာပမြို့မရဲစခန်း မယ(ပ)၂၇/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၁၉(က)/၂၂(က)/၂၁ အရ လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူမှုဖြစ်ပါသည်။

### စိတ်ပြောင်းဆေးဝါး(Happy Water) ၁၀.၀၃ ကီလို ဖမ်းဆီးရမိမှု

၅၁။ ၁၉-၄-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ မြို့ရှောင်လမ်း၊ ရွှေသဲ အိမ်ဆောက်ပစ္စည်းဆိုင်ရှေ့ လမ်းမပေါ်တွင် စိုင်းအောင်ဆာ မောင်းနှင်ပြီး စိုင်းပူးခမ်း လိုက်ပါလာသည့် SHN 1H-8577 Crown ယာဉ်နောက်ခန်းအတွင်းမှ စိတ်ပြောင်းဆေးဝါး (Happy Water) ၁၀.၀၃ ကီလို သိမ်းဆည်း



ရမိခဲ့သဖြင့် စိုင်းအောင်ဆာ နှင့် စိုင်းပူးခမ်း တို့ ၂ ဦးအား တာချီလိတ်မြို့မရဲစခန်း မယ(ပ) ၁၇/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ပြောင်းဆေးဝါး Happy Water ၁၂.၆၃ ကီလို ဖမ်းဆီးရမိမှု**



၅၂။ ၄-၈-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တာချီလိတ်မြို့၊ ဆန်ဆိုင်း (ခ) ရပ်ကွက်၊ ဟံသာဝတီလမ်း၊ "ဖင်းဖင်း" ကိုရီးယားအသားကင်ဆိုင် အနီးတွင် ကြိုတင်သတင်းရရှိထားသူ စိုင်းဟောင်ခမ်း (ခ) စိုင်းတီ မောင်းနှင်ပြီး သက်လှိုင်ဦး လိုက်ပါလာသည့် SHN-12 7G-6373 Toyota Crown အနက်ရောင်ယာဉ်ကို ရှာဖွေရာ ယာဉ်နောက်ခန်းထိုင်ခုံပေါ်ရှိ ကျောပိုးအိတ်အတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water ၁၂.၆၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး Happy Water များ ပို့ဆောင်ခိုင်းသည့် ထိုင်းနိုင်ငံသူ Ms. Chonruedi Sarika အား မြလင်းပွင့်မိုတယ်၊ အခန်းအမှတ်(A-1) တွင် ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းဟောင်ခမ်း (ခ)စိုင်းတီ၊ သက်လှိုင်ဦးနှင့် Ms. Chonruedi Sarika (မ) (ထိုင်းနိုင်ငံသူ)တို့ ၃ ဦးအား တာချီလိတ် မြို့မရဲစခန်း မယ(ပ) ၃၇/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ပြောင်းဆေးဝါး (Happy Water) ၁၄.၉၁ ကီလို ဖမ်းဆီးရမိမှု**



၅၃။ ၁၅-၉-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ ရွှေမိသားစုဟိုတယ် အနီး ကားပါကင်တွင် သန်းစိန်(ခ)အားဝေ မောင်းနှင်ပြီး အောင်ကျော်ဦး (ခ) အယောင်းလိုက်ပါလာသည့် SHN-28 6P/8951 Toyota Hilux Revo ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး (Happy Water) ၁၄.၉၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် သန်းစိန်(ခ)အားဝေ နှင့် အောင်ကျော်ဦး(ခ) အယောင်း တို့ ၂ ဦးအား ဟောင်လိတ်နယ်မြေရဲစခန်း မယ(ပ) ၄၁/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ပြောင်းဆေးဝါး (Happy Water) ၁၀.၁၇ ကီလို ဖမ်းဆီးရမိမှု**

၅၄။ ၇-၁၀-၂၀၂၃ ရက်နေ့တွင် X-Ray စက်တပ်ဖွဲ့စု (ကျွဲတပ်ဆုံ)မှ သာစည်မြို့နယ်၊ X-Ray စက် (ကျွဲတပ်ဆုံ) တွင် တောင်ကြီးဘက်မှ တာချီလိတ်-ရန်ကုန် ပြေးဆွဲသော YGN-17 9P-3177 ခရီးသည်တင်



ယာဉ်ပေါ်တွင် လိုက်ပါလာသူ ခရီးသည် ထူးမြတ်နေ့သွယ်(မ)၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ပြောင်းဆေးဝါး (Happy Water) ၅.၆၇ ကီလိုနှင့် ခုံအမှတ် (၂) တွင် လိုက်ပါလာသူ ခရီးသည် နှင်းဝေဖြိုး(မ)၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ပြောင်းဆေးဝါး (Happy Water) ၄. ၅ ကီလို၊ စုစုပေါင်း စိတ်ပြောင်းဆေးဝါး (Happy Water) ၁၀.၁၇ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ အောင်သူမိုး(ဖမ်းမမိ) မှ သယ်ဆောင်ခိုင်းသဖြင့် စိုင်းစိုင်း(ဖမ်းမမိ)ထံမှ ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် နှင်းဝေဖြိုး(မ)၊ ထူးထူး(ခ)ထူးမြတ်နေ့သွယ်(မ)၊ အောင်သူမိုး (ဖမ်းမမိ)နှင့် စိုင်းစိုင်း(ဖမ်းမမိ) တို့အား သာစည်မြို့မ ရဲစခန်း မယ(ပ) ၂၄/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ပြောင်းဆေးဝါး (Happy Water) ၂၁.၅၄ ကီလို၊ ကဖင်းဆေးပြား ၀.၈၈ ကီလိုနှင့် အက်တက်စီ ဆေးပြား ၅၀၀၀ ပြား ဖမ်းဆီးရမိမှု**



၅၅။ ၁၁-၁၀-၂၀၂၃ ရက်နေ့တွင် X-Ray စက်တပ်ဖွဲ့စု (ကွဲတပ်ဆုံ)မှ တောင်ကြီးဘက်မှ တာချီလိတ်-ရန်ကုန် "မိုးကောင်းကင်" ခရီးသည်တင် SCANIA Express ယာဉ် YGN-3 6Q-530 ကိုရှာဖွေရာ ယာဉ်ပေါ်တွင် လူမဲ့တန်ဆာ တင်ဆောင်လာသည့် "မယွန်းငယ်၊ တာမွေ၊ ဖုန်းအမှတ် 09429966989" အမည်ပါ စက္ကူဂျပ်ဖာ ၄ ဖာအတွင်းမှ မုန့်ထုပ်များနှင့် ဖုံးအုပ်ထားသည့် စိတ်ပြောင်းဆေးဝါး (Happy Water)ထုပ်များ စတင်တွေ့ရှိခဲ့ပြီး အဆိုပါ ဂျပ်ဖာများကို ရန်ကုန်မြို့၊ မိုးကောင်းကင်ဂိတ်သို့ ပို့ဆောင်ရမည်ဖြစ်ကြောင်း သိရှိရသဖြင့် တရားခံဖမ်းဆီးရမိရေး စောင့်ဆိုင်းနေစဉ် လာရောက်ရွေးယူခြင်းမရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စိတ်ပြောင်း ဆေးဝါး (Happy Water) ၁၄.၉၄ ကီလို သိမ်းဆည်း ရမိခဲ့ပြီး ၁၄-၁၀-၂၀၂၃ ရက်နေ့ မိုးကောင်းကင်ဂိတ်တွင် ဆက်လက်စောင့်ကြည့်ခဲ့ရာ စက္ကူဂျပ်ဖာ ၄ ဖာအား လာရောက်ရွေးယူသူ ရဲရင့်အောင် အား ဖမ်းဆီးရမိခဲ့ပါသည်။ တရားခံ ရဲရင့်အောင် ၏ အစစ်ခံချက်အရ ပစ္စည်းရွေးခိုင်းသူ စောဂျွန်ပေါလ်(ခ)ဂျွန်ပေါ အား စိတ်ပြောင်းဆေးဝါး (Happy Water) ၆.၆ ကီလိုနှင့် ကဖင်းဆေးပြား ၂၂၀၀ ပြားနှင့်အတူ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ မ/၂၄၂၊ အခန်း(၉)တွင် ထပ်မံသိမ်းဆည်းရမိခဲ့ပါသည်။ စောဂျွန်ပေါလ် အား စစ်ဆေးဖော်ထုတ်ချက်အရ ၁၄-၁၀-၂၀၂၃ ရက်နေ့တွင် တာချီလိတ်မြို့၌ နေလဝင်း နှင့် ရဲရင့်ဌေးအောင်(ခ)အိုက်ပီး တို့ ၂ ဦးအား အက်တက်စီဆေးပြား ၅၀၀၀ ပြားနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စိတ်ပြောင်းဆေးဝါး (Happy Water)

၁၄.၉၄ ကီလို သိမ်းဆည်းရမိမှုမှ တရားခံ အိုက်ပီး(ဖမ်းမမိ)၊ ယွန်းငယ်(မ)(ဖမ်းမမိ)၊ ရဲရင့်အောင်၊ စောဂျွန်ပေါလ်(ခ) ဂျွန်ပေါ၊ နေလဝင်း(ခ)Bankနှင့် ရဲရင့်ဌေးအောင် (ခ)အိုက်ပီးတို့အား မမစ(ဗဟန်း) မယ(ပ)၂၂/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၆.၆ ကီလိုနှင့် ကဖင်းဆေးပြား ၂၂၀၀ ပြား သိမ်းဆည်းရမိမှုမှ စောဂျွန်ပေါလ်(ခ) ဂျွန်ပေါ၊ နေလဝင်း(ခ)Bank တို့အား ရန်ကင်းမြို့မရဲစခန်း မယ(ပ) ၁၄/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/ ၁၉(က)/၂၁ အရလည်းကောင်း၊ စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၅၀၀၀ ပြား သိမ်းဆည်းရမိမှုမှ တရားခံ နေလဝင်း(ခ)Bank နှင့် ရဲရင့်ဌေးအောင် (ခ) အိုက်ပီး တို့အား ဟောင်လိတ်နယ်မြေ ရဲစခန်း မယ(ပ)၄၈/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ပြောင်းဆေးဝါး (Happy Water) ၁၇.၂၈ ကီလို ဖမ်းဆီးရမိမှု**



၅၆။ ၁၂-၁၀-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်မှ လှိုင်လင်-တောင်ကြီးသွားကားလမ်း၊ ဟိုတင့်ကျေးရွာအနီးတွင်တာချီလိတ်ဘက်မှရန်ကုန်ဘက်သို့မောင်းနှင်လာသည့် "မိုးကောင်းကင်" ခရီးသည်တင် YGN-3 6Q-3568 မှန်လုံယာဉ်အားရှာဖွေရာ ယာဉ်၏ဝမ်းဗိုက်အတွင်း "ကိုမောင်စံ၊ အောင်ဆန်းကွင်း၊ ရန်ကုန်မြို့၊ ဖုန်း-09754230771" ဟု ရေးသားထားသော စက္ကူဂျပ်ဖာ ၂ ဖာအတွင်း၌ နို့မှုန့်အိတ်များဖြင့် ထည့်လျက် စိတ်ပြောင်းဆေးဝါး (Happy Water) များ စတင်တွေ့ရှိခဲ့ပြီး ရန်ကုန်မြို့၊ မိုးကောင်းကင် ကားဂိတ်၌ အဆိုပါ ဂျပ်ဖာများအား ထွန်းမြတ်သူ(ခ)မောင်စံမှ လာရောက်ရွေးယူစဉ် ထိန်းသိမ်းရှာဖွေရာ စက္ကူဂျပ်ဖာ ၂ ဖာအတွင်းမှ Happy Water ၁၇.၂၈ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ထွန်းမြတ်သူ(ခ) မောင်စံနှင့် စိုင်းစိုင်း(ဖမ်းမမိ)တို့ ၂ ဦးအား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း မယ(ပ)၁၈/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ပြောင်းဆေးဝါး Happy Water ၂၂.၈ ကီလို ဖမ်းဆီးရမိမှု**

၅၇။ ၂-၁၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့၊ ပါဆတ်ရပ်ကွက်၊ ပါဆတ်ဘုန်းကြီးကျောင်းဝင်းအတွင်း၌ စိုင်းနွန်းမောင်းနှင်လာသော 9N-7559 TOYOTA HILUX REVO ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၂၂.၈ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းနွန်း အား ဟောင်လိတ်နယ်မြေရဲစခန်း မယ(ပ)၅၅/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က) အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။



**Bismuth (III) Oxide ၁၅၀ လီတာ၊ Glutaraldehyde Sodium ၁၃၅၀ လီတာ၊ Ethyl Acetate ၂၁၀၀ လီတာ၊ Benzyl Cyanide ၁၃၅၀ လီတာ ဖမ်းဆီးရမိမှု**



၅၈။ ၉-၁-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ်၊ ဟိုပုံး-လွိုင်လင်သွား ကားလမ်း၊ ထမ်ဆန်းကျေးရွာအဝင်၊ မိုင်တိုင် z (၁၄၀-၁၄၁) ကြားတွင် NISSAN DIESEL ၁၂ ဘီးယာဉ်တစ်စီးနှင့်အတူ Bismuth(III) Oxide ၁၅၀ လီတာ၊ Glutaraldehyde Sodium ၁၃၅၀ လီတာ၊ Ethyl Acetate ၂ ၁၀၀ လီတာ၊ Benzyl Cyanide ၁၃၅၀ လီတာတို့ကို သိမ်းဆည်းရမိသဖြင့် တရားခံ သန့်ဇော်ထွေး ၊ ဟန်ဝင်းအောင်၊ မျိုးကြည်(ခ) ဖက်တီး နှင့် မင်းမင်း(ဖမ်းမမိ)တို့ ၄ ဦး အား ဟိုပုံးမြို့မ ရဲစခန်း၊ (ပ)၇/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၃၇/၃၈ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**Tartaric Acid ၆၈၇၅ ကီလို ဖမ်းဆီးရမိမှု**



၅၉။ ၉-၁-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့၊ ဝမ်ပုံကျေးရွာအုပ်စု၊ ထင်းရှူးမြိုင်ကျေးရွာ၊ မ/၆၉ ၊ ပြည်ထောင်စုလမ်းမကြီးရှိ “ညီစန္ဒာ” ဂက်စ်အမျိုးမျိုး ရောင်းဝယ်ရေးဆိုင်ခြံဝင်းကို ရှာဖွေရာ NISSAN ၁၂ ဘီးယာဉ် တစ်စီးနှင့်အတူ ဆာလာအိတ် ၂၇၅ အိတ်ဖြင့်ထည့်လျက် Tartaric Acid ၆၈၇၅ ကီလို သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ နမ့်စန်မြို့နယ်၊ ထင်းရှူးမြိုင်ကျေးရွာ၊ ငြိမ်းချမ်းအောင်လမ်းသွယ်ရှိ နေအိမ်ကိုရှာဖွေရာ လူနေထိုင်ခြင်းမရှိဘဲ နေအိမ်အခန်းအတွင်းမှ ဖန်ပေါင်းအိုး ၂၀ လုံးနှင့် ဆန်ကာပါ ကြွေကန်တော့ ၁၀ လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် တရားခံ ကြားဝမ် နှင့် လဲ့စန္ဒာ(မ)တို့ ၂ ဦးအား နမ့်စန်မြို့မရဲစခန်း၊ မယ(ပ) ၁/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**Sulfurous Dichloride ၁၂၀၀၀ လီတာ ဖမ်းဆီးရမိမှု**

၆၀။ ၁၄-၁-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု (၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့၊ ကန်ကြီးရပ်ကွက်၊ တောင်ကြီး-လွိုင်လင်သွားကားလမ်း၊ (၄)မိုင်ပူးပေါင်း စစ်ဆေးရေးဂိတ်၌ ၂၂ ဘီးယာဉ်တစ်စီးနှင့်အတူ Sulfurous Dichloride ၁၂၀၀၀ လီတာ သိမ်းဆည်းရမိသဖြင့် တရားခံ



ဇော်ငွေးအောင်၊ အာကာနှင့် သိန်းသန်းကျော်(ခ)အာနိုး (ဖမ်းမမိ) တို့ ၃ ဦးအား တောင်ကြီးမြို့မရဲစခန်း၊ (ပ) ၁၆/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၇/၃၈ အရ အမှုဖွင့် အရေးယူမှု ဖြစ်ပါသည်။

**Benzyl Cyanide ၁၇၈၅၀ လီတာနှင့် Caustic Soda ၆၇၅၀ ကီလို ဖမ်းဆီးရမိမှု**



၆၁။ ၁၅-၁-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ်၊ ကန်ကြီးရပ်ကွက်၊ တောင်ကြီး - လွိုင်လင်သွား ကားလမ်း၊ (၄)မိုင်ပူးပေါင်း စစ်ဆေးရေးဂိတ်၌ ၂၂ ဘီး တွဲယာဉ် ၂ စီးနှင့်အတူ Benzyl Cyanide ၁၇၈၅၀ လီတာ နှင့် Caustic Soda ၆၇၅၀ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး Benzyl Cyanide ၁၂၆၀၀ လီတာ သိမ်းဆည်းရမိမှုမှ တရားခံ မျိုးအောင်၊ ပြည့်ဖြိုးအောင်၊ ဇော်လင်းစိုး၊ မြတ်သူဦး (ခ) မြတ်သူနှင့် ကိုသူ(ခ)မျိုးမင်းသန်း(ဖမ်းမမိ)တို့ ၅ ဦးအား တောင်ကြီးမြို့မရဲစခန်း၊ (ပ) ၁၇/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရ လည်းကောင်း၊ Benzyl Cyanide ၅၂၅၀ လီတာနှင့် Caustic Soda ၆၇၅၀ ကီလို သိမ်းဆည်းရမိမှုမှ တရားခံ စည်သူအောင် ၊ တင်အောင်ဝင်း၊ ဇော်လင်းစိုး၊ မြတ်သူဦး(ခ)မြတ်သူ နှင့် ကိုသူ(ခ) မျိုးမင်းသန်း(ဖမ်းမမိ)တို့ ၅ ဦးအား တောင်ကြီးမြို့မရဲစခန်း၊ (ပ) ၁၈/၂၀၂၃၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရလည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**Sodium Hydroxide Anhydrous (NaOH) ၁၄၉၅၀ ကီလို ဖမ်းဆီးရမိမှု**



၆၂။ ၁၅-၁-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်-တောင်ကြီးသွားကားလမ်း၊ လွိုင်လင်မြို့နယ်၊ ဟိုတင့်ကျေးရွာအနီး၌ ၁၂ ဘီးယာဉ်တစ်စီးနှင့်အတူ Sodium Hydroxide Anhydrous (NaOH) ၁၄၉၅၀ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် တရားခံ မျိုးကျော် (ခ)အားမီ၊ ရွှေမင်းဦး (ခ)ကောင်းထက်၊ နေထူး (ဖမ်းမမိ)နှင့် အားဝေ (ဖမ်းမမိ)တို့ ၄ ဦးတို့အား လွိုင်လင်မြို့မရဲစခန်း၊ (ပ)၃/၂၀၂၃၊

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### Toluene ၇၅၀၀ လီတာနှင့် Methylamine ၄၅၀၀ လီတာ ဖမ်းဆီးရမိမှု



၆၃။ ၁၆-၁-၂၀၂၃ ရက်နေ့တွင် X-Ray စက်တပ်ဖွဲ့စု (ကွဲတပ်ဆုံ)မှ သာစည်မြို့နယ်၊ ကွဲတပ်ဆုံကျေးရွာ၊ Mobile X-Ray (ကွဲတပ်ဆုံ) စစ်ဆေးရေးစခန်းအနီး၌ ၁၂ ဘီးယာဉ် တစ်စီးနှင့်အတူ Toluene ၃၀၀၀ လီတာနှင့် Methylamine သံပီပါ ၃၀ လုံး၊ စုစုပေါင်း ၄၅၀၀ လီတာအားလည်းကောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန် (၃)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ အမှတ်(၁၃၆)ရှိ ဂိုဒေါင်အတွင်းမှ Toluene သံပီပါ ၃၀ လုံး၊ စုစုပေါင်း ၄၅၀၀ လီတာအားလည်းကောင်း၊ စုစုပေါင်း Toluene ၇၅၀၀ လီတာနှင့် Methylamine ၄၅၀၀ လီတာ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် Toluene ၃၀၀၀ လီတာနှင့် Methylamine ၄၅၀၀ လီတာ သိမ်းဆည်းရမိမှုမှ တရားခံ ချစ်တိုင်းအောင်(ခ) ကျော်ကျော်၊ ကျော်ဇင်ခက်(ခ)ကျော်ခန့်နှင့် စိုင်းခေးလှိုင် (ခ) ကြွက်တို့ ၃ ဦးအား သာစည်မြို့မရဲစခန်း၊ မယ(ပ)၅/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရလည်းကောင်း၊ ရွှေပြည်သာ မြို့နယ်တွင် Toluene ၄၅၀၀ လီတာ သိမ်းဆည်းရမိမှုမှ တရားခံ စိုင်းခေးလှိုင်(ခ)ကြွက် နှင့် နတူး၊ (ဖမ်းမမိ)တို့ ၂ ဦးအား အင်းစိန်မြို့မရဲစခန်း၊ မယ(ပ) ၄/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ) /၂၁ အရလည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### Ethyl Acetate ၁၇၄၆ လီတာ ဖမ်းဆီးရမိမှု



၆၄။ ၁၇-၁-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၂)၊ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့၊ သိန်းသန်းချီကားဝင်းအတွင်း GI Express ကားဂိတ်တွင် Ethyl Acetate ၃၆၀ လီတာအားလည်းကောင်း၊ ဖော်ထုတ်ချက်အရ မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်၊ စက်မှုနယ်မြေ၊ စက်မှုလမ်း၊ အမှတ်(စမ-၉၃)ရှိ “ရွှေဖား” ခြင်ဆေးခွေ စက်ရုံဟောင်းအတွင်းမှ Ethyl Acetate ၁၃၈၆ လီတာအားလည်းကောင်း၊ စုစုပေါင်း Ethyl Acetate ၁၇၄၆ လီတာအား သိမ်းဆည်းရမိသဖြင့် တရားခံ အိုက်လှိုင် နှင့် ပွင့်ယမင်းကို(ခ)ယမင်း(မ)တို့ ၂ ဦးအား မူဆယ် မြို့မရဲစခန်း၊ (ပ)၁၇/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၃၇/၃၈ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### Sodium Hydroxide Anhydrous ၁၀၀၀၀ ကီလို ဖမ်းဆီးရမိမှု



၆၅။ ၁၁-၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၅၅) မိတ္ထီလာမှ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာ၊ မိုင်တိုင် အမှတ်(၃၁/၄)မိုင်၊ မိတ္ထီလာ- တောင်ကြီးသွား ကားလမ်းတွင် ၂၂ ဘီးတွဲယာဉ်တစ်စီးနှင့်အတူ Sodium Hydroxide Anhydrous ၁၀၀၀၀ ကီလို သိမ်းဆည်းရမိသဖြင့် မင်းစိုးနိုင် နှင့် ဗိုလ်နန်း (ဖမ်းမမိ) တို့ ၂ ဦးအား သာစည်မြို့မရဲစခန်း၊ (ပ)၁၄/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၇/၃၈ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### Sodium Ethoxide ၁၀၄၀၀ ကီလို ဖမ်းဆီးရမိမှု



၆၆။ ၂၃-၃-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ ကျောက်ဆည်မြို့နယ်၊ ဟံမြင့်မိုရ်-ရှာင်သွားကားလမ်း၊ သံရွာစစ်ဆေးရေးဂိတ်၌ Daewoo တွဲယာဉ်နှင့်အတူ Sodium Ethoxide ၁၀၄၀၀ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ ကျော်သူဟန်၊ အောင်ဇေယျ(ခ)ဇေယျ၊ စန်းသီ(ခ)တွမ်ရွှေချန် နှင့် ဝဏ္ဏအောင်(ခ)စိုင်းလုံတို့ ၄ ဦးအား သံရွာနယ်မြေရဲစခန်း၊ (ပ)၁၂/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၇/၃၈ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### Caustic Soda Flakes ၆၀၀၀၀ ကီလို ဖမ်းဆီးရမိမှု



၆၇။ ၁၀-၄-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ လွိုင်လင်မြို့နယ်၊ လွိုင်လင်-တောင်ကြီးသွား ကားလမ်း၊ ဟိုတင့်ကျေးရွာအနီးတွင် တွဲယာဉ် ၂ စီးနှင့်အတူ Caustic Soda Flakes အမှုန့်/အခဲ ၆၀၀၀၀ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ ဝင်းလွင်၊ မောင်ငယ်၊ စိုးသူဝင်း၊ နိုင်ရဲထွန်း နှင့် အောင်အောင်(ခ) အောင်ကိုကို (ဖမ်းမမိ)တို့ ၅ ဦးအား လွိုင်လင်မြို့မရဲစခန်း၊ (ပ)၉/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၇/၃၈ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### Caffeine ၁၉၇၅ ကီလို ဖမ်းဆီးရမိမှု



၆၈။ ၂၈-၄-၂၀၂၃ ရက်နေ့တွင် တပ်မတော်မှ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်း- မက်မန်းသွားလမ်းတွင် SKAT ၆ ဘီးယာဉ်တစ်စီးနှင့်အတူ Caffeine ၁၉၇၅ ကီလို သိမ်းဆည်းရမိပြီး မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံသို့ လွှဲပြောင်းပေးအပ်သဖြင့် တရားခံနာလိန်၊ စိုင်းဆွေဖူး၊ စိုင်းအောင်စိန်၊ အိုက်တိန်(ဖမ်းမမိ)၊ အိုက်ငဲ(ဖမ်းမမိ)နှင့် မျိုးတင့်(ခ)ပီကျိုင်းကုလား (ဖမ်းမမိ) တို့ ၆ ဦးအား မိုင်းပျဉ်းမြို့မရဲစခန်း၊ မယ(ပ) ၂/၂၀၂၃၊ မူး/စိတ် ပုဒ်မ ၁၆(ခ)/၂၁ အရ အမှုဖွင့်အရေးယူမှု ဖြစ်ပါသည်။

### Caustic Soda ၁၄၅၀၀ ကီလိုနှင့် Benzyl Cyanide ၁၂၀၀ လီတာ ဖမ်းဆီးရမိမှု



၆၉။ ၃-၅-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)မှ ပုသိမ်ကြီးမြို့နယ်၊ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ၆ ဘီးယာဉ်တစ်စီး၊ TOYOTA WISH ယာဉ်တစ်စီးတို့နှင့်အတူ Caustic Soda ၂၀၀၀ ကီလိုနှင့် Benzyl Cyanide ၁၂၀၀ လီတာအားလည်းကောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ ပြည်ကြီးတံခွန်မြို့နယ်၊ ၅၄ လမ်း၊ ၁၃၃ × ၁၃၄ လမ်းကြားတွင် အလုံပိတ်ယာဉ် ၂ စီးနှင့်အတူ Caustic Soda ၁၂၅၀၀ ကီလိုအားလည်းကောင်း၊ စုစုပေါင်း Caustic Soda ၁၄၅၀၀ ကီလိုနှင့် Benzyl Cyanide ၁၂၀၀ လီတာ သိမ်းဆည်းရမိခဲ့သဖြင့် Caustic Soda ၂၀၀၀ ကီလို နှင့် Benzyl Cyanide ၁၂၀၀ လီတာ သိမ်းဆည်းရမိမှုမှ တရားခံ ဇော်မြင့်(ခ)ပုချို၊ မျိုးအောင် (ခ)မောင်မောင်၊ ရန်နိုင်ထွန်း(ခ) ပြောင်ကြီး၊ စောဂေးနေထူး(ခ)ဖိုးခွား၊ အောင်ကျော်ဆန်း၊ စည်သူ (ခ) ပြည့်ဖြိုးမောင် (ဖမ်းမမိ)၊ ဗိုလ်ဗိုလ်ကျော်(ဖမ်းမမိ) နှင့် နိုင်မင်းစိုး (ခ)သြဒစ် (ဖမ်းမမိ)တို့ ၈ ဦးအား အုန်းချောနယ်မြေရဲစခန်း၊ (ပ)၅၆/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၃၇/၃၈ အရလည်းကောင်း၊ Caustic Soda ၁၂၅၀၀ ကီလို သိမ်းဆည်းရမိမှုမှ တရားခံ မြတ်မင်းဦး၊ မိုးကျော်၊ လှရှိန်၊ အောင်ကျော်ဆန်း ၊ စည်သူ(ခ)ပြည့်ဖြိုးမောင် (ဖမ်းမမိ)၊ ဗိုလ်ဗိုလ်ကျော် (ဖမ်းမမိ)၊ နိုင်မင်းစိုး(ခ) သြဒစ်(ဖမ်းမမိ)တို့ ၇ ဦး အား စက်မှုနယ်မြေရဲစခန်း၊ (ပ)၉၀/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရလည်းကောင်း အမှုဖွင့် အရေးယူမှု ဖြစ်ပါသည်။

### Hydrochloric acid ၆၈၀၀ လီတာ ဖမ်းဆီးရမိမှု



၇၀။ ၂၃-၅-၂၀၂၃ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ နောင်ချိုမြို့အဝင်၊ အိုရီယမ်တယ် တိုးဂိတ်အနီးတွင် NISSAN ၁၂ ဘီးယာဉ်တစ်စီးနှင့်အတူ Hydrochloric acid ၆၈၀၀ လီတာ သိမ်းဆည်းရမိသဖြင့် တရားခံ စိုင်းလင်းပိုင်၊ အောင်ဇော်ဦး (ခ) အောင်အောင်၊ သက်နိုင်ထွေး၊ မြတ်သူ(ခ) မင်းမြတ်သူ၊ သော်ဇင်လွင်ရွှေ(ခ)ဟိန်းလွင်ရွှေ(ခ) သော်ကြီး၊ ရဲထက်နိုင်(ခ) ကိုရဲ၊ အောင်ပြည့်(ဖမ်းမမိ)တို့ ၇ ဦးအား နောင်ချိုမြို့မရဲစခန်း၊ မယ(ပ) ၄၁/၂၀၂၃၊ မူး/စိတ် ပုဒ်မ ၁၆(ခ)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### Ethanol ၈၅၀၀ လီတာ ဖမ်းဆီးရမိမှု



၇၁။ ၆-၆-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ ကျောက်ဆည်မြို့နယ်၊ ဟံမြင့်မိုရ်- ရွာငံသွား ကားလမ်း၊ ကင်းကျေးရွာအနီး သံရွာစစ်ဆေးရေးဂိတ်တွင် ၁၂ ဘီးယာဉ် တစ်စီးနှင့်အတူ Ethanol ၈၅၀၀ လီတာ သိမ်းဆည်းရမိသဖြင့် တရားခံ ငွေစိုးဦး၊ ဇင်မင်းထက်၊ မျိုးဝင်းထွန်း ၊ ဟန်ကျော်ကျော် တို့ ၄ ဦးအား သံရွာနယ်မြေရဲစခန်း၊ (ပ)၁၉/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၃၇/၃၈ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### Ethyl Acetate ၁၂၆၀၀ လီတာ ဖမ်းဆီးရမိမှု



၇၂။ ၁၄-၆-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၅၅) မိတ္ထီလာမှ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီး၊ သာစည် - ကလေးသွားကားလမ်း၊ မိုင်တိုင်အမှတ် (၃၁/၄)တွင် MDY 6J-7410 SCANIA ၂၂ ဘီး တွဲယာဉ်ပေါ်မှ Ethyl Acetate ၆၆၀၀ လီတာအားလည်းကောင်း၊ MDY-13 7L-8864 VOLVO ၂၂ ဘီးတွဲယာဉ်ပေါ်မှ Ethyl Acetate ၆၀၀၀ လီတာအားလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် Ethyl Acetate ၆၆၀၀ လီတာ သိမ်းဆည်းရမိမှုမှ တရားခံ မျိုးလှိုင်ဝင်း၊ ဇင်မင်းထွေး(ခ)ကိုထွေး ၊ သကြ်ဳန်မိုးနှင့် ကျော်စွာ(ခ) ရန်နိုင်ထူး (ဖမ်းမမိ)တို့ ၄ ဦးအား သာစည်မြို့မရဲစခန်း

(ပ)၅၇/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရလည်းကောင်း၊ Ethyl Acetate ၆၀၀၀ လီတာ သိမ်းဆည်းရမိမှုမှ တရားခံ ဝင်းခန့်မောင် ၊ ကျော်စွာ(ခ) ရန်နိုင်ထူး(ဖမ်းမမိ)တို့ ၂ ဦးအား သာစည်မြို့မရဲစခန်း၊ (ပ)၅၈/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၇/၃၈ အရလည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**Caffeine ၁၀၅၈ ကီလို ဖမ်းဆီးရမိမှု**



၇၃။ ၂၁-၆-၂၀၂၃ ရက်နေ့တွင် ကျောက်ဆည်မြို့နယ်၊ X-Ray စက်တပ်ဖွဲ့စု(မြို့ကြီး)တွင် ၁၂ ဘီးယာဉ်တစ်စီးနှင့် အတူ Caffeine ၁၀၅၈ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ အောင်ကိုကိုဦး ၊ ဟေမာန်သိန်း နှင့် ကျော်ကျော်ဆန်း (ဖမ်းမမိ) တို့ ၃ ဦးအား ရွာငံမြို့မရဲစခန်း၊ မယ(ပ)၈/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**Caffeine ၁၀၀၀.၆ ကီလို၊ စိတ်ကြွဆေးပြား ၁၅၂၀ ပြားနှင့် Happy Water ၀.၀၂၄ ကီလို ဖမ်းဆီးရမိမှု**



၇၄။ ၂၇-၆-၂၀၂၃ ရက်နေ့ မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန် (အရှေ့)မှ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၂)ရပ်ကွက်ရှိ City Mart အနီးတွင် ကြိုတင်သတင်းရရှိထားသူ တင်ဇာမင်းနှင့် သီဟကျော်(ခ)သီဟ တို့ ၂ ဦးအား City Mart ရှေ့ ကားပါကင် ဝင်းအတွင်း တွေ့ရှိရှာဖွေရာ Caffeine ၀.၆ ကီလိုနှင့် စိတ်ကြွဆေးပြား ၆၀၀ ပြားအားလည်းကောင်း၊ စစ်ဆေးချက် အရ ၎င်းတို့ငှားရမ်းနေထိုင်သည့် ဒဂုံဆိပ်ကမ်း မြို့နယ်၊ (၉၂)ရပ်ကွက်၊ ခေတ္တာလမ်း၊ တိုက်(၄၀)၊ အခန်း (၀၀၈)မှ Caffeine ၁၀၀၀ ကီလိုနှင့် စိတ်ကြွဆေးပြား ၉၂၀ ပြားတို့အားလည်းကောင်း၊ ထပ်မံစစ်ဆေးချက် အရ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁) ရပ်ကွက်၊ ရတနာနှင်းဆီအိမ်ရာ၊ ရတနာလမ်း၊ တိုက်(၁/B)၊ အခန်း(၁၈၀၁) တွင် ချောစုလှိုင်(ခ) စုစုငြိမ်း(ခ) စုစု(မ)နှင့် မျိုးနေဇာ(ခ)မျိုးတေဇတို့ထံမှ Happy Water ၂၄ ဂရမ် ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် စိတ်ကြွဆေးပြား ၆၀၀ ပြားနှင့် Caffeine ၀.၆ ကီလို ဖမ်းဆီးမိမှုမှ တင်ဇာမင်း နှင့် သီဟကျော် (ခ)သီဟ တို့ ၂ ဦး အား ဒဂုံဆိပ်ကမ်းမြို့မရဲစခန်း၊ မယ(ပ)၂၃/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း၊ စိတ်ကြွဆေးပြား ၉၂၀ ပြားနှင့် Caffeine ၁၀၀၀ ကီလို ဖမ်းဆီးရမိမှုမှ တင်ဇာမင်း နှင့် သီဟကျော်(ခ)သီဟ၊ ချောစုလှိုင်(ခ)စုစုငြိမ်း (ခ) စုစု (မ)နှင့် မျိုးနေဇာ(ခ) မျိုးတေဇ တို့ ၄ ဦးအား ဒဂုံဆိပ်ကမ်းမြို့မရဲစခန်း၊ မယ(ပ) ၂၄/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း၊ Happy Water) ၀.၀၂၄ ကီလို ဖမ်းဆီးရမိမှုမှ ချောစုလှိုင်(ခ) စုစုငြိမ်း (ခ) စုစု(မ)နှင့် မျိုးနေဇာ(ခ) မျိုးတေဇ တို့

၂ ဦးအား ဒဂုံဆိပ်ကမ်းမြို့မရဲစခန်း၊ မယ(ပ) ၂၅/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ အရလည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**Hydrochloric acid ၂၂၀၄၀ လီတာ၊ Sulphuric Acid ၁၂၀၀၀ လီတာနှင့် Dichloromethane Acid ၂၆၇၂၀ လီတာ ဖမ်းဆီးရမိမှု**



၇၅။ ၂၉-၆-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တောင်ကြီး-နမ့်စန်သွားကားလမ်း၊ လွိုင်လင်မြို့အဝင်တိုးဂိတ်တွင် တောင်ကြီးဘက်မှ လွိုင်လင် ဘက်သို့ ဝေယံမြင့်သူ (ခ) မောင်မောင် မောင်းနှင်ပြီး အောင်မင်းသူ (ခ) အောင်ငဲလေး လိုက်ပါလာသည့် MDY-14 5M-2510 Volvo ၂၂ ဘီးတွဲယာဉ်ပေါ်မှ Hydrochloric acid ၂၂၀၄၀ လီတာအားလည်းကောင်း၊ ဇင်ဝင်းထွေး မောင်းနှင်ပြီး လင်းထက်ဇော် လိုက်ပါလာသော MDY-14 5M-9075 Volvo ၂၂ ဘီး တွဲယာဉ်ကိုရှာဖွေရာ Sulphuric Acid ၁၂၀၀၀ လီတာအားလည်းကောင်း၊ အေးမင်းအောင် မောင်းနှင်ပြီး အာကာဦး(ခ)ဖိုးသား လိုက်ပါလာသော SHN-28 3S-8466 Genhoo ၂၂ ဘီးတွဲယာဉ်ကို ရှာဖွေရာ Dichloromethane Acid ၁၄၈၈၀ လီတာအားလည်းကောင်း၊ ငြိမ်းထိုက်စံ မောင်းနှင်ပြီး သီဟကိုကို လိုက်ပါလာသည့် MDY-1 7N-2784 Volvo ၂၂ ဘီး တွဲယာဉ်ကိုရှာဖွေရာ Dichloromethane Acid အရည် ၁၁၈၄၀ လီတာအားလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် Hydrochloric acid ၂၂၀၄၀ လီတာ သိမ်းဆည်းရမိမှုမှ တရားခံ ဝေယံမြင့်သူ(ခ) မောင်မောင်၊ အောင်မင်းသူ(ခ) အောင်ငဲလေး ၊ စစ်ငြိမ်းထွန်း၊ ရဲလင်းထက် ၊ ရဲထွန်းသိန်း(ခ)ထွန်းထွန်း၊ မင်းမင်းသက်နိုင် (ခ)ကိုမင်း၊ နေမျိုးလင်း (ခ) ကိုလတ်၊ မျိုးခင်၊ ကိုစိုင်း(ခ)အားကျွင်း (ဖမ်းမမိ)၊ သက်မောင်မောင်ဋ္ဌေး (ခ)ကိုစိုင်း(ဖမ်းမမိ)၊ ကိုပိုင်(ခ)မင်းပြည့်စုံ (ဖမ်းမမိ)၊ ဦးကျော်(ခ)တင်ဦး (ဖမ်းမမိ) တို့ ၁၂ ဦးအား လွိုင်လင်မြို့မရဲစခန်း၊ မယ(ပ)၁၆/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၀(က)/၂၁ အရလည်းကောင်း၊ Sulphuric Acid ၁၂၀၀၀ လီတာ သိမ်းဆည်းရမိမှုမှ တရားခံ ဇင်ဝင်းထွေး၊ လင်းထက်ဇော် ၊ စစ်ငြိမ်းထွန်း၊ ရဲလင်းထက်၊ ရဲထွန်းသိန်း (ခ)ထွန်းထွန်း၊ မင်းမင်းသက်နိုင် (ခ)ကိုမင်း၊ နေမျိုးလင်း(ခ)ကိုလတ်၊ မျိုးခင် ၊ ကိုစိုင်း(ခ) အားကျွင်း (ဖမ်းမမိ)၊ သက်မောင်မောင်ဋ္ဌေး(ခ) ကိုစိုင်း(ဖမ်းမမိ)၊ ကိုပိုင်(ခ)မင်းပြည့်စုံ (ဖမ်းမမိ)တို့ ၁၁ ဦးအား လွိုင်လင်မြို့မရဲစခန်း၊ မယ(ပ)၁၇/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/ ၂၀(က)/၂၁ အရလည်းကောင်း၊ Dichloromethane Acid ၁၄၈၈၀ လီတာ သိမ်းဆည်းရမိမှုမှ တရားခံ အေးမင်းအောင်၊ အာကာဦး (ခ)ဖိုးသား၊ စစ်ငြိမ်းထွန်း ၊ ရဲလင်းထက်၊ ရဲထွန်းသိန်း(ခ) ထွန်းထွန်း ၊ မင်းမင်းသက်နိုင်(ခ) ကိုမင်း၊ နေမျိုးလင်း(ခ)ကိုလတ်၊ မျိုးခင်၊ ကိုစိုင်း(ခ) အားကျွင်း(ဖမ်းမမိ)၊ သက်မောင်မောင်ဋ္ဌေး (ခ)ကိုစိုင်း (ဖမ်းမမိ)၊ ကိုပိုင်(ခ)မင်းပြည့်စုံ (ဖမ်းမမိ)တို့ ၁၁ ဦးအား လွိုင်လင်မြို့မ

ရဲစခန်း၊ (ပ)၂၄/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရလည်းကောင်း၊ Dichloromethane Acid အရည် ၁၁၈၄၀ လီတာသိမ်းဆည်းရမိမှုမှ တရားခံ ငြိမ်းထိုက်စံ၊ သီဟကိုကို၊ စစ်ငြိမ်းထွန်း၊ ရဲလင်းထက်၊ ရဲထွန်းသိန်း(ခ) ထွန်းထွန်း၊ မင်းမင်းသက်နိုင် (ခ) ကိုမင်း၊ နေမျိုးလင်း (ခ)ကိုလတ် ၊ မျိုးခင် ၊ ကိုစိုင်း(ခ) အားကျွင်း (ဖမ်းမမိ)၊ သက်မောင်မောင်ဌေး (ခ) ကိုစိုင်း (ဖမ်းမမိ)၊ ကိုပိုင်(ခ)မင်းပြည့်စုံ (ဖမ်းမမိ) တို့ ၁၁ ဦးအား လှိုင်လင်မြို့မရဲစခန်း၊ (ပ)၂၅/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရလည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### Caffeine ၅၃၀၀ ကီလို ဖမ်းဆီးရမိမှု



၇၆။ ၁၄-၇-၂၀၂၃ ရက်နေ့တွင် တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ ဆမ်ဖူးနှင့် နမ့်ဖုန်းရွာကြား မဲခေါင်မြစ်ကမ်းဘေးတွင် ဆိုက်ကပ်ထားသည့် ကျိုင်းလပ်မြို့၊ ဝမ်ကျင်း(၃)ရပ်ကွက်၊ မဲခေါင်လမ်းနေ ဦးနန်အွန် ပိုင်ဆိုင်သည့် Wan Pong-19 စက်လှေအား ရှာဖွေရာ Caffeine ၅၃၀၀ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ နန်အွန် (ဖမ်းမမိ) အား ဝမ်ပုံနယ်မြေရဲစခန်း၊ မယ(ပ)၁၄/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ) အရ အမှုဖွင့်အရေးယူမှုဖြစ်ပါသည်။

### Hydrochloric acid ၇၂၀၀ လီတာ ဖမ်းဆီးရမိမှု



၇၇။ ၂၈-၇-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု (၁၆) ပြင်ဦးလွင်မှ ပြင်ဦးလွင်မြို့နယ်၊ မန္တလေး-လားရှိုး သွားကားလမ်း၊ ရေငယ်လမ်းဆုံတွင် MITSUBISHI FUSO ၁၂ ဘီး ယာဉ်တစ်စီးနှင့်အတူ Hydrochloric acid ၇၂၀၀ လီတာ သိမ်းဆည်းရမိသဖြင့် တရားခံ အိုက်ဆမ် နှင့် ပလောင် (ဖမ်းမမိ)တို့ ၂ ဦးအား ပိတ်ချင်းမြောင်နယ်မြေရဲစခန်း၊ မယ(ပ) ၁၈/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

### Hydrochloric acid ၁၈၂၀၀ လီတာနှင့် Sulphuric Acid ၂၅၇၆၀ လီတာ ဖမ်းဆီးရမိမှု

၇၈။ ၉-၈-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၀၁) နေပြည်တော်မှ လယ်ဝေးမြို့နယ်တွင် ၆ ဘီးယာဉ် တစ်စီးနှင့်အတူSulphuric Acid ၂၆၆၀ လီတာ ဖမ်းဆီးရမိပြီး ဖော်ထုတ်ချက်အရ ရမည်းသင်းမြို့နယ်တွင်



၂၂ ဘီး တွဲယာဉ်တစ်စီးနှင့်အတူ Hydrochloric acid ၁၈၂၀၀ လီတာအားလည်းကောင်း၊ မင်္ဂလာဒုံ မြို့နယ်တွင် Sulphuric Acid ၁၀၂၀၀ လီတာအား လည်းကောင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် Sulphuric Acid ၁၂၉၀၀ လီတာအား လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် လယ်ဝေးမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တွင် ဆာလဖျူရစ်အက်စစ် ၂၆၆၀ လီတာနှင့် Hydrochloric acid ၁၈၂၀၀ လီတာ သိမ်းဆည်းရမိမှုမှ ဂွန်ပီတာ (ခ)ဂျိုးဇက်၊ အောင်သိမ်း၊ စိုးဝင်းဋ္ဌေး၊ ကျော်သူဟိန်း(ခ)ဖိုးကျော်၊ ရဲအောင်(ခ)ကိုရဲ၊ ခင်မောင်ဦး၊ ဇာနည်လင်း၊ ဋ္ဌေးဝင်းစိုး(ခ)ကုလား၊ သန့်ဇင်ဦး(ခ)သန့်ဇင်၊ ထက်အောင်ပိုင် (ခ)ကိုပိုင်၊ ကျော်စွာမြင့် (ခ)ကျော်စွာနှင့် ကိုမျိုး(ခ) စိုင်းကျော်ဋ္ဌေး (ဖမ်းမမိ) တို့ ၁၂ ဦးအား ရမည်းသင်းမြို့မရဲစခန်း၊ မယ(ပ) ၁၀/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရ လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်တွင် Sulphuric Acid ၁၀၂၀၀ လီတာ သိမ်းဆည်းရမိမှုမှ တရားခံ သန့်ဇင်ဦး(ခ)သန့်ဇင်၊ ထက်အောင်ပိုင်(ခ)ကိုပိုင်၊ ကျော်သူဟိန်း(ခ)ဖိုးကျော်နှင့် ရဲအောင်(ခ)ကိုရဲ တို့ ၄ ဦးအား ထောက်ကြန့်နယ်မြေရဲစခန်း၊ မယ(ပ) ၂၀/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရ လည်းကောင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် Sulphuric Acid ၁၂၉၀၀ လီတာ သိမ်းဆည်းရမိမှုမှ တရားခံ ထက်အောင်ပိုင် (ခ) ကိုပိုင်နှင့် ကျော်သူဟိန်း (ခ)ဖိုးကျော်တို့ ၂ ဦးအား ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့မရဲစခန်း၊ မယ(ပ)၁၅/၂၀၂၃၊ မူး/စိတ် ပုဒ်မ ၁၆(ခ)/၂၁ အရလည်းကောင်း အမှုဖွင့်အရေးယူမှုဖြစ်ပါသည်။

**Phenol Loose Crystals ၂၁၀၀၀ ကီလို ဖမ်းဆီးရမိမှု**



၇၉။ ၁၄-၉-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု (၅၅) မိတ္ထီလာမှ သာစည်မြို့နယ်၊ MDY-12 6K-9364 DONGFENG ၂၂ ဘီးတွဲယာဉ်တစ်စီးနှင့်အတူ Phenol Loose Crystals ၂၁၀၀၀ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ ထွန်းမြင့်ဦး၊ ဝေဖြိုးကျော် နှင့် အားယုံ (ဖမ်းမမိ)တို့ ၃ ဦးအား သာစည်မြို့မ ရဲစခန်း၊ (ပ)၈၅/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**Ethyl Acetate ၁၁၅၂၀ ကီလို ဖမ်းဆီးရမိမှု**

၈၀။ ၃၀-၉-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု (၃၂) မြဝတီမှ မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်၊ မြဝတီ-မယ်ထော်သလေးကားလမ်းရှိ သောင်ရင်းမြစ်ကမ်းဘေး BGF ထိန်းချုပ် ဇီးရိုးဂိတ်အတွင်းတွင်




YGN 1M-9844 NISSAN ၁၂ ဘီး BOX ယာဉ်အား မသက်သာသဖြင့် နောက်ယောင်ခံ လိုက်ပါခဲ့ပြီး မြဝတီ-မယ်ထော်သလေး သွားကားလမ်း၊ မာမီဂိတ်အနီးတွင် စစ်ဆေးခဲ့ရာ Ethyl Acetate ၁၁၅၂၀ ကီလို သိမ်းဆည်းရမိသဖြင့် တရားခံ ရဲခေါင်အား မြဝတီမြို့မရဲစခန်း၊ (ပ)၂၃၁/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**Methylamine ၁၃၅၀၀ လီတာ၊ Benzyl Cyanide ၁၂၀၀၀ လီတာ နှင့် Benzene ၃၈၀၀ လီတာ ဖမ်းဆီးရမိမှု**



၈၁။ ၉-၁၀-၂၀၂၃ ရက်နေ့ အမှတ်(၄၃)မူးယစ်တပ်ဖွဲ့စု၊ ရန်ကုန် (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တွံတေးမြို့နယ်၊ ထင်းစုကျေးရွာ၊ စက်မှုဇုန်ဝင်း၊ အမှတ်မရှိ၊ ဂိုဒေါင်အား ဝင်ရောက်ရှာဖွေရာ စိုင်းစံထွန်း (ခ) လျောင်ကွမ်းစိမ်း အား တွေ့ရှိရပြီး ဂိုဒေါင်အတွင်းမှ Methylamine ၁၃၅၀၀ လီတာ၊ Benzyl Cyanide ၁၂၀၀၀ လီတာနှင့် Benzene ၁၅၀၀ လီတာတို့ကို သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ လော်ရီ ဆိုသူ၏ ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် လော်ရီ ပိုင်ဆိုင်သည့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ အလယ်ကျေးရွာအုပ်စု၊ ရွှေလင်ပန်းစက်မှုဇုန်ရှိ မြန်မာရွှင်ထွန်း ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီဂိုဒေါင်ကို ဝင်ရောက်ရှာဖွေရာ ဂိုဒေါင်တာဝန်ခံ မအမ်းကျင်(ခ)အေးအေး အား Benzene ၂၃၀၀ လီတာနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် တရားခံ စိုင်းစံထွန်း(ခ) လျောင်ကွမ်းစိမ်းနှင့် လောရီ (ဖမ်းမမိ)တို့ ၂ ဦးအား Methylamine ၁၃၅၀၀ လီတာ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ ခလောက်ချိုက်နယ်မြေရဲစခန်း မယ(ပ) ၁/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရလည်းကောင်း၊ Benzyl Cyanide ၁၂၀၀၀ လီတာနှင့် Benzene ၁၅၀၀ လီတာ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ ခလောက်ချိုက် နယ်မြေရဲစခန်း (ပ)၃၄/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရလည်းကောင်း၊ Benzene ၂၃၀၀ လီတာ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ မအမ်းကျင်(ခ) အေးအေးနှင့် လောရီ(ဖမ်းမမိ)တို့ ၂ ဦးအား သောင်ကြီးနယ်မြေရဲစခန်း၊ (ပ)၁၀၇၅/၂၀၂၃၊ ဓာတု ပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရ လည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**Benzene ၁၃၆၈၀ လီတာ, Ethyl Acetate ၁၁၅၂၀ လီတာ, Hydrochloric acid ၃၆၀ လီတာနှင့် Sulphuric Acid ၇၂၀ လီတာ ဖမ်းဆီးရမိမှု**



၈၂။ ၁၀-၁၁-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၇)၊ မန္တလေး(မြောက်ပိုင်း)မှ ပုသိမ်ကြီးမြို့နယ်၊ ထုံးဘို တိုးဂိတ်အနီးတွင် မန္တလေးဘက်မှ ပြင်ဦးလွင်ဘက်သို့ ဇင်မင်းထွန်း မောင်းနှင်လာသော YGN-12 5M-7344 NISSAN DIESEL ၁၂ ဘီးယာဉ်နှင့် ချမ်းသူ မောင်းနှင်၍ ထွန်းလင်း လိုက်ပါလာသော KYN-4 9L-2581 HINO PROFIA ၁၂ ဘီးယာဉ်တို့အား စစ်ဆေးရှာဖွေရာ ယာဉ် ၂ စီးပေါ်မှ Benzene ၁၃၆၈၀ လီတာ၊ Ethyl Acetate ၁၁၅၂၀ လီတာ၊ Hydrochloric acid ၃၆၀ လီတာနှင့် Sulphuric Acid ၇၂၀ လီတာတို့ကို သိမ်းဆည်းရမိခဲ့ပြီး ထိန်းချုပ်ဓာတုပစ္စည်းများအား ဝေဖြိုးမြင့် နှင့် ဝင်းမင်းဦး(ခ) ဝင်းမင်းတို့ မှ အခကြေးငွေပေး၍ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မြစ်ငယ်နယ်မြေရဲစခန်း ၊ မယ(ပ)၁၁/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**Sodium Acetate ၆၂၅၀ ကီလို ဖမ်းဆီးရမိမှု**



၈၃။ ၃၀-၁၁-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၇)၊ မန္တလေး(မြောက်ပိုင်း)နှင့် ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၁၄၀ လမ်း၊ ၆၅ x ၆၆ လမ်းကြား၊ ပြည့်ကျော်အောင်ကားဂိတ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၆ ဘီးယာဉ် ၂ စီးနှင့်အတူ မင်းဇော်ဦး၊ ထွန်းစံအောင် နှင့် စောဂျက်စတင်း တို့ ၃ ဦး အား ထိန်းသိမ်းရရှိပြီး ပြည့်ကျော်အောင်ကားဂိတ်ပိုင်ရှင် ဦးလှမြင့် မှာ တိမ်းရှောင်သွားပြီး ဖမ်းမိယာဉ် ၂ စီးဖြစ်သည့် ထွန်းစံအောင် မောင်းနှင်သည့် MDY-16 3L/4165 ၆ ဘီး ယာဉ်ပေါ်မှ Sodium Acetate ၅၀ အိတ်၊ ယာဉ်မောင်း စောဂျက်စတင်း မောင်းနှင်သည့် MDY-16 3P/5581 ၆ ဘီးယာဉ်ပေါ်မှ Sodium Acetate ၅၀ အိတ်နှင့် အောင်မြင်ကားဝပ်ရှော့တွင် ပြုပြင်ရန်အပ်ထားသည့် မင်းဇော်ဦး မောင်းနှင်သည့် MDY-13 6N/9337 ၆ ဘီး ယာဉ်ပေါ်မှ ၅၀ အိတ်၊ စုစုပေါင်း ဆာလာအိတ် ၁၅၀ အိတ်၊ စုစုပေါင်း Sodium Acetate ၃၇၅၀ ကီလို သိမ်းဆည်းရမိ၍ မင်းဇော်ဦး(ခ) ဂျိုမာဆိုင်၊ ထွန်းစံအောင်(ခ) ကိုထွန်း၊ စောဂျက်စတင်း၊ ရဲမျိုးအောင်၊ လှမြင့်(ဖမ်းမမိ)နှင့် အားတီ(ဖမ်းမမိ) တို့အား စက်မှုနယ်မြေရဲစခန်း၊ မယ(ပ) ၂၈/၂၃၊ မူး/စိတ်

ပုဒ်မ ၁၆(ခ)/၂၁ အရလည်းကောင်း၊ တရားခံ မင်းဇော်ဦး ၏ ထွက်ဆိုချက်အရ  သိမ်းဆည်းရမိ Sodium Acetate များမှာ အမရပူရမြို့နယ်၊ စွယ်တော်ကားဝင်း၊ အခန်းအမှတ်(I-3) Royal အောင်မန္တလေးကားဂိတ် တာဝန်ခံ ရဲမျိုးအောင် ထံမှ တင်ဆောင်ခဲ့ကြောင်း သိရသဖြင့် ဝင်ရောက်ရှာဖွေရာ ၎င်းအားတွေ့ရှိပြီး ဂိတ်အတွင်းမှ Sodium Acetate ၂၅၀၀ ကီလို သိမ်းဆည်း ရမိ၍ မင်းဇော်ဦး(ခ)ဂျိုမာဆိုင်၊ ရဲမျိုးအောင်၊ ညီညီအောင်(ခ)ကိုညီ၊ ရွှေဇံမင်း(ခ) ကိုအောင်၊ မဝင်းမင်းထိုက်(ခ)အားဖန်(ခ)တရုတ်မ၊ အားတီ (ဖမ်းမမိ) တို့အား မြစ်ငယ်နယ်မြေရဲစခန်း၊ မယ(ပ) ၁၂/၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရလည်းကောင်း အသီးသီး အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

## Caffeine ၃၂၀၀ ကီလို ဖမ်းဆီးရမိမှု



၈၄။ လယ်ဝေးမြို့နယ်နှင့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်တို့၏ စိတ်ကြွဆေးပြား ၆၀ သိန်းကျော် ဖမ်းဆီးရမိမှုမှ တရားခံ ထန်ခိုဆေး ၏ ငွေကြေးလွှဲပြောင်းမှုမှတ်တမ်းများအား စစ်ဆေးချက်အရ Daw Lal  Sang Khumi ထံသို့ Caffeine ၂တန်အတွက် ကျသင့်ငွေကျပ် သိန်း ၁၇၀၀ လွှဲပြောင်းထားကြောင်း ပေါ်ပေါက်ပြီး Daw Lal Sang Khumi မှာ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ နယ်မြေ(၁၂)၊ အိမ်အမှတ် (၃၅)တွင် နေထိုင်ကြောင်း အတည်ပြုရရှိခဲ့သဖြင့် ၉-၁၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၅) ကလေးနှင့် ပူးပေါင်းအဖွဲ့သည် လားဆန်ခူးမီး(ခ) ဆန်းသဲ(မ)၏ နေအိမ်ကိုရှာဖွေရာ ၎င်းအားတွေ့ရှိပြီး နေအိမ်အောက်ထပ်မှ ဆာလာအိတ်များအတွင်း (INNER LABEL)Caffeine (Anhydrous) တံဆိပ်ကပ်ထားသည့် ပလတ်စတစ်အိတ်များဖြင့်ထည့်လျက် တစ်အိတ်လျှင် Caffeine ၂၅ ကီလိုပါ ၁၂၈ ထုပ်၊ စုစုပေါင်း Caffeine ၃၂၀၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ချင်းပြည်နယ်၊ ရိဒ်ခေါဒါရ်မြို့နှင့် တစ်ဖက်ကမ်းရွာဖြစ်သည့် အိန္ဒိယနိုင်ငံ၊ Zokhawthar (ဇိုခိုတာရ်ကျေးရွာ)နေ အစ်မဖြစ်သူ ခေါလ်ရဲမီး(ခ)ခေါရဲမ်ထန်ငီး (မ) (ဖမ်းမမိ)မှ ပေးပို့ထားခြင်းဖြစ်ကြောင်း သိရှိရသဖြင့် လားဆန်ခူးမီး(ခ)ဆန်းသဲ(မ)နှင့် ခေါလ်ရဲမီး (ခ)ခေါရဲမ်ထန်ငီး(မ) (ဖမ်းမမိ)တို့အား ကလေးနယ်မြေရဲစခန်း၊ မယ(ပ) ၁၁၆/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရ အမှုဖွင့် အရေးယူမှု ဖြစ်ပါသည်။

## Methyl Mercaptan ၂၂၀၀၀ လီတာ ဖမ်းဆီးရမိမှု

၈၅။ ၁၄-၁၂-၂၀၂၃ ရက်နေ့ ၁၉၀၀ အချိန် မူးယစ်တပ်ဖွဲ့စု(၁၈)၊ မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာ၊ မြစ်ငယ်-ထုံးဘိုသွားလမ်း၊ ၆၂လမ်းနှင့် ထုံးဘိုလမ်းထောင့်တွင် ကျော်ကျော် မောင်းနှင်လာသည့် MDY-18 1P-4426 SINO TRUCK တွဲ



ယာဉ်ပေါ်မှ Methyl Mercaptan ၂၂၀၀၀ လီတာ သိမ်းဆည်းရမိပြီး ယာဉ်မောင်း နိုင်လင်းစိုး အား ကျောက်ဆည်မြို့နယ်ရှိ ၎င်းနေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် တရားခံ နိုင်လင်းစိုး နှင့် ကျော်ကျော် တို့ ၂ ဦးအား မြစ်ငယ်နယ်မြေရဲစခန်း (ပ) ၁၈၅/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရ လည်းကောင်း၊ ၁၉၁၅ အချိန် မင်းထက်ဇော် မောင်းနှင်လာသော MDY-12 6C -2432 FOTON တွဲယာဉ်ပေါ်မှ Methyl Mercaptan ၂၁၂၀၀ လီတာ ထပ်မံသိမ်းဆည်းရမိ၍ တရားခံ မင်းထက်ဇော် အား မြစ်ငယ်နယ်မြေရဲစခန်း၊ (ပ)၁၈၆/ ၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရ လည်းကောင်း အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**Operation 39 ဆောင်ရွက်စဉ်အတွင်း ထိန်းချုပ်ဓာတုပစ္စည်းနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်း ဖမ်းဆီးရမိမှုများ**

**Methylamine ၄၆၇၅၀ လီတာ၊ Toluene ၆၂၉၀၀ လီတာ၊ Sulphuric Acid ၂၅၅၀ လီတာ၊ Acetone ၇၈၃၇၀ လီတာ၊ Caffeine ၅၅၀ ကီလို၊ Benzyl Cyanide ၂၈၇၂၀ လီတာ၊ Benzene ၃၄၀၀ လီတာ၊ Hydrogen Peroxide ၃၇၅၀၀ လီတာ၊ Ethly Acetate ၉၅၅၄၀ လီတာ၊ Isopropyl Alcohol ၈၅၀၀ လီတာ ၊ Ethylbenzylamine Motor Oil ၁၅၃၀ လီတာ၊ Methanol ၅၇၈၀၀ လီတာ၊ Costic Soda ၇၇၅၀၀ ကီလို၊ Ammonium Hydroxide ၇၅၀ လီတာ၊ Sodium Sulphate ၉၅၀၀ ကီလို၊ အရောင်မဲ့ဓာတုဆေးရည် ၁၇၀၀ လီတာ ဖမ်းဆီးရမိမှု**

၈၆။ ၁-၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃၆)ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဲခူးမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ကလိပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အေးမင်းထွန်း မောင်းနှင်လာသော ၂၂ ဘီး တွဲယာဉ်ပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း Toluene ၂၀၄၀၀ လီတာ သိမ်းဆည်းရမိပြီး တရားခံ အေးမင်းထွန်း(ခ) ဘိုကြီး ၊ အောင်သူ (ခ) ကျော်ကျော် (ခ) သုအောင်(ခ) ဘောစိ၊ ကျော်မင်းထိုက်(ခ) အားလုံ(ခ) စူချမ်ကွေ့(ခ)ကွေ့(ခ) အားကွေ့ ၊ မြသိန်း(ခ) ဗိုလ်မြ(ခ) ဆရာမြ(ခ) ဘိုးတော် နှင့် စိုင်းသန်းအောင် (ခ) စိုင်းသိန်းအောင် (ခ) အားချိန်(ဖမ်းမမိ) တို့ ၅ ဦးအား ပဲခူးမြို့မရဲစခန်း မယ(ပ) ၃/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/ ၂၀(က) / ၂၁ အရလည်းကောင်း၊ တရားခံ အေးမင်းထွန်း၏ စစ်ဆေးပေါ်ပေါက်ချက် အရ ၁-၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၃၆) ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ကလိပူးပေါင်း စစ်ဆေးရေးဂိတ်တွင် တိုးပျံကျော်ကျော် (ခ) ရွှေတိုး



မောင်းနှင်ပြီး အောင်သီဟ (ခ)မိုးဒီ လိုက်ပါလာသည့် ၂၂ဘီး တွဲယာဉ် နှင့် ပြည့်သော် (ခ) လပြည့် မောင်းနှင်ပြီး ဟိန်းကျော်ကို လိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ် ၂ စီးပေါ်မှ Benzyl Cyanide ၁၉၅၄၀ လီတာနှင့် Hydrogen Peroxide ၁၉၅၀၀ လီတာ သိမ်းဆည်းရမိ၍ တရားခံ တိုးပျံကျော်ကျော်(ခ)ရွှေတိုး (ခ)တိုးလေး၊ အောင်သီဟ (ခ) မိုးဒီ၊ ပြည့်သော် (ခ)လပြည့်(ခ)ပြည့်ကြီး၊ ဟိန်းကျော်ကို၊ အောင်သူ(ခ) ကျော်ကျော်(ခ) သုအောင်(ခ) ဘောစိ၊ အောင်မင်းကျော်(ခ)အောင်အောင်၊ အောင်သိန်းဦး (ဖမ်းမမိ)နှင့် လီဦး (ခ)လီဟူး(ခ)အောင်နိုင် (ဖမ်းမမိ)တို့ ၈ ဦးအား ပဲခူးမြို့မရဲစခန်း (ပ)၆၉/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရလည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဓာတုပစ္စည်းများတာဝန်ခံသယ်ဆောင်သူ အောင်သူ(ခ)ဘောစိ (ခ) ကျော်ကျော် အား ၃-၂-၂၀၂၃ ရက်နေ့ ၁၅၃၀ အချိန် သီးကုန်းတိုးဂိတ်တွင်လည်းကောင်း၊ သယ်ဆောင်ခိုင်းသူ မြသိန်း နှင့် ကျော်မင်းထိုက်တို့ ၂ ဦးအား ၄-၂-၂၀၂၃ ရက်နေ့ ၀၈၂၀ အချိန် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁) ရပ်ကွက်၊ ၆၅ လမ်း၊ ၃၇(A)နှင့် ၃၈ လမ်းကြား၌ မော်တော် ယာဉ် ၂ စီးနှင့်အတူလည်းကောင်း၊ MDY 5E-5661 ယာဉ်၏ ယာဉ်နောက်လိုက် ကျော်သူဝင်း(ခ) ကျော်ကြီး အား ၄-၂-၂၀၂၃ ရက်နေ့ ၁၁၃၀ အချိန်တွင်လည်းကောင်း၊ MDY 7D-7055 ၏ ယာဉ်မောင်း မင်းဆက်နိုင် အား ၁၇၄၅ အချိန် မန္တလေး၊ စွယ်တော်ကားဝင်းအနောက်ဘက်တွင်လည်းကောင်း၊ ဓာတုပစ္စည်းများ တင်ဆောင်ပေးသူ တရားခံ အောင်မင်းကျော် အား ၅-၂-၂၀၂၃ ရက်နေ့ ၁၉၀၀ အချိန် မ/ဒဂုံမြို့နယ်၊ (၃၆)ရပ်ကွက်၊ ရဲရန်နိုင်လမ်း၊ အမှတ်(၅၂) နေအိမ်တွင်လည်းကောင်း၊ SHN 6C-1681 ၂၂ ဘီးတွဲယာဉ်၏ ယာဉ်မောင်း မိုးနိုင်ဦး (ခ)ကရင် နှင့် ယာဉ်နောက်လိုက် ဟိန်းဇော်ကို(ခ)ဇော်ကို တို့အား ၆-၂-၂၀၂၃ ရက်နေ့ ၁၂၁၅ အချိန်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

၈၇။ တရားခံများ၏ စစ်ဆေးပေါ်ပေါက်ချက်အရ ၄-၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အမရပူရ မြို့နယ်၊ ၆၈ လမ်း၊ Max ဆီဆိုင်ဝင်းအတွင်း ရပ်တန့်ထားသည့် ၂၂ ဘီးတွဲယာဉ် ၂ စီးအနီးတွင် ပြည့်စုံနိုင် (ခ) ပြည့်စုံနှင့် နေမျိုးဇင် တို့အား တွေ့ရှိရပြီး တွဲယာဉ် ၂ စီးပေါ်မှ Toluene ၁၃၆၀၀ လီတာ၊ Sulphuric Acid ၂၅၅၀ လီတာနှင့် Methylamine ၁၂၉၂၀ လီတာ သိမ်းဆည်းရမိ၍ တရားခံ မင်းဆက်နိုင် (ခ) ဆက်နိုင်၊ နေမျိုးဇင်၊ ပြည့်စုံနိုင် (ခ) ပြည့်စုံ၊ ကျော်သူဝင်း(ခ) ကျော်ကြီး၊ အောင်သူ (ခ) ကျော်ကျော် (ခ) သုအောင်(ခ)ဘောစိ၊ အားရှီ (ဖမ်းမမိ)တို့ ၆ ဦးအား မြစ်ငယ်နယ်မြေရဲစခန်း မယ(ပ) ၁/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရလည်းကောင်း၊ ၅-၂-၂၀၂၃ ရက်နေ့တွင် အမရပူရ မြို့နယ်၊ နတ်ရေကန်အုပ်စု၊ ၁၄၆ H လမ်းနှင့် ၆၇ A လမ်းထောင့်၊ အမှတ် H-27 ဂိုဒေါင်အတွင်းမှ Toluene ၁၀၂၀၀ လီတာ၊ Methylamine ၁၀၈၈၀ လီတာ သိမ်းဆည်း ရမိသဖြင့် တရားခံ မင်းဆက်နိုင်(ခ) ဆက်နိုင်၊ နေမျိုးဇင်၊ ပြည့်စုံနိုင်(ခ) ပြည့်စုံ၊ ကျော်သူဝင်း(ခ) ကျော်ကြီး၊ အောင်သူ(ခ)ကျော်ကျော်(ခ) သုအောင်(ခ) ဘောစိနှင့်အားရှီ(ဖမ်းမမိ)တို့ ၆ ဦးအား မြစ်ငယ် နယ်မြေရဲစခန်း မယ(ပ) ၂/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရလည်းကောင်း၊ ၆-၂-၂၀၂၃ ရက်နေ့တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (၄) ရပ်ကွက်၊ ၁၃၉ လမ်း၊ ၅၀ x ၅၁ လမ်းကြား၊ အကွက်အမှတ် (H-247)၊ အမှတ်(၇၈) ဂိုဒေါင်အတွင်းမှ Methylamine ၂၂၉၅၀ လီတာ၊ Acetone ၁၀၃၇၀ လီတာ၊ Caffeine ၅၅၀ ကီလို၊ Benzyl Cyanide ၉၁၈၀ လီတာ၊ Benzene ၃၄၀၀ လီတာ၊ အရောင်မဲ့ဓာတုဆေးရည် ၁၇၀၀ လီတာတို့ကို သိမ်းဆည်းရမိ၍ တရားခံ ကျော်မင်းထိုက် (ခ)အားကွေ့(ခ) အားလုံ(ခ)စူချွမ်ခွေ့(ခ) ကွေ့၊ မြသိန်း(ခ) ဗိုလ်မြ(ခ)ဆရာမြ (ခ)ဘိုးတော် ၊ အောင်သူ(ခ) ကျော်ကျော် (ခ) သုအောင်(ခ) ဘောစိ၊ မင်းဆက်နိုင် (ခ) ဆက်နိုင် နှင့် စိုင်းသိမ်းအောင် (ခ) စိုင်းသန်းအောင်(ခ) အားချိန် (ဖမ်းမမိ)တို့ ၅ ဦးအား စက်မှုနယ်မြေရဲစခန်း မယ(ပ)၄/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/ ၂၁ အရ လည်းကောင်း၊ စက်မှုနယ်မြေ ရဲစခန်း (ပ)၃၅/၂၀၂၃ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီး ကာကွယ်ရေးဥပဒေ ပုဒ်မ ၃၇/၃၈ အရလည်းကောင်း၊ ၆-၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့ခွဲ(၃)ရန်ကုန်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ကနောင်မင်းသားကြီး လမ်း၊ အမှတ်(၄၇၅)ရှိ ဂိုဒေါင်ကို ရှာဖွေရာ PENG JIAN (ဖိန်ကျင့်)(မ)၊ ZHOU EN (ကျို့အန်) နှင့် ဝမ်ကျန့် တို့ ၃ ဦးအား တွေ့ရှိရပြီး ဂိုဒေါင်အတွင်း ရပ်တန့်ထားသည့် ၂၂ ဘီး တွဲယာဉ်ပေါ်မှ Acetone ၂၃၈၀၀ လီတာ သိမ်းဆည်းရမိ၍ ကျော်ကျော် (ခ) အောင်သူ(ခ) ဘောစိ၊ မြသိန်း(ခ) ဗိုလ်မြ ၊ ကျော်မင်းထိုက် (ခ)အားလုံ (ခ) စူချွမ်ခွေ့ (ခ)ကွေ့၊ မိုးနိုင်ဦး(ခ) ကရင်၊ ဟိန်းဇော်ကို(ခ) ဇော်ကို၊ ZHOU EN(ကျို့အန်) (တရုတ်နိုင်ငံသား)၊ PENG JIAN (ဖိန်ကျင့်)(မ) (တရုတ်နိုင်ငံသား)၊ Wang Gang(ဝမ်ကျန့်) (တရုတ် နိုင်ငံသား)၊ စိုင်းသန်းအောင် (ခ) စိုင်းသိမ်းအောင်(ခ)အားချိန် (ဖမ်းမမိ)၊ မစ္စတာလီ(ခ) လူဝင်ဟောင်

(ဖမ်းမမိ)တို့ ၁၀ ဦး အား လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း၊ မယ(ပ) ၉/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရလည်းကောင်း၊ ၇-၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၄၀) ရန်ကုန်(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ကနောင်မင်းသားကြီးလမ်း၊ အမှတ်(၄၇၅) ရှိ ဂိုဒေါင် ၂ လုံးအတွင်းမှ Acetone ၄၄၂၀၀ လီတာ၊ Ethly Acetate ၆၈၀၀၀ လီတာ၊ Isopropyl Alcohol ၈၅၀၀ လီတာ၊ Ethylbenzylamine Motor Oil ၁၅၃၀ လီတာ၊ Methanol ၅၇၈၀၀ လီတာ၊ Hydrogen Peroxide ၁၈၀၀၀ လီတာ၊ Ammonium Hydroxide ၇၅၀ လီတာ၊ Costic Soda ၇၇၅၀၀ ကီလို၊ Sodium Sulphate ၉၅၀၀ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် တရားခံ ZHOU EN (ကျို့အန်) (တရုတ်နိုင်ငံသား)၊ PENG JIAN (ဖိန်ကျင့်) (မ) (တရုတ်နိုင်ငံသား)တို့ ၂ ဦးအား လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း (ပ) ၈၀/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရ လည်းကောင်း၊ တရားခံ Zhou En(ကျို့အန်) ၏ စစ်ဆေးပေါ်ပေါက်ချက်အရ ၇-၂-၂၀၂၃ ရက်နေ့တွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ စက်မှုဇုန်(၄)၊ ကင်းဝန်မင်းကြီးလမ်း၊ အမှတ်(၈၇)ရှိ ဂိုဒေါင်အတွင်းမှ Toluene ၁၈၇၀၀ လီတာ၊ Ethyl Acetate ၂၇၅၄၀ လီတာ သိမ်းဆည်းရမိသဖြင့် တရားခံ ZHOU EN (ကျုံအန်း) (တရုတ်နိုင်ငံသား) နှင့် PENG JIAN (ဖိန်ကျင့်) (မ) (တရုတ်နိုင်ငံသား) တို့ ၂ ဦးအား လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း (ပ)၁၁၁/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၇/၃၈ အရလည်းကောင်း၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့မရဲစခန်း မယ(ပ) ၁၁/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၂၁ အရ လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**Acetone ၁၄၉၆၀ လီတာ၊ Benzyl Cyanide ၆၀၂၀ လီတာ၊ Ethanol ၄၁၆၅၀ လီတာ၊ Benzene ၂၅၁၆၀ လီတာ၊ Dichloromethane ၉၀၁၀ လီတာ၊ Hydrogen Peroxide ၂၆၀၀ လီတာ၊ Propionyl Chloride ၁၂၈၈၀ လီတာ ၊ ဓာတုဆေးရည် ၃၄၅၈၀ လီတာ ဖမ်းဆီးရမိမှု**

၈၈။ ၉-၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု(၄၃)ရန်ကုန် (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံ မြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၉)ရပ်ကွက်၊ စက်မှုဇုန်(၁)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ အမှတ်(၁၇၃)ရှိ ဂိုဒေါင်ကိုရှာဖွေရာ ဟန်ကိုကိုဝင်းအား တွေ့ရှိရပြီး ဂိုဒေါင်အတွင်းမှ Benzyl Cyanide ၆၀၂၀ လီတာ၊ Ethanol ၄၁၆၅၀ လီတာ၊ Benzene ၂၅၁၆၀ လီတာ၊ Dichloromethane ၉၀၁၀ လီတာ၊ ဓာတုဆေးရည် ၃၀၁၀၀ လီတာ သိမ်းဆည်းရမိ၍ တရားခံ ဟန်ကိုကိုဝင်း (ခ)ဖိုးသေး၊ ဇော်သူလင်း(ခ) ကျော်ကျော်(ခ) ထန်ရှင်းဆန်၊ ရန်ပိုင်(ခ) ဝေယံ၊ အားချမ့်(ဖမ်းမမိ)၊ အားရှီ (ခ)စိုင်းရီမြင့်(ဖမ်းမမိ)တို့ ၅ ဦးအား ဒဂုံဆိပ်ကမ်းမြို့မရဲစခန်း၊ (ပ)၅၁/၂၀၂၃၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရလည်းကောင်း၊ တရားခံ ဟန်ကိုကိုဝင်း၏ လိုက်လံပြသချက်



အရ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၉)ရပ်ကွက်၊ စက်မှုဇုန်(၁)၊ မဂ္ဂရာမင်းသားကြီးလမ်း၊ အမှတ်(၁၁၇)ရှိ ဂိုဒေါင်ခြံဝင်းအတွင်းမှ Acetone ၁၄၉၆၀ လီတာ၊ Hydrogen Peroxide ၂၆၀၀ လီတာ၊ ဓာတုဆေးရည် ၄၄၈၀ လီတာ သိမ်းဆည်းရမိသဖြင့် တရားခံ ဟန်ကိုကိုဝင်း (ခ) ဖိုးသေး၊ ဇော်သူလင်း (ခ) ကျော်ကျော် (ခ) ထန်ရှင်းဆန်၊ ရန်ပိုင်(ခ)ဝေယံ၊ အားရှီ(ခ) စိုင်းရှီမြင့် (ဖမ်းမမိ)၊ အားချမ့်(ဖမ်းမမိ) တို့ ၅ ဦးအား ဒဂုံဆိပ်ကမ်း မြို့မရဲစခန်း မယ(ပ) ၇/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/ ၂၁ အရလည်းကောင်း၊ ဒဂုံဆိပ်ကမ်း မြို့မရဲစခန်း၊ (ပ)၅၀/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၃၇/၃၈ အရလည်းကောင်း၊ ၁၂-၂-၂၀၂၃ ရက်နေ့တွင် ကျောက်ဆည်မြို့နယ်၊ မြင်စိုင်းရပ်ကွက်၊ မြို့ရှောင်လမ်းတွင် ၂၂ ဘီးတွဲယာဉ် ၂ စီးပေါ်မှ Acetone ၁၉၀၄၀ လီတာ၊ တော်လူအင်း ၅၆၁၀ လီတာ၊ Sulphuric Acid ၉၈၆ လီတာ (ပိုင်ရှင်စုံစမ်းဆဲ) သိမ်းဆည်းရမိသဖြင့် ကျောက်ဆည်မြို့မ ရဲစခန်း၊ မယ(ပ) ၃/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ) အရလည်းကောင်း၊ ၁၄-၂-၂၀၂၃ ရက်နေ့တွင် မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန် (အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၁၄၄)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၁၇၅)ပေါ်ရှိ ဂိုဒေါင်အတွင်းမှ Propionyl Chloride ၁၂၈၈၀ လီတာ သိမ်းဆည်း ရမိ၍ တရားခံ သူရ(ဖမ်းမမိ) အား တောင်ဒဂုံမြို့မရဲစခန်း၊ (ပ)၁၀၀/၂၀၂၃၊ ဓာတုပစ္စည်းနှင့် ဆက်စပ် ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၇/၃၈ အရလည်းကောင်း အသီးသီး အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

**စိတ်ကြွဆေးပြားထုတ်လုပ်သည့်စခန်း ၆ ခုနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု**

၈၉။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတွမ်းတောင်ပေါ်အုပ်စု၊ ဖတ္တာမြိန်းကျေးရွာ အနီးရှိ လှိုဏ်အတွင်း၌ စိတ်ကြွဆေးပြားများ စခန်းချထုတ်လုပ်လျက်ရှိကြောင်းနှင့် အဆိုပါစခန်းများတွင်




လက်နက်ကိုင်အစောင့်များ စောင့်ကြပ်လျက်ရှိကြောင်းသတင်းအရ အထက်ဌာနအဆင့်ဆင့်သို့ တင်ပြပြီး ၂၁-၇-၂၀၂၃ ရက်နေ့ ၀၁၀၀ အချိန် တပ်မတော်နှင့် အမှတ်(၂၉) မူးယစ်တပ်ဖွဲ့စု၊ မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ်၊ မိုင်းတွမ်းတောင်ပေါ်အုပ်စု၊ ဖတ္တူမြိန်းကျေးရွာအနီး၊ လျှိုအတွင်း (ခမ မပည NC 609768) ရှိ မိုးကာတဲ ၃ လုံးအတွင်းမှ အိုက်စ် ၃ ကီလို၊ စိတ်ကြွ ဆေးမှုန့် ၂၈၈ ကီလို၊ ကဖင်း ၁၀၅ ကီလို၊ ဆေးပြားရိုက်စက် ၁ လုံး၊ အခြောက်ခံဗန်း ၄ ခု၊ မျောက်တံဆိပ် အနံ့ဆေးရည် ၂၀ ပုလင်း၊ ဂက်စ်အိုး ၅ လုံး၊ ဆိုင်ကယ် ၁၉ စီး တို့ကိုလည်းကောင်း၊ ၁၂၀၀ အချိန် (ခမ မပည NC 613770) သို့ ရောက်ရှိပြီး မိုးကာတဲ ၅ လုံး အတွင်းမှ စိတ်ကြွဆေးပြား ၉၀၀၀၀ ပြား၊ ကဖင်း ၄၅ ကီလို၊ ဆေးပြားရိုက်စက် ၂ လုံး၊ အရောင်မှုန့်ဘူးသေး ၆ ဘူး၊ မွှေစက် ၁ လုံး၊ အခြောက်ခံ ဗန်း ၃ ခု၊ ဂက်စ်အိုး ၃ လုံးတို့ကိုလည်းကောင်း၊ ၁၅၀၀ အချိန် (ခမ မပည NC 617779)သို့ ရောက်ရှိရှင်းလင်းခဲ့ရာ မိုးကာတဲ ၅ လုံးအား တွေ့ရှိပြီး အဆိုပါ တဲများအတွင်းမှ စိတ်ကြွဆေးပြား ၁၀၀၀၀ ပြား၊ ကဖင်း ၁၁၅၀ ကီလို၊ ပွိုင့် ၂၂ သေနတ် ၁ လက်၊ ကျည်အိမ် ၁ ခု၊ ငှင်းကျည် ၅ တောင့်၊ ဆေးပြား ရိုက်စက် ၄ လုံး၊ အခြောက်ခံဗန်း ၄ ခု၊ ဂက်စ်အိုး ၁၀ လုံး၊ အရောင်မှုန့် ဘူးကြီး ၃ ဘူး၊ ဆိုင်ကယ် ၁၅ စီး တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပါသည်။

၉၀။ ၂၂-၇-၂၀၂၃ ရက်နေ့ ၁၃၀၀ အချိန် (ခမ မပည NC 614779)သို့ ရောက်ရှိရှင်းလင်းခဲ့ရာ မိုးကာတဲ ၃ လုံး၊ စိတ်ကြွဆေးပြား ၂၀၀၀ ပြား၊ ဆေးပြားရိုက်စက် ၂ လုံး၊ မွှေစက် ၁ လုံးနှင့် အခြောက်ခံဇန်း ၅ ချပ် တို့ကိုလည်းကောင်း၊ ၁၆၂၀ အချိန် ခမမပည NC 612783 သို့ ရောက်ရှိရှင်းလင်းခဲ့ရာ မိုးကာတဲ ၄ လုံး၊ စိတ်ကြွဆေးပြား ၂၀၀၀၀ ပြား၊ ဆေးပြားရိုက်စက် ၂ လုံးနှင့် မွှေစက် ၁ လုံးတို့ကိုလည်းကောင်း၊ ၁၁၃၀ အချိန် ပါဟိုးကျေးရွာ ခမ မပည NC 589735 ရှိ လူနေအိမ်တစ်လုံးကိုရှာဖွေရာ SIG P-238 ပစ္စတိုသေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခုနှင့် Gas အိုး ၂၀ လုံး တို့ကိုလည်းကောင်း၊ ၁၃၃၀ အချိန် ခမ မပည NC 586745 ရှိ ဦးအဲဆာ ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၂.၅ သိန်းကိုလည်းကောင်း၊ ၁၄၀၀ အချိန် ခမ မပည NC 586746 ရှိ ဒေါ်အီယား၏ နေအိမ်မှ စိတ်ကြွဆေးပြား ၅ သိန်းနှင့် ဘိန်း ၃ ကီလိုတို့ကိုလည်းကောင်း၊ ၁၇၃၀ အချိန် ခမ မပည NC 588745 ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ Gas အိုး ၅၀ လုံးအားလည်းကောင်း သိမ်းဆည်းရမိခဲ့ပါသည်။

၉၁။ ၂၃-၇-၂၀၂၃ ရက်နေ့ ၁၂၀၀ အချိန် ပူးပေါင်းအဖွဲ့သည် ခမ မပည NC 600777 သို့ ရောက်ရှိ ရှင်းလင်းခဲ့ရာ အဆိုပါနေရာမှ ဆေးပြားရိုက်စက် ၁ လုံး၊ မွှေစက် ၁ လုံး၊ Vanillin အမှုန့် ၅ ကီလို ၊ ကဖင်း ၅ ကီလို တို့ကိုလည်းကောင်း၊ ၁၃၃၀ အချိန် ခမ မပည NC 606764 တွင် စိတ်ကြွဆေးပြား ၄၀၀၀၀ ပြားနှင့် ၁၆၃၀ အချိန် ခမ မပည NC 612783 တွင် စိတ်ကြွဆေးပြား ၁၅၀၀၀ ပြားတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ ပါသည်။ ၂၄-၇-၂၀၂၃ ရက်နေ့ ၁၄၀၀ အချိန် ပူးပေါင်းအဖွဲ့သည် ပါဟိုးကျေးရွာ(ခမ မပည NC 586745) ရှိ ဦးအဲဆာ ၏ နေအိမ်ကို ထပ်မံရှာဖွေရာ စိတ်ကြွဆေးပြား ၅၀၀၀၀ ပြား ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ၁၄၀၀ အချိန် ပူးပေါင်းအဖွဲ့သည် ခမ မပည NC 629774 တွင် စိတ်ကြွဆေးပြားများ ထုတ်လုပ်သည့်နေရာတွင် အလုပ်လုပ်ကိုင်သူ ဟူဆေး(ကျား) အား ဖမ်းဆီးရမိခဲ့ပါသည်။

၉၂။ စိတ်ကြွဆေးပြား ၃ သိန်း သိမ်းဆည်းရမိမှုမှ အဲဆာ(ကျား) အား မိုင်းတွမ်းနယ်မြေရဲစခန်း မယ(ပ) ၂၅/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က) အရ လည်းကောင်း၊ စိတ်ကြွဆေးပြား ၅ သိန်း၊ ဘိန်း ၃ ကီလို သိမ်းဆည်း ရမိမှုမှ အီယား(မ)(ဖမ်းမမိ) အား မိုင်းတွမ်းနယ်မြေရဲစခန်း မယ(ပ)၂၆/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က) အရ လည်းကောင်း၊ ခမမပည NC 609768 စိတ်ကြွဆေးပြားထုတ်လုပ်သည့် စခန်း(၁)မှ Methamphetamine (ICE) ၃ ကီလို၊ စိတ်ကြွဆေးအမှုန့် ၂၈၈ ကီလိုနှင့် ကဖင်း ၁၀၅ ကီလို သိမ်းဆည်းရမိမှုမှ တိမ်းရှောင် နေသူများအား မိုင်းတွမ်းနယ်မြေရဲစခန်း မယ(ပ) ၂၇/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၁၉(က)/ ၂၀(က)/ ၂၁ အရလည်းကောင်း၊ ခမမပည NC 613770 စိတ်ကြွဆေးပြား ထုတ်လုပ်သည့်စခန်း(၂)မှ စိတ်ကြွ ဆေးပြား ၉၀၀၀၀ ပြားနှင့် ကဖင်း ၄၅ ကီလို သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပြီး တိမ်းရှောင်နေသူများအား မိုင်းတွမ်းနယ်မြေရဲစခန်း မယ(ပ) ၂၈/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/၁၉(က)/၂၀(က) အရလည်းကောင်း၊ ခမမပည NC 617779 စိတ်ကြွဆေးပြား ထုတ်လုပ်သည့်စခန်း(၃)မှ စိတ်ကြွဆေးပြား

၁၀၀၀၀ ပြား၊ ကဖင်း ၁၁၅၀ ကီလို၊ အရောင်မှုန့် ၃ ကီလိုနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ မိုင်းတွမ်းနယ်မြေရဲစခန်း မယ(ပ) ၂၉/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ခ)/ ၁၉(က)/ ၂၀(က)/၂၂(ခ)/ ၂၁ ဖြင့်လည်းကောင်း၊ ခမမပည NC 614779 စိတ်ကြွဆေးပြား ထုတ်လုပ်သည့်စခန်း(၄)မှ စိတ်ကြွဆေးပြား ၂၀၀၀ ပြားနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှုမှ ဟူဆေး၊ ကျစီးပို(ခ)ကျရှီးဘို(ဖမ်းမမိ)၊ ကျနော်ခါး (ဖမ်းမမိ) တို့အား မိုင်းတွမ်းနယ်မြေရဲစခန်း မယ(ပ)၃၀/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ အရ လည်းကောင်း၊ ခမမပည (NC-600777)ရှိ စိတ်ကြွဆေးပြား ထုတ်လုပ်သည့်စခန်း(၆)မှ စိတ်ကြွဆေးပြား ၄၀၀၀၀ ပြား၊ ဆေးပြားရိုက်စက် ၁ လုံး၊ မှို ၃၈ ချောင်း၊ ဆေးမှုန့်မွှေစက် ၁ လုံး၊ ကဖင်း ၅ ကီလို၊ Vanillin အမှုန့် ၅ ကီလို သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ မိုင်းတွမ်းနယ်မြေရဲစခန်း မယ(ပ)၃၂/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ အရလည်းကောင်း၊ ပါဟိုးကျေးရွာ(ခမ မပည NC 589735)မှ ပစ္စတိုသေနတ် ၁ လက်၊ ကျည်အိမ် ၁ ခုနှင့် ဂက်စ်အိုး ၂၀ လုံး တို့ကို သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ မိုင်းတွမ်းနယ်မြေရဲစခန်း(ပ) ၁၀/၂၀၂၃၊ လက်နက်ဥပဒေပုဒ်မ ၂၃(က) အရလည်းကောင်း အသီးသီး အမှုဖွင့်အရေးယူမှု ဖြစ်ပါသည်။

**စိတ်ကြွဆေးပြား ၆.၁ သန်းနှင့် စိတ်ကြွအကြေ ၃၆၃ ကီလိုနှင့် ဆေးပြားရိုက်စက် ၂ လုံးဖမ်းဆီးရမိမှု**



၉၃။ ၉-၁၂-၂၀၂၃ ရက်နေ့တွင် တပ်မတော်နှင့် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ်၊ မိုင်းဟဲ (အောက်) ကျေးရွာအုပ်စု၊ ဟွေအယ်ကျေးရွာ အနောက်ဘက် ၈ ကီလိုမီတာ ခန့်ရှိ တောအတွင်းနယ်မြေ ရှင်းလင်းခဲ့ရာ အိုက်စ် ၁၆ ကီလို၊ စိတ်ကြွဆေးပြား ၆၁ သိန်း၊ စိတ်ကြွအကြေမှုန့် ၃၆၃ ကီလို၊ ဆေးပြားရိုက်စက် ၂ လုံး (တစ်လုံးလျှင် ရိုက်မို ၁၉ ချောင်းစီတပ်လျက်)၊ WY တံဆိပ်မို ၃၅ ချောင်း၊ A တံဆိပ်မို ၁၅ ချောင်း၊ Y1 တံဆိပ်မို ၁၅ ချောင်း၊ မီးစက် ၂ လုံး၊ မွှေစက် ၁ လုံး၊ ဂက်စ်အိုး ၅ လုံး၊ အခြောက်ခံ ဗန်းကြီး ၅ ချပ်၊ ဆေးပြားရေတွက်သည့် ကတ်ပြား ၃ ချပ်တို့ကို ပိုင်ရှင်(စုံစမ်းဆဲ) သိမ်းဆည်းရမိခဲ့သဖြင့် တာချီလိတ်မြို့မရဲစခန်း၊ မယ(ပ)၅၈/၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၉(က)/၁၆(ခ)အရ အမှုဖွင့် အရေးယူမှုဖြစ်ပါသည်။

# ၂၀၂၃ ခုနှစ်အတွင်း မူးယစ်ဆေးဝါးများ၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါးများနှင့် ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုစာရင်း

| စဉ် | မူးယစ်ဆေးဝါးအမျိုးအစား | အမှု | ပမာဏ | ရေတွက်ပုံ |
|---|---|---|---|---|
| ၁ | ဘိန်း | ၇၀ | ၅၈၁.၂၅၂၆၈ | ကီလို |
| ၂ | ဘိန်းဖြူ | ၉၄၈ | ၁၈၇၃.၃၆၂၉၉၃ | ကီလို |
| ၃ | စိတ်ကြွရူးသွပ်ဆေးပြား | ၄၂၇၀ | ၂၅၃၃၄၁၃၂၅ | ပြား |
| ၄ | စိတ်ကြွရူးသွပ်ဆေးပြားအကြေ | ၁၆ | ၈၅၉.၃၉၄၉၉ | ကီလို |
| ၅ | အိုက်စ်(မက်သ်အဖက်တမင်း) | ၁၁၇ | ၁၇၈၂၉.၃၄၄၇၆ | ကီလို |
| ၆ | ဆေးခြောက် | ၄၇၇ | ၆၈၆.၇၄၂၄၀၉ | ကီလို |
| ၇ | ဆေးခြောက်အရည် | - | ၀.၆ | လီတာ |
| ၈ | ဆေးခြောက်မုန့် | ၂ | ၂.၆၂ | ကီလို |
| ၉ | ဆေးခြောက်ပင် | ၂ | ၁၆ | ပင် |
| ၁၀ | အဆင့်နိမ့်ဘိန်း | ၃ | ၀.၄၂၃၇ | ကီလို |
| ၁၁ | ဘိန်းဆီခဲ | ၃၄ | ၃၁၃.၆၄၈၂၉ | ကီလို |
| ၁၂ | ဘိန်းညိုမှုန့် | ၃ | ၂၅၉.၃၇ | ကီလို |
| ၁၃ | ဘိန်းဆီရည် | ၁ | ၂.၃ | လီတာ |
| ၁၄ | ဘိန်းစာပင် | - | ၃ | ပင် |
| ၁၅ | ဘိန်းစာရွက် | ၆၇ | ၁၄၃၀.၂၈၉၅ | ကီလို |
| ၁၆ | ဘိန်းစာမှုန့် | ၃၆ | ၁၇၆၉.၉၄၄၉၅ | ကီလို |
| ၁၇ | ဘိန်းစာရည် | ၃ | ၁၉ | လီတာ |
| ၁၈ | ဘိန်းရည် | ၂ | ၇၃ | လီတာ |
| ၁၉ | အက်တက်စီဆေးပြား | ၉၀ | ၆၅၃၈၂ | ပြား |
| ၂၀ | အက်တက်စီအကြေ | ၂ | ၀.၈၂၉ | ကီလို |
| ၂၁ | ဒိုင်ယာဇီပမ်ဆေးပြား | - | ၁၀၀၀ | ပြား |
| ၂၂ | ဒိုင်ယာဇီပမ်ထိုးဆေး | ၂ | ၂၅၄ | ပုလင်း |
| ၂၃ | အယ်လ်ပရာဇိုလမ်ဆေးပြား | ၁ | ၁၃၀ | ပြား |
| ၂၄ | ထရာမဒေါလ်ဆေးတောင့် | ၈ | ၄၂၇၀၃၁ | တောင့် |
| ၂၅ | ထရာမဒေါလ်ထိုးဆေး | ၁ | ၁၁၁ | ပုလင်း |
| ၂၆ | Erimin-5 ဆေးပြား | - | ၁၃၉၃၀ | ပြား |
| ၂၇ | Frimin-5 ဆေးပြား | - | ၉၁၀ | ပြား |
| ၂၈ | ကက်တမင်း | ၉၂ | ၄၀၅၃.၇၇၅၂၄ | ကီလို |
| ၂၉ | ကက်တမင်းထိုးဆေး | ၃ | ၄၈၅၀ | ပုလင်း |
| ၃၀ | Happy 5 ဆေးပြား | - | ၄၇၂၉ | ပြား |
| ၃၁ | Happy Water | ၁၃၁ | ၂၉၆.၁၆၁၂ | ကီလို |
| ၃၂ | ဇိုလမ်ဆေးပြား | ၁ | ၁၀၅၀၀၀ | ပြား |
| ၃၃ | Sedil ဆေးပြား | - | ၃၅၀၀၀၀ | ပြား |
| ၃၄ | Midazolam ထိုးဆေး | - | ၂၀၀၀ | ပုလင်း |
| ၃၅ | Methadone | ၁ | ၀.၄၈ | လီတာ |
| ၃၆ | ကိုဒင်း | - | ၀.၂၄ | လီတာ |
| ၃၇ | Promethazine ဆေးရည် | - | ၁၁.၈ | လီတာ |
| ၃၈ | ချောင်းဆိုးပျောက်ဆေးရည် | - | ၃၀.၂ | လီတာ |
| ၃၉ | ကဖင်း | ၁၃ | ၂၅၅၉၂.၅၀၅ | ကီလို |
| ၄၀ | ဆူဒိုအက်ဖီဒရင်းဆေးပြား | ၁ | ၈၀၀၀၀ | ပြား |

| စဉ် | မူးယစ်ဆေးဝါးအမျိုးအစား | အမှု | ပမာဏ | ရေတွက်ပုံ |
|---|---|---|---|---|
| ၄၁ | Acetic Anhydride | ၁ | ၁၇၁၀ | လီတာ |
| ၄၂ | Methylamine | ၂ | ၆၉၅၅၀ | လီတာ |
| ၄၃ | Sulphuric acid | ၇ | ၄၇၂၆၀ | လီတာ |
| ၄၄ | Hydrochloric Acid | ၆ | ၇၁၄၀၀ | လီတာ |
| ၄၅ | Thionyl Chloride | ၁ | ၂၃၉၄၀ | လီတာ |
| ၄၆ | Acetone | ၄ | ၁၆၂၃၂၀ | လီတာ |
| ၄၇ | Tartaric Acid | ၁ | ၆၈၇၅ | ကီလို |
| ၄၈ | Ethyl Ether | - | ၈၀ | လီတာ |
| ၄၉ | Methyl Ethyl Ketone Peroxide | ၁ | ၂၆၂.၆ | လီတာ |
| ၅၀ | Toluene | ၈ | ၁၁၁၈၀၀ | လီတာ |
| ၅၁ | Ammonium Chloride | - | ၁၂၅ | ကီလို |
| ၅၂ | Ammonium Nitrate | ၁၁ | ၈၂၅၄၉ | ကီလို |
| ၅၃ | Sodium Acetate | ၂ | ၁၉၂၅၀ | ကီလို |
| ၅၄ | Sodium Cyanide | ၁ | ၁၁၃၅ | ကီလို |
| ၅၅ | အရိုးမီးသွေး | ၃ | ၂၂၅၁ | ကီလို |
| ၅၆ | Methanol | - | ၅၇၈၀၀ | လီတာ |
| ၅၇ | Ethanol | ၂ | ၅၀၁၅၀ | လီတာ |
| ၅၈ | Vanillin | - | ၁၃၇.၈ | ကီလို |
| ၅၉ | Ammonium Hydroxide | - | ၇၅၀ | လီတာ |
| ၆၀ | Sodium Hydroxide(အခဲ) | ၂ | ၂၇၄၅၀ | ကီလို |
| ၆၁ | Sodium Ethoxide | ၁ | ၁၀၄၀၀ | ကီလို |
| ၆၂ | Sodium Carbonate | ၁ | ၅၀၀၃ | ကီလို |
| ၆၃ | Sodium Sulfate | - | ၉၉၅၀ | ကီလို |
| ၆၄ | Sodium Sulfate Anhydrous | - | ၀.၄ | ကီလို |
| ၆၅ | Sodium Bisulfite | - | ၁၃၁၁ | ကီလို |
| ၆၆ | Sodium Chloride | ၂ | ၃၃၀ | ကီလို |
| ၆၇ | Sodium Nitrate | - | ၄ | ကီလို |
| ၆၈ | Sulfurous Dichloride | ၁ | ၁၂၀၀၀ | လီတာ |
| ၆၉ | Magnesium Sulfate | - | ၆၀ | လီတာ |
| ၇၀ | Propionyl Chloride | ၁ | ၁၂၈၈၀ | လီတာ |
| ၇၁ | Polypropylene | - | ၆ | လီတာ |
| ၇၂ | Mixture Of Sulfuric Acid 10 Percent Canavanine Sulfate Monohydrate | - | ၁၈၀ | လီတာ |
| ၇၃ | Phenol Crystal | ၁ | ၄၆၃၄၀ | ကီလို |
| ၇၄ | Chloroform | ၂ | ၆၈၉၅၀ | လီတာ |
| ၇၅ | Glutaraldehyde sodium | - | ၁၃၅၀ | လီတာ |
| ၇၆ | Dichloromethane | ၅ | ၆၈၆၁၀ | လီတာ |
| ၇၇ | Dimethyl Methylphosphonate | - | ၈၀ | လီတာ |
| ၇၈ | Methyl Mercapta | ၂ | ၄၃၂၀၀ | လီတာ |
| ၇၉ | Benzene | ၅ | ၄၈၈၀၀ | လီတာ |

| စဉ် | မူးယစ်ဆေးဝါးအမျိုးအစား | အမှု | ပမာဏ | ရေတွက်ပုံ |
|---|---|---|---|---|
| ၈၀ | Benzene(အခဲ) | ၂ | ၂၁၂၅ | ကီလို |
| ၈၁ | Benzyl Cyanide | ၇ | ၆၇၁၄၀ | လီတာ |
| ၈၂ | Benzene D-Fructose 26-Diphosphate | ၁ | ၁၄၀ | လီတာ |
| ၈၃ | Benzalkonium Chloride | - | ၈၀ | လီတာ |
| ၈၄ | Bismuth (III) Oxide | ၁ | ၁၅၉၀၀ | လီတာ |
| ၈၅ | Bromine | ၂ | ၁၀၉၂၀ | ကီလို |
| ၈၆ | Ethyl Acetate | ၇ | ၁၆၂၀၆၆ | လီတာ |
| ၈၇ | Ethyl 2-Benzyl Acetoacetate | ၁ | ၆၀၀ | လီတာ |
| ၈၈ | Ethylbenzylamine | - | ၁၅၃၀ | လီတာ |
| ၈၉ | Ethyl Benzoate | ၁ | ၁၂၆၀ | လီတာ |
| ၉၀ | Ethylvanillin (3-Ethoxy Hydroxybenzaldehyde) | - | ၂၇.၅ | ကီလို |
| ၉၁ | Potassium | - | ၁၃၅ | ကီလို |
| ၉၂ | Potassium Chloride | ၂ | ၄၂၀ | ကီလို |
| ၉၃ | Phosphoric Acid | ၁ | ၅၂၀၀ | လီတာ |
| ၉၄ | Dyno AP Potassium Nitrate | - | ၁၆၀ | လီတာ |
| ၉၅ | Hydrogen Peroxide | ၂ | ၄၀၈၄၇ | လီတာ |
| ၉၆ | Nitric Acid | ၁ | ၅၉၅၂ | လီတာ |
| ၉၇ | Calcium Carbonate | - | ၅၀ | ကီလို |
| ၉၈ | Caustic Soda | ၇ | ၂၃၅၅၅၀ | ကီလို |
| ၉၉ | Isopropyl Alcohol | - | ၈၅၀၀ | လီတာ |
| ၁၀၀ | Formaldehyde | ၁ | ၃၀၀၀ | လီတာ |
| ၁၀၁ | Cellulose Powder | - | ၂၄.၉ | ကီလို |
| ၁၀၂ | ဓာတုဆေးမှုန့် | - | ၀.၉ | ကီလို |
| ၁၀၃ | ဓာတုဆေးရည် | - | ၃၆၂၀၀ | လီတာ |
| ၁၀၄ | အနံ့ဆေးရည် | - | ၁၉၉ | လီတာ |
| ၁၀၅ | Food Colour အမှုန့် | - | ၇.၃၇ | ကီလို |
| ၁၀၆ | အရောင်တင်အမှုန့် | - | ၁.၃၅ | ကီလို |
| ၁၀၇ | အက်စစ်(စိစစ်ဆဲ)အရည် | - | ၁၀၀၀၀ | လီတာ |
| ၁၀၈ | ဆက်စပ်ကိရိယာ (ရိုက်စက်/မိုလ်) | - | ၁၅ | လုံး |
| | | | ၄၈၃ | ချောင်း |
| ကျော်စေ | | ၆ | | |
| အခြားအမှု | | ၂၇ | | |
| **အမှုပေါင်း** | | **၆၅၃၉** | | |
| **တရားခံ(ကျား)** | | ၇၅၈၄ ဦး | | |
| **တရားခံ(မ)** | | ၁၂၆၉ ဦး | | |
| **တရားခံပေါင်း** | | **၈၈၅၃ ဦး** | | |
| **စုစုပေါင်းတန်ဖိုး(ကျပ်သန်း)** | | **၁၀၅၇၇၆၃.၁၉၉၃၄** | | |
| **စုစုပေါင်း(ဒေါ်လာသန်း)** | | **၅၀၃.၆၉၆** | | |

## ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်၍ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေး၊ ပစ္စည်းများ၏ အရေအတွက်နှင့် စုစုပေါင်းတန်ဖိုးစာရင်း

| စဉ် | အမျိုးအမည် | အရေအတွက် | ရေတွက်ပုံ | တန်ဖိုး(ကျပ်) |
|---|---|---|---|---|
| ၁။ | မြန်မာငွေ | ၈၈,၇၁၇,၈၅၀ | ကျပ် | ၈၈,၇၁၇,၈၅၀ |
| ၂။ | မော်တော်ဆိုင်ကယ် | ၅၁၀ | စီး | ၃၃၀,၀၅၅,၅၀၀ |
| ၃။ | မော်တော်ယာဉ် | ၁၂၃ | စီး | ၂,၀၃၄,၀၄၅,၀၀၀ |
| ၄။ | ထော်လာဂျီ | ၁ | စီး | ၉၀၀,၀၀၀ |
| ၅။ | သုံးဘီးဆိုင်ကယ် | ၃ | စီး | ၈,၃၅၀,၀၀၀ |
| ၆။ | သုံးဘီးယာဉ် | ၂ | စီး | ၅,၅၀၀,၀၀၀ |
| ၇။ | စက်လှေ | ၄ | စီး | ၇၂,၅၀၀,၀၀၀ |
| ၈။ | လှေ | ၁ | စီး | ၃၀,၀၀၀,၀၀၀ |
| ၉။ | တယ်လီဖုန်း | ၁၀၄ | လုံး | ၁၄,၃၈၈,၀၀၀ |
| ၁၀။ | စက်ဘီး | ၂ | စီး | ၈၀,၀၀၀ |
| | **စုစုပေါင်း** | | | **၂,၅၈၄,၅၃၆,၃၅၀** |
| | **အမှုပေါင်း** | **၈၄၇** | **မှု** | |
| | **တရားခံပေါင်း** | **၁၅၃၀** | **ဦး** | |

## ၂၀၂၂-၂၀၂၃ ဘိန်းစိုက်ရာသီအတွင်း တိုင်းဒေသကြီး/ပြည်နယ်များမှ ဘိန်းခင်းဖျက်ဆီးမှုစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဧက | ဟတ်တာ |
|---|---|---|---|
| ၁။ | ရှမ်း(တောင်) | ၅၄၀၀.၅ | ၂၁၈၅.၅၅ |
| ၂။ | ရှမ်း(အရှေ့) | ၁၈၁.၆၅ | ၇၃.၅၁ |
| ၃။ | ရှမ်း(မြောက်) | ၁၃၁ | ၅၃.၀၁ |
| ၄။ | မကွေး | ၂၁.၂၅ | ၈.၆ |
| ၅။ | ကချင် | ၈၀.၅ | ၃၂.၅၈ |
| ၆။ | စစ်ကိုင်း | ၁၁ | ၄.၄၅ |
| | **စုစုပေါင်း ၁၈ မြို့နယ်** | **၅၈၂၅.၉** | **၂၃၅၇.၇** |

# အခန်း (၅)

## ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေး

## ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့ ဆောင်ရွက်ချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၃၁၄/၂၀၂၁ ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဗဟိုအဖွဲ့၏ကြပ်ကဲမှုဖြင့် လုပ်ငန်းအဖွဲ့(၁၁)ဖွဲ့ ဖွဲ့စည်းပေးကာ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခဲ့ပါသည်။ ဗဟိုအဖွဲ့မှ ဖွဲ့စည်းပေးသော လုပ်ငန်းအဖွဲ့ (၁၁) ဖွဲ့တွင်ပါဝင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေး အဖွဲ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ်(၂)မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သက်ဆိုင်ရာဌာနများ၏ ကိုယ်စားလှယ် (၁၄) ဦးမှ အဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၀၄) ဖြင့် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေကို အခန်း(၁၄)ခန်းဖြင့်ထုတ်ပြန်ခဲ့ပြီး နည်းဥပဒေပါ အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ တရားမဝင် မူးယစ်ဆေးဝါးများထုတ်လုပ်သည့် အနေအထားသို့ မရောက်ရှိစေရေးအတွက် မူးယစ်တပ်ဖွဲ့စုများမှ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများအပြင် မြန်မာနိုင်ငံအတွင်းသို့ တရားဝင်လမ်းကြောင်းများမှ လူသုံးကုန်ပစ္စည်းများထုတ်လုပ်ရန် လျှောက်ထားလာ သည့် ဓာတုပစ္စည်းများအား လမ်းလွဲမရောက်ရှိစေရေးအတွက် ထိန်းသိမ်းကြပ်မတ် ကွပ်ကဲဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

၃။ ထိန်းချုပ်ဓာတုပစ္စည်းများ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိအသုံးပြုခြင်း၊ လက်လီ/လက္ကား ဖြန့်ဖြူးရောင်းချခြင်းများကို တရားမဝင်



မန္တလေးတိုင်းဒေသကြီးတွင် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေး ဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း



နေပြည်တော်တွင် ပထမအကြိမ် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာအစည်းအဝေး ကျင်းပပြုလုပ်ခြင်း



ရန်ကုန်တိုင်းထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ သိုလှောင်အသုံးပြုသည့် လုပ်ငန်းတစ်ခုအား စစ်ဆေးဆောင်ရွက်စဉ်



မန္တလေးတိုင်းထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ သိုလှောင်အသုံးပြုသည့် လုပ်ငန်းတစ်ခုအား စစ်ဆေးဆောင်ရွက်စဉ်

လမ်းကြောင်းသို့ လမ်းလွဲရောက်ရှိခြင်းမဖြစ်စေရန် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေအရ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် တိုင်းဒေသကြီး/ ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်း စစ်ဆေးရေးအဖွဲ့များအား ဖွဲ့စည်းခဲ့ပြီး ထိန်းချုပ်ဓာတုပစ္စည်းများ နောက်ဆုံးထုတ်ကုန်(End Product) အထိ အမှန်တကယ် ရောက်ရှိစေရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

၄။ ၂၆-၅-၂၀၂၁ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ UN Convention အရ လည်းကောင်း၊ မြန်မာနိုင်ငံ၏လိုအပ်ချက်အရလည်းကောင်း လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် ထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုးကို အမိန့်ကြော်ငြာစာအမှတ် ၁၁၃/ ၂၀၂၁ ဖြင့် အောက်ပါအတိုင်း ထပ်မံထုတ်ပြန်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | Acetic anhydride | အက်စစ်တစ် အင်ဟိုက်ဒရိုက် |
| (ခ) | N–Acetylanthranilic acid | အင်-အက်စီတိုင်းလ်အင်သရာနီလစ်အက်စစ် |
| (ဂ) | 4-Anilino-N-phenethylpiperidine (ANPP) | ၄-အနီလီနို-အင်-ဖီနိုင်သိုင်းလ်ပိုင်ပါရီဒင်း (အေအင်ပီပီ) |
| (ဃ) | Ephedrine | အက်ဖီဒရင်း |
| (င) | Ergometrine | အာဂိုမတ်ထရင်း |
| (စ) | Ergotamine | အာဂိုတမင်း |
| (ဆ) | Isosafrole | အိုင်ဆိုဆာဖရိုးလ် |
| (ဇ) | Lysergic acid | လိုက်ဆာဂျစ် အက်စစ် |

| | | |
|---|---|---|
| (ဈ) | 3,4-MDP-2-P methyl glycidate | ၃၊၄-အမ်ဒီပီ-၂ ပီ မီသိုင်း ဂလိုက်စီဒိတ် |
| (ည) | 3,4-MDP-2-P methyl glycidic acid | ၃၊၄-အမ်ဒီပီ-၂ပီမီသိုင်းလ်ဂလိုက်စီဒစ်အက်စစ် |
| (ဋ) | 3,4-Methylenedioxyphenyl -2-propanone | ၃၊၄-မီသိုင်းလ်လင်ဒိုင်အောက်ဆီဖီနိုင်းလ် -၂-ပရိုပန်နုန်း |
| (ဌ) | Norephedrine | နော်အက်ဖီဒရင်း |
| (ဍ) | N-Phenethyl-4-piperidone (NPP) | အင်-ဖီနိုင်သိုင်းလ်-၄-ပိုက်ပါရီဒုန်း (အင်ပီပီ) |
| (ဎ) | Phenylacetic acid | ဖီနိုင်းလ်အက်စစ်တစ် အက်စစ် |
| (ဏ) | 1-Phenyl-2-propanone | ၁-ဖီနိုင်းလ်-၂-ပရိုပန်နုန်း |
| (တ) | alpha-Phenylacetoacetamide (APAA) | အလ်ဖာ- ဖီနိုင်းလ်အက်စီတိုအက်စီတမိုက် (အေပီအေအေ) |
| (ထ) | alpha-Phenylacetoacetonitrile (APAAN) | အလ်ဖာ- ဖီနိုင်းလ်အက်စီတိုအက်စီတို နိုက်ထရေး(အေပီအေအေအန်) |
| (ဒ) | Piperonal | ပိုင်ပါရိုနယ်လ် |
| (ဓ) | Potassium permanganate | ပိုတက်စီယမ်ပါမင်းဂနိတ် |
| (န) | Pseudoephedrine | ဆူဒိုအက်ဖီဒရင်း |
| (ပ) | Safrole | ဆာဖရိုးလ် |
| (ဖ) | Acetone | အက်စီတုန်း |



ရှမ်းပြည်နယ်ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်မှုအား ရှောင်တခင် စစ်ဆေးဆောင်ရွက်စဉ်



ရှမ်းပြည်နယ်ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ သိုလှောင်အသုံးပြုသည့် လုပ်ငန်းတစ်ခုအား စစ်ဆေးဆောင်ရွက်စဉ်

| | | |
|---|---|---|
| (ဗ) | Anthranilic acid | အင်သရာနီလစ် အက်စစ် |
| (ဘ) | Ethyl ether | အီသိုင်းလ်အီသာ |
| (မ) | Hydrochloric acid | ဟိုက်ဒရိုကလိုရစ်အက်စစ် |
| (ယ) | Methyl ethyl ketone | မီသိုင်းလ် အီသိုင်းလ် ကီတုံး |
| (ရ) | Piperidine | ပိုင်ပါရီဒင်း |
| (လ) | Sulphuric acid | ဆာလ်ဖြူရစ်အက်စစ် |
| (ဝ) | Toluene | တော်လူအင်း |
| (သ) | Ammonium Chloride | အမိုနီယမ်ကလိုရိုက် |
| (ဟ) | Ammonium Nitrate | အမိုနီယမ်နိုက်ထရိတ် |
| (ဠ) | Caffeine | ကေဖင်း |
| (အ) | Lead Acetate | လိဒ် အစီတိတ် |
| (ကက) | Methylamine/ | မီသိုင်းလမင်း/ |
| | Methylamine Hydrochloride | မီသိုင်းလမင်း ဟိုက်ဒရိုကလိုရိုဒ် |
| (ခခ) | Sodium Acetate | ဆိုဒီယမ် အစီတိတ် |
| (ဂဂ) | Sodium Cyanide | ဆိုဒီယမ်ဆိုင်ယာနိုက် |
| (ဃဃ) | Safrole rich oil | ဆာဖရိုးလ်ကြွယ်ဝသောအဆီ |
| (ငင) | Tartaric Acid | တာတာရစ် အက်ဆစ် |
| (စစ) | Thionyl Chloride | သိုင်အိုနိုင်းလ် ကလိုရိုက် |





ရန်ကုန်တိုင်းဒေသကြီးထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ
သိုလှောင်အသုံးပြုသည့် လုပ်ငန်းတစ်ခုအား ရှောင်တခင် စစ်ဆေးဆောင်ရွက်စဉ်

၅။ မြန်မာနိုင်ငံရှိ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများမှ ဓာတုပစ္စည်းများအားအသုံးပြုရန်နှင့် တစ်ဆင့်ပြန်လည်ရောင်းချရန် ပြည်ပမှတင်သွင်းခွင့် သွင်းကုန်လိုင်စင်ရရှိရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လျှောက်ထားရာတွင် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့များကို ကွင်းဆင်းစစ်ဆေးစေပြီး ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေနှင့်အညီ ၂၀၂၃ ခုနှစ်အတွင်း အောက်ပါအတိုင်း စိစစ်ထောက်ခံပေးခဲ့ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | Sulphuric Acid | 20242.093 | MT | 240 | Litre |
| (ခ) | Hydrochloric acid | 12791.1212 | MT | 65 | Litre |
| (ဂ) | Sodium Cyanide | 7111.60 | MT | | |
| (ဃ) | Acetone | 855.074 | MT | | |
| (င) | Toluene | 14504.27 | MT | | |
| (စ) | Methyl Ethyl Ketone | 1114.399 | MT | | |
| (ဆ) | Ammonium Chloride | 28140.001 | MT | | |
| (ဇ) | Ethyl Methylamine | 50 | MT | | |
| (ဈ) | Potassium permanganate | 877.001 | MT | | |
| (ည) | Caffeine Anhydrous | 204.8 | MT | | |
| (ဋ) | Ammonium Nitrate | 100 | MT | | |
| (ဌ) | Sodium Acetate | 0.35 | kg | | |
| (ဍ) | Tartaric Acid | 200 | MT | | |
| (ဎ) | Diethyl Ether | 7 | MT | | |
| (ဏ) | Acetic Anhydride | 200 | MT | | |
| (တ) | Thinner (ထိန်းချုပ်ဓာတုပစ္စည်းအရောအနှောပါဝင်မှု) | 15300.299 | MT | | |

၆။ မြန်မာနိုင်ငံရှိ ကုမ္ပဏီများနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများမှ ဓာတုပစ္စည်းများအား အသုံးပြုရန်နှင့် ပြန်လည်ရောင်းချရန် ပြည်ပမှတင်သွင်းခွင့်ရရှိရေး စိစစ်ထောက်ခံပေးလျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း ကုမ္ပဏီ/လုပ်ငန်းရှင် စုစုပေါင်း ၆၅ ခုရှိပြီး လုပ်ငန်းအသုံးပြုသည့် ကုမ္ပဏီ/ လုပ်ငန်းရှင် ၄၇ ခု၊ တစ်ဆင့်ပြန်လည်ရောင်းချသည့် ကုမ္ပဏီ/ လုပ်ငန်းရှင် ၁၃ ခု၊ ဌာနဆိုင်ရာမှလျှောက်ထားမှု ၄ ခု၊ ပြည်တွင်းထုတ်လုပ်ပြီး ကိုယ်တိုင်သုံးကုမ္ပဏီ ၁ ခု ရှိပါသည်။

၇။ ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ တရားဝင်ကုန်သွယ်မှုများမှတစ်ဆင့် လမ်းလွဲရောက်ရှိခြင်းကို ကာကွယ်ရန်အတွက်လည်းကောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ရှောင်တခင်/ ပုံမှန်စစ်ဆေးခြင်း ၆၁၄ ကြိမ်၊ အသိပညာပေးဟောပြောခြင်း ၇၈၈ ကြိမ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ ပြည်နယ်ကျော်သယ်ဆောင်မှု ၃၉၀ ကြိမ်တို့အား ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ခဲ့ပါသည်။

၈။ တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ဓာတုပစ္စည်းများကို ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆန့်ကျင်ရေး ကွန်ဗင်းရှင်း (၁၉၈၈)၏ ဇယား ၁ နှင့် ၂ ဖြင့် လည်းကောင်း၊ နိုင်ငံအများစုမှ ဥပဒေများပြဋ္ဌာန်း၍လည်းကောင်း ထိန်းချုပ်ထားသဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများကိုရှောင်လွှဲ၍ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဖွဲ့စည်းပုံအလွန်နီးစပ်သည့် အစားထိုးအသုံးပြုနိုင်သော အခြားဓာတုပစ္စည်းမျိုးကွဲများနှင့် ကြားခံဓာတုပစ္စည်းများကို နည်းလမ်းမျိုးစုံဖြင့် ပြောင်းလဲချက်လုပ်လာကြသည်ကိုတွေ့ရှိရပြီး ဓာတုပစ္စည်း အမျိုးအစားတစ်ခုတည်းမှ ဆင့်ကဲပြုပြင်ထားကြောင်းတွေ့ရသည့် ဆင့်ပွားဓာတုပစ္စည်းများ (Designer precursors) တဟုန်ထိုး တိုးပွားလာသည်ကိုလည်း တွေ့ရှိရပါသည်။

၉။ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ၊ ထိန်းချုပ်ထားခြင်း မရှိသော ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသောပစ္စည်းများ အလွဲသုံးမှုနှင့် လမ်းလွဲရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် အစိုးရ-ပုဂ္ဂလိကလက်တွဲဆောင်ရွက်မှု (Public-Private Partnership,PPP) ကို တည်ဆဲလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် အရေးကြီးပါသည်။ သို့ဖြစ်၍ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဓာတုပစ္စည်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ/လုပ်ငန်းရှင်များ၊ ဓာတုဗေဒနှင့်သက်ဆိုင်သည့်ဌာနများ၊ အသင်းအဖွဲ့များဖြင့် ပေါင်းစပ်ကျင်းပသည့် ထိန်းချုပ်ဓာတုပစ္စည်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့် မူဝါဒများဆိုင်ရာ အသိပညာပေးခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

၁၀။ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့ (International Narcotics Control Board - INCB) မှ (၃) လတစ်ကြိမ်နှင့် နှစ်စဉ်မေးမြန်းချက်များအား သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သတ်မှတ်ပုံစံများအတိုင်း ဖြည့်စွက်ပေးပို့ရေး အကြောင်းကြားပြီး INCB သို့ အချိန်နှင့်တစ်ပြေးညီ စုစည်းဖြေကြားလျက်ရှိပါသည်။

၁၁။ သြစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့အခြေစိုက် (United Nations Office on Drugs and Crime - UNODC) ရုံးမှ နှစ်ပတ်လည်အစီရင်ခံစာ (Annual Report Questionnaire - ARQ) မေးမြန်းချက်များ

အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြောင်းကြားပြီး ဖြေကြားချက်များစုစည်းကာ အကြောင်းပြန်ကြားခြင်းအပြင် INCB မှ မေးမြန်းချက်များကိုလည်း အကြောင်းပြန်ကြား ဆောင်ရွက်လျက်ရှိပါသည်။

၁၂။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာထိန်းချုပ်မှုအောက်တွင်ရှိသော ဓာတုပစ္စည်းများ တင်သွင်း/ တင်ပို့မှုနှင့်ပတ်သက်၍ ပို့ကုန်ကြိုတင်သတင်းပေးစနစ် (Pre - Export Notification – PEN) Online စနစ်ဖြင့်လည်းကောင်း၊ နိုင်ငံတကာထိန်းချုပ်မှုအောက်တွင်မရှိသော ဓာတုပစ္စည်းများ တင်သွင်း/ တင်ပို့မှုနှင့်ပတ်သက်၍ (Pre - Export Notification – PEN) Online Light စနစ်ဖြင့် လည်းကောင်း အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း မလေးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပြင်သစ်နိုင်ငံတို့နှင့် (Pre - Export Notification – PEN) Online စနစ်ဖြင့် ၇၇ ကြိမ်တွင် အချက်အလက်များမှန်ကန်မှုရှိသဖြင့် ထောက်ခံ ၆၇ ကြိမ်၊ အချက်အလက်များမှန်ကန်မှုမရှိသဖြင့် ကန့်ကွက် ၁၀ ကြိမ်နှင့် (Pre - Export Notification – PEN) Online Light စနစ်ဖြင့် ၆၉ ကြိမ်တွင် အချက်အလက်များ မှန်ကန်မှုရှိသဖြင့် ထောက်ခံ ၂၂ ကြိမ်၊ အချက်အလက်များမှန်ကန်မှုမရှိသဖြင့် ကန့်ကွက် ၄၇ ကြိမ် ဆက်သွယ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

# အခန်း (၆)

## နယ်မြေလူထုပူးပေါင်းပါဝင်ရေးအတွက် စည်းရုံးဆောင်ရွက်ရေး

# မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆောင်ရွက်ချက်

**နိဒါန်း**

၁။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (Myanmar Anti-Narcotics Association, MANA) ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှတ်ပုံတင်ဌာနခွဲမှ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် မှတ်ပုံတင်အမှတ် ၁၇၇၀ ဖြင့် ခွင့်ပြုခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့မှ ၂၇-၁၂-၂၀၁၉ နေ့စွဲဖြင့် အသင်းအဖွဲ့၏မှတ်ပုံတင်အမှတ်သည် ၁/ပြည်တွင်း/၀၈၈၇ ဖြစ်ပါသည်။

၂။ အသင်း၏မျှော်မှန်းချက်မှာ “Myanmar is A Drug Free Society and Healthy Nation” ကျန်းမာကြံ့ခိုင်၍ မူးယစ်ကင်းစင်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာစေရန်ဖြစ်ပါသည်။ MANA အသင်းမှ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းရပ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့်တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ မူးယစ်ဆေးဝါး၏ဝင်ပေါက်ဖြစ်သော ဆေးလိပ်နှင့် အရက်သောက်ခြင်းတို့အား တားဆီးကာကွယ်ရေးအတွက် ပြည်သူလူထုအတွင်း ပညာပေးဟောပြောမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

**အသင်းဖွဲ့စည်းပြီးစီးမှု**

| | | | | |
|---|---|---|---|---|
| ၃။ | (က) | တိုင်းဒေသကြီးအဆင့် MANA အသင်း | ၈ | သင်း |
| | ( ခ ) | နေပြည်တော်တိုင်း MANA အသင်း | ၁ | သင်း |
| | ( ဂ ) | ပြည်နယ်အဆင့် MANA အသင်း | ၉ | သင်း |
| | (ဃ) | ခရိုင်အဆင့် MANA အသင်း | ၃၄ | သင်း |
| | ( င ) | မြို့နယ်အဆင့် MANA အသင်း | ၁၅၄ | သင်း |
| | ( စ ) | ဂုဏ်ထူးဆောင်အသင်းသား | ၁၁ | ဦး |
| | (ဆ) | ရာသက်ပန်အသင်းသား | ၃၆၇၈၉ | ဦး |
| | ( ဇ ) | ဗဟိုကော်မတီဝင် | ၃၀ | ဦး |
| | ( ဈ ) | ဗဟိုအလုပ်အမှုဆောင်ကော်မတီ | ၁၈ | ဦး |

### MANA အသင်းကြီး၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ

၄။ (က) ဝဏ္ဏကျော်ထင်ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း) ဥက္ကဋ္ဌ
(ရဲချုပ်-ငြိမ်း)

| | | |
|---|---|---|
| (ခ) | ဦးစောငွေ | ဒုဥက္ကဋ္ဌ(စီမံ/လုပ်ငန်း) |
| (ဂ) | ဦးသိန်းကြည်(ရဲမှူးကြီး-ငြိမ်း) | ဒုဥက္ကဋ္ဌ(စီမံကိန်း) |
| (ဃ) | ဦးမြင့်ခိုင် | အတွင်းရေးမှူး |
| (င) | ဦးစိန်မြင့်(ထွန်း) | တွဲဖက်အတွင်းရေးမှူး(နိုင်ငံတကာဆက်ဆံရေး) |
| (စ) | ဒေါက်တာဆွေဆွေအောင် | တွဲဖက်အတွင်းရေးမှူး(စီမံ/စည်းရုံး) |
| (ဆ) | ဦးတင်ထွဋ်ြ | စာရင်းစစ် |
| (ဇ) | ဒေါ်ချိုချိုအေး | ဘဏ္ဍာရေးမှူး |
| (ဈ) | ဦးစိုင်းအောင်မင်း | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| (ည) | ဒေါက်တာတင်အောင်ရွှေ | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| (ဋ) | ဒေါက်တာဇော်သန်းမောင် | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| (ဌ) | ဒေါက်တာအောင်သော် | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| (ဍ) | ဒေါက်တာဝင်းနိုင် | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| (ဎ) | ဒေါ်စောသီရိသိင်္ဂီ | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| (ဏ) | ဦးကိုကိုလေး | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |

### MANA အသင်းကြီး၏ စည်းရုံးလှုပ်ရှားမှုများ

၅။ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ၁-၁-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး





အသင်း(ဗဟို)ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)(ရဲချုပ်-ငြိမ်း)နှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီး ဒေါက်တာအောင်သော်တို့မှ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော ဆောင်ရွက်ခဲ့ပါသည်။

၆။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အ.ထ.က (၆) ပညာ့တံခွန် အစည်းအဝေးခန်းမတွင် ၂၂-၆-၂၀၂၃ ရက်နေ့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက် ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးအန္တရာယ်လျော့ချရေးနှင့်မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ အခမ်းအနား ကျင်းပခဲ့ရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)(ရဲချုပ်-ငြိမ်း)၊ အတွင်းရေးမှူး တရားလွှတ်တော် ရှေ့နေ ဦးမြင့်ခိုင်၊ အင်းစိန် မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌဦးဘိုကြည် (ဒါရိုက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) တို့မှ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောဆောင်ရွက်ခဲ့ပါသည်။

၇။ ဓမ္မဒီပ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (သန်လျင်)တွင် ကျောင်းသားလူငယ်နှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းများကို ၉-၈-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း(ဗဟို)အတွင်းရေးမှူး တရားလွှတ်တော်ရှေ့နေ ဦးမြင့်ခိုင်နှင့် ဗဟိုအလုပ်အမှုဆောင် စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီး ဒေါက်တာ အောင်သော် တို့မှ အသိပညာပေးဟောပြောဆောင်ရွက်ခဲ့ရာ ကျောင်းသား လူငယ် (၅၅၀) ဦးခန့် တက်ရောက်ခဲ့ပါသည်။

၈။ ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)အစည်းအဝေးခန်းမ၌ လစဉ် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး (၉) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၉။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် ဗဟို ကော်မတီအစည်းအဝေးကို ၉-၁-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ အနောက် ရွှေဂုံတိုင်လမ်း၊ ဗဟန်းရေတာရှည်လမ်းသစ်ထိပ်ရှိ ကျောက်ဆည်ဓမ္မာရုံတွင်ကျင်းပခဲ့ရာ ပြည်နယ်/ တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

## ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ကျင်းပခြင်း

၁၀။ ၂၀၂၃ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲ သုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကို လှိုင်သာယာ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း

(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း) ရဲချုပ်(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစိုင်းအောင်မင်းတို့နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) သတင်းနှင့်ပြန်ကြားရေးအဖွဲ့တာဝန်ခံ ဦးသန်းဆင့် တို့ တက်ရောက်ခဲ့ပါသည်။

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ ဘာသာရေးဆောင်ရွက်ချက်**

၁၁။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၃၇/ဂျီ) တွင် ၁၀-၇-၂၀၂၃ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ရာ လှူဒါန်းပွဲအခမ်းအနားသို့ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း) (ရဲချုပ်-ငြိမ်း)၊ ဗဟိုအလုပ်အမှုဆောင်များနှင့် MANA ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

၁၂။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ၏ (၁၃) ကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ် ကျွန်းတောလမ်း၊ အမှတ် (၃၇/ဂျီ) တွင် ၁၅-၁၁-၂၀၂၃ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ရာ လှူဒါန်းပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း) (ရဲချုပ်-ငြိမ်း)၊ ဗဟိုအလုပ်အမှုဆောင်များနှင့် MANA ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

**လူငယ်ကဏ္ဍ**

၁၃။ လူငယ့်အားမာန်အဖွဲ့မှ ဆေးဖြတ်ရန်လာရောက်သူ(၄၆) ဦးကို After Care ဆောင်ရွက်ပေးခြင်း နှင့် နှစ်သိမ့်ဆွေးနွေးပညာပေးဟောပြောခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။

**Health Care Centre ဖွင့်လှစ်ခြင်း**

၁၄။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း လူငယ့်အားမာန် (MYET) တွင် ယခင်က မူးယစ်ဆေးဝါးသုံးစွဲခဲ့ကြသူများနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးရန် MANA သင်တန်းခန်းမအောက်ထပ်၌ ဆရာဝန်တစ်ဦးနှင့် သူနာပြုတစ်ဦးတို့ခန့်ထားပြီး ရက်သတ္တတစ်ပတ်လျှင်(၃) ရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)ဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ပါသည်။

**မူးယစ်ပြတိုက်ရှိ MANA ပြခန်း**

၁၅။ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဖွင့်လှစ်ပြသထားသော ပြတိုက်၌ MANA အသင်းမှ ပြခန်းဖွင့်လှစ်ထားပါသည်။ အဆိုပါပြတိုက်ရှိ MANA ပြခန်းကို မူးယစ်တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၏

အကြောင်းကြားချက်အတိုင်း ၃၀-၅-၂၀၂၃ ရက်နေ့မတိုင်မီ ခေတ်စနစ်နှင့်လျော်ညီစွာ အချိန်မီပြင်ဆင်၍ ပြင်ဆင်မှုလုပ်ငန်းမှတ်တမ်းဓာတ်ပုံများကို ပေးပို့ခဲ့ပါသည်။

**ဘဏ္ဍာရေး**

၁၆။ စီမံကိန်းလုပ်ငန်းများ၏ ဘဏ္ဍာရေးအသုံးစရိတ်သက်ဆိုင်ရာ အထောက်အပံ့ပေးသည့် UNOPS, GFATM, PR Team တို့မှ တိုက်ရိုက် International Audit Farm တို့ဖြင့် စစ်ဆေးမှုပြုလုပ်ပါသည်။ MANA ရုံးချုပ်ဘဏ္ဍာရေးကိစ္စများကို တစ်လတစ်ကြိမ်ပြုလုပ်သော ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးသို့ လစဉ်ငွေစာရင်းရှင်းတမ်းကိုလည်းကောင်း၊ နှစ်တစ်နှစ်၏ စာရင်းရှင်းတမ်းကို နှစ်စဉ် နှစ်ပတ်လည်အစည်းအဝေးသို့ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဗဟိုကော်မတီအစည်းအဝေးသို့ တင်ပြ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**နိဂုံး**

၁၇။ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းအနေဖြင့် "မူးယစ်ကင်းစင်၍ ကျန်းမာကြံ့ခိုင်သော မြန်မာ့လူ့ဘောင်တည်ဆောက်ရေး " စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ MANA အသင်းများ တိုးချဲ့ စည်းရုံးဖွဲ့စည်းခဲ့ပါသည်။ အသိပညာပေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် ယနေ့ခေတ်လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးဆွေးနွေးပွဲ အစီစဉ်တွင် MANA (ဗဟို)မှ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်နယ်တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှလည်း ကျောင်းသားလူငယ်များအတွင်း မူးယစ်ဆေးဝါးအန္တရာယ် အကြောင်း တွေ့ဆုံဆွေးနွေးပညာပေးအစီအစဉ်များဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူအခြေပြု ပညာပေး ဦးစားပေးလုပ်ငန်းစဉ် (၇) ရပ်ဖြစ်သော မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်ဘီယာ မသောက်သုံးရေး၊ ဆေးလိပ်၊ ကွမ်းယာ မသုံးစွဲရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော လူမှုပုံစံများ စွဲမြဲစွာတည်ဆောက်ရေး၊ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာပေးရေး၊ ဂိမ်းစွဲလမ်းမှုပပျောက်ရေးတို့တွင်လည်း MANA (ဗဟို)မှ ပညာပေးရုပ်သံဇာတ်လမ်း DVD အခွေများ၊ စာအုပ်များ၊ ပိုစတာများ ပံ့ပိုးပေး၍ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ လူထုပညာပေးလုပ်ငန်းများတွင် နှီးနွှယ်ဆက်စပ်လျက်ရှိသော ဌာနဆိုင်ရာများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းလျက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ် ပါသည်။

## မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း ဆောင်ရွက်ချက်

၁။ မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း (Border Areas Development Association, BDA) သည် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းအပါအဝင် လူနေမှုဘဝမြင့်မားတိုးတက်လာသည်နှင့်အညီ ပြည်သူများအား အန္တရာယ်ပေးနေသည့် မူးယစ်ဆေးဝါးအန္တရာယ်များ လျော့ပါးသွားစေရန် ဆောင်ရွက်လျက်ရှိပါသည်။

**ပညာရေး**

၂။ BDA သည် ကလေးသူငယ်များ ပညာဆက်လက်သင်ယူနိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့်အနေဖြင့် စစ်ကိုင်းတိုင်းအတွင်းရှိ မုံရွာ၊ အရာတော်၊ ချောင်းဦး၊ မြောင်၊ ခင်ဦး၊ ဒီပဲယင်း၊ တန့်ဆည်၊ ရေဦး၊ ယင်းမာပင်၊ ကနီ နှင့် ဆားလင်းကြီး၊ စုစုပေါင်း (၁၁) မြို့နယ်တွင် “Continuing Access to Quality Education for Crisis Affected and Displaced Vulnerable Children through Open learning and Non Formal Education Project” ကို Open learning နှင့် NFE အစီအစဉ် (၂) ရပ်တို့ဖြင့် ၂၀၂၃ ခုနှစ်၊ မေလ မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဤစီမံချက်အရ မူလတန်းအဆင့်ကလေးများအတွက် ဖြည့်စွက်သင်ယူခြင်းအစီအစဉ် (Open Learning Program)နှင့် အသက် ၁၀ နှစ်မှ ၁၇ နှစ် အရွယ် ကလေးများအတွက် စဉ်ဆက်မပြတ် တိုးချဲ့သင်ယူခြင်းအစီအစဉ် (EXCEL Program) နှစ်ရပ်ဖြင့် ဆောင်ရွက်ခဲ့ရာ ၎င်းသင်ရိုးညွှန်းတမ်းအရ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးသင်ခန်းစာများကို မူလတန်းနှင့် အလယ်တန်းအဆင့် ကလေးသူငယ်ပေါင်း (၈၂၀၀) တို့အား အသိပညာပေးနိုင်ခဲ့ပါသည်။ အဆိုပါကလေးများအား လေ့လာသင်ယူနိုင်ရန် သင်ထောက်ကူ (Work Book) များ၊ စာရေးကိရိယာများနှင့် အားကစားပစ္စည်းများ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။





**ကျန်းမာရေး**

၃။ BDA အသင်းသည် အထူးကုဆရာဝန်ကြီးများ ဦးဆောင်ပါဝင်လျက် အထွေထွေရောဂါ၊ မျက်စိ၊ သွားနှင့် သားဖွားမီးယပ်ဆရာဝန်များဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် နယ်လှည့်ဆေးကုသရေးကို ၃၅ ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်တွင် Myanmar Humanitarian Fund (MHF) ပံ့ပိုးမှုဖြင့် The Adventist Development Relief Agency (ADRA) က ဦးဆောင်ကာ "Response to ensure Education, Access to Community Health, Food Security and Protection Support ( REACH ) Project" ကို စက်တင်ဘာလမှစတင်ပြီး Project ကာလ(၁)နှစ်ကြာ မိမိတို့၏နယ်မြေအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ BDA အသင်းအနေဖြင့် စစ်ကိုင်းတိုင်းအတွင်း အရာတော်နှင့် ဒီပဲယင်းမြို့နယ်တို့တွင် ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးကို ဆောင်ရွက်လျက်ရှိပါသည်။





REACH Project တွင် Education, Health, Food Security, Protection စသည့် ကဏ္ဍလေးခုနှင့်အတူ Mobile Clinic ဖြင့် မြို့နယ် ၂ မြို့နယ်ရှိကျေးရွာများသို့ ကွင်းဆင်းကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းကျေးရွာများရှိ မိဘပြည်သူ ၄၇၃ ဦးတို့အား ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများကျင်းပနိုင်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲများတွင် မူးယစ်ဆေးဝါးအန္တရာယ် အကြောင်း ဆွေးနွေးခဲ့ကြသဖြင့် ကလေးသူငယ်များ၏ ပညာရေးကို များစွာအထောက်အပံ့ပေးသည့်အပြင် ရပ်ရွာပြည်သူလူထုပါဝင်ကူညီရန် အခွင့်အရေးများကိုလည်း ဖန်တီးပေးနိုင်ခဲ့ပါသည်။ စေတနာ့ဝန်ထမ်း ဆရာ/ဆရာမများကိုလည်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်နိုင်ခဲ့ပါသည်။

**အသက်မွေးဝမ်းကျောင်းအထောက်အကူပြုရေးလုပ်ငန်းများ**

၄။ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများရှိ ပြည်သူလူထုများ၏ လူနေမှုစီးပွားရေးဘဝ မြှင့်တင် နိုင်ရန်အတွက် NGO အနေဖြင့် ငွေစုငွေချေးလုပ်ငန်းစီမံချက်ကို ၂၀၁၃ ခုနှစ်မှစ၍ မုံရွာမြို့နယ်တွင် အောင်မြင်စွာ









ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းနောက် ၂၀၁၈ ခုနှစ်မှစ၍ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ NGO အနေမှ ရတနာသလ္လာ အသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်အဖြစ် ပြင်ဆင်ဖွဲ့စည်းကာ အသေးစားလုပ်ငန်းစီမံချက်ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ထုတ်ချေးငွေပေါင်း သိန်းပေါင်း ၁၈၀၀၀ ကျော်ရှိပါသည်။ လက်ရှိအခြေအနေအရ အသင်းဝင်များက လစဉ် ၅% ခန့်သာ ပြန်လည်ပေးဆပ်နိုင်ခဲ့သော်လည်း ၂၀၂၃ ခုနှစ် ကာလအတွင်း ချေးငွေ ကျပ် ၁၄၅ သန်းထုတ်ချေးပေးခဲ့ပါသည်။ အဆိုပါထောက်ပံ့ငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ၃၀ ခု၊ မွေးမြူရေးလုပ်ငန်း ၅၂ ခု၊ ကုန်သွယ်ရေးလုပ်ငန်း ၂၄၀ ခု၊ ထုတ်လုပ်ရေးလုပ်ငန်း ၅ ခုနှင့် ဝန်ဆောင်မှုလုပ်ငန်း ၈ ခု တို့အတွက် ပံ့ပိုးနိုင်ခဲ့ပါသည်။

**စာအုပ်စာတမ်းများလှူဒါန်းခြင်း**

၅။ BDA အသင်းဆောင်ရွက်ချက်များစာအုပ် (၁၀၀) အုပ် ကို ၁၅-၁၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်းရှိမြန်မာနိုင်ငံစာရေးဆရာများအသင်းသို့လည်းကောင်း၊ ဓမ္မလက်ဆောင်စာအုပ် ၄၀၀ အုပ်ကို မုံရွာမြို့နှင့် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ချမ်းမြေ့ရိပ်သာကျောင်းသို့လည်းကောင်း သွားရောက်လှူဒါန်းခဲ့ပါသည်။

## ပြည်သူများအားထောက်ပံ့လှူဒါန်းခြင်း

၆။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ ကျေးရွာများမှ ပြည်သူများအား ဒီဇင်ဘာလအတွင်း ဆောင်းရာသီ အအေးဒဏ် ကာကွယ်နိုင်ရန်အတွက် စောင် ၈၇ ထည်၊ တန်ဖိုးငွေ ၅၆၅၅၀၀ ကျပ်ကို ထောက်ပံ့လှူဒါန်း ခဲ့ပါသည်။

## မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်း

၇။ BDA အသင်းတည်ထောင်သည့် ၁၉၉၆ ခုနှစ်မှစ၍ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ BDA အသင်းဆောင်ရွက်သည့် လုပ်ငန်းတိုင်းတွင် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက် ပညာပေးဟောပြောပွဲများကို ပူးတွဲကျင်းပပေးလျက်ရှိပါသည်။

၈။ ရန်ကုန်မြို့ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်တွင် ဖွင့်လှစ်ထားသည့် အသင်း၏ပြခန်းကိုလည်း ခေတ်နှင့်လျော်ညီစွာ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍပြကွက်ရှိ ဓာတ်ပုံမှတ်တမ်းများ အစားထိုးခြင်းနှင့် ပျက်ယွင်းနေသော Caption များကို ပြင်ဆင်မွမ်းမံ ဆောင်ရွက်လျက်ရှိပါသည်။

# အခန်း (၇)

## နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး

## နိုင်ငံတကာဆက်ဆံရေးအဖွဲ့ ဆောင်ရွက်ချက်

၁။ ၂၀၂၃ ခုနှစ်အတွင်း မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် ပြည်တွင်း/ပြည်ပနိုင်ငံများ၌ ကျင်းပြုလုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲ/အလုပ်ရုံဆွေးနွေးပွဲ ၃ ကြိမ်၊ အစည်းအဝေး ၆ ကြိမ်၊ လေ့လာရေးခရီးစဉ် ၃ ကြိမ်၊ Online ဖြင့် ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲ/အလုပ်ရုံဆွေးနွေးပွဲ ၁ ကြိမ်၊ အစည်းအဝေး ၆ ကြိမ် တို့ကို တက်ရောက်နိုင်ခဲ့ပါသည်။

### ပြည်ပနိုင်ငံများသို့ စေလွှတ်မှု

၂။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ဘေးကင်းလုံခြုံသော မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးစင်တာ (Safe Mekong Coordination Centre, SMCC) ၏ လုပ်ငန်းပြီးစီးမှုဆိုင်ရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဖြိုးလှိုင်ဘွား ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦး တက်ရောက်ခဲ့ကြပါသည်။

၃။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှ ၁၂ ရက်နေ့ထိ အလှည့်ကျအိမ်ရှင်အဖြစ် လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့၊ LAO PLAZA HOTEL ၌ ကျင်းပပြုလုပ်ခဲ့သည့် (၈) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးနှင့် (၈) ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံ ဝန်ကြီးအဆင့်အစည်းအဝေး (8th ASEAN Ministerial Meeting on Drug Matters-AMMD) သို့ မြန်မာနိုင်ငံ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ကိုယ်စားလှယ် ၆ ဦး တက်ရောက်ခဲ့ကြပါသည်။





၄။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့မှ ၇ ရက်နေ့ထိ အလှည့်ကျအိမ်ရှင်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် မဲခေါင်ဒေသတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့ဝင်နိုင်ငံများ၏ (၁၄) ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (The 14th Ministerial Meeting and Senior Officials Committee Meeting of the Signatories to the Mekong MoU on Drug Control) သို့ မြန်မာနိုင်ငံ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သော ကိုယ်စားလှယ် ၄ ဦး တက်ရောက်ခဲ့ကြပါသည်။









၅။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့ရှိ Paradise Hotel Busan ၌ ကျင်းပပြုလုပ်ခဲ့သည့် (၅)ကြိမ်မြောက် မူးယစ်ဆေးဝါးမှုခင်းများတိုက်ဖျက်ရေးဆိုင်ရာအာရှ-ပစိဖိတ်ဒေသသတင်းအချက်အလက်များနှင့်ညှိနှိုင်းရေး ဗဟိုဌာန အစည်းအဝေး (5th Asia- Pacific Infromation & Coordination Center-APICC) နှင့် (၃၀) ကြိမ်မြောက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆက်ဆံ ရေးအရာရှိများ အစည်းအဝေး (30th Anti-Drug Liaison Officials Meeting for International Cooperation-ADLOMICO) သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ကျော်ဇေယျဝင်း တက်ရောက်ခဲ့ပါသည်။



၆။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ အိမ်ရှင်အဖြစ် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၊ Conrad Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် ကိုလံဘိုစီမံကိန်း၊ မူးယစ်ဆေးဝါး အကြံပေး အစီအစဉ်၏ အမျိုးသားမူးယစ်ဆေးဝါးဆိုင်ရာ ဌာန/အဖွဲ့များ အစည်းအဝေး (The Colombo Plan Drug Advisory Programme National Secretariats Meeting - CPDAP) သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဝင်းကိုကို ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ နန္ဒမျိုးအောင်ဝမ်း စုစုပေါင်း ကိုယ်စားလှယ် ၃ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။



၇။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် မှုခင်းစုံစမ်းစစ်ဆေးရေး လုပ်ငန်းသုံး အထူးထုတ်ပစ္စည်းများ အသုံးပြုခြင်းဆိုင်ရာ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ဝဏ္ဏအေး ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦး တက်ရောက်ခဲ့ကြပါသည်။




၈။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ ၁၉ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ချအမ်ပြည်နယ်၊ ဖေ့ချဘူရီခရိုင်ရှိ ထိုင်းတော်ဝင်ရဲတပ်ဖွဲ့၊ အထူးစစ်ဆင်ရေးတပ်ဖွဲ့ Naresuan 261 ၌ ကျင်းပပြုလုပ်ခဲ့သည့် အထူးလုပ်ငန်းတာဝန်အဖွဲ့ Eagle 19 ၏ နည်းဗျူဟာ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး မိုင်းရဲမင်းကျော် ဦးဆောင်သော ကိုယ်စားလှယ် တပ်ဖွဲ့ဝင်အရာရှိ ၁၀ ဦး တက်ရောက်ခဲ့ကြပါသည်။




၉။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangzhou မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် မူးယစ်ဆေးဝါး စောင့်ကြည့်စစ်ဆေးနိုင်ရေးအတွက် ရေဆိုးစိစစ်လေ့လာမှုဆိုင်ရာ ဆွေးနွေးပွဲ ( Wastewater Analysis for Drug Monitoring: A Seminar on Emerging Techniques and Applications)သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊

ဓာတုဗေဒစစ်ဆေးရေးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာကြည်မင်းဦးနှင့် ဦးစီးအရာရှိ ဒေါ်ကေခိုင်တို့ ၂ ဦး တက်ရောက်ခဲ့ကြပါသည်။



၁၀။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၉ ရက်နေ့အထိ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့၌ ကျင်းပပြုလုပ်ခဲ့သည့် မဟာမဲခေါင်ဒေသခွဲအတွင်းရှိ ကျောင်းသားလူငယ်များအတွက် ဒုတိယအကြိမ် မူးယစ်ဆေးဝါးကြိုတင်ကာကွယ်ရေး လုပ်ငန်းအစီအစဉ်ဆိုင်ရာ လူငယ်ကွန်ရက်သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး မိုင်းရဲမင်းကျော် ဦးဆောင်၍ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်အသီးသီးမှ ကျောင်းသား/ ကျောင်းသူ လူငယ် ၆ ဦး၊ စုစုပေါင်းကိုယ်စားလှယ် ၇ ဦးတို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

၁၁။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ ထိုင်းနိုင်ငံ၏ အစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေး ဆိုင်ရာ ဆောင်ရွက်နေမှုများအား သွားရောက်လေ့လာသည့် ခရီးစဉ်သို့ မြန်မာနိုင်ငံ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့၊ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သော ကိုယ်စားလှယ် ၇ ဦး တက်ရောက်ခဲ့ကြပါသည်။





၁၂။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှ အောက်တိုဘာလ ၈ ရက်နေ့အထိ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် ကျင်းပပြုလုပ်ခဲ့သည့် မဟာမဲခေါင်ဒေသနှင့် ဒေသပြင်ပနိုင်ငံများမှ ကျောင်းသားလူငယ်များအတွက် တတိယအကြိမ် မူးယစ်ဆေးဝါး ကြိုတင်ကာကွယ်ရေးလုပ်ငန်းအစီအစဉ်ဆိုင်ရာ လူငယ်ကွန်ရက်သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး မိုင်းရဲမင်းကျော် ဦးဆောင်

သော ကိုယ်စားလှယ် ၃ ဦးနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်အသီးသီးမှ ကျောင်းသူလူငယ် ၂ ဦး၊ စုစုပေါင်းကိုယ်စားလှယ် ၅ ဦးတို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

၁၃။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ မှ ၈ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ - ထိုင်း နှစ်နိုင်ငံကြား မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများအား ချစ်ကြည်ရင်းနှီးမှုဖြင့် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရန်နှင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)မှ ကြီးမှူးစီစဉ်သည့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တွင် ဖွင့်လှစ်သော အထူးလုပ်ငန်းတာဝန်အဖွဲ့ Eagle 19 သင်တန်းဆင်းပွဲအခမ်း အနားသို့ မြန်မာနိုင်ငံ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်၊ ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်သော ကိုယ်စားလှယ် ၆ ဦး တက်ရောက်ခဲ့ကြပါသည်။



၁၄။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ထိုင်းတော်ဝင်ရဲတပ်ဖွဲ့၊ အထူးလုပ်ငန်းတာဝန်အဖွဲ့ လေ့ကျင့်ဆောင်ရွက်မှုများအား လေ့လာနိုင်ရန်နှင့် ထိုင်း - မြန်မာ နှစ်နိုင်ငံအကြား ပူးတွဲလေ့ကျင့်လျက်ရှိသည့် အထူးလုပ်ငန်းတာဝန်အဖွဲ့ Eagle 19 သင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင်ဦးဆောင်သော ကိုယ်စားလှယ် ၇ ဦး တက်ရောက်ခဲ့ကြပါသည်။





၁၅။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှ ဧပြီလ ၉ ရက်နေ့အထိ ဗီယက်နမ် နိုင်ငံ၊ ဟနွိုင်းမြို့၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဘေးကင်းလုံခြုံသော မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးစင်တာ (Safe Mekong Coordination Centre, SMCC- Viet Nam) ရုံးတွင် မဲခေါင်အဖွဲ့ဝင် ၆ နိုင်ငံအကြား မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ဘေးကင်းလုံခြုံသော မဲခေါင်စစ်ဆင်ရေးစီမံချက်အရ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး လွင်မျိုးထက် ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦးတို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။




၁၆။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှ သြဂုတ်လ ၃၁ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ချင်းရိုင်မြို့၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဘေးကင်းလုံခြုံသော မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးစင်တာ (Safe Mekong Coordination Centre, SMCC) ရုံးတွင် မဲခေါင်အဖွဲ့ဝင် ၆ နိုင်ငံအကြား မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ဘေးကင်းလုံခြုံသော မဲခေါင်စစ်ဆင်ရေးစီမံချက်အရ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး အောင်မျိုးဇော်မင်း ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦးတို့ သွားရောက် တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။

၁၇။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ဘန်ခဲခရိုင်ရှိ ထိုင်းတော်ဝင်ရဲတပ်ဖွဲ့၏ လှည့်ကင်းနှင့် အကြမ်းဖက်နှိမ်နင်းရေးရဲတပ်ဖွဲ့ ARINTHARAJ 26 ၏ သင်တန်းကျောင်း၌ ထိုင်း တော်ဝင်ရဲတပ်ဖွဲ့မှ သင်ကြားပို့ချ ဖွင့်လှစ်ပေးသည့် အထူးလုပ်ငန်းတာဝန်အဖွဲ့ Eagle 19 သင်တန်းသို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး မိုင်းရဲမင်းကျော် ဦးဆောင်သော တပ်ဖွဲ့ဝင် သင်တန်းသားအရာရှိ ၂၀ ဦး တက်ရောက် ခဲ့ပါသည်။

၁၈။ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှ ဧပြီလ ၄ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ချင်းရိုင် ခရိုင် International Narcotics Control College (INCC)၌ ကျင်းပပြုလုပ်ခဲ့သည့် BIMSTEC Training Course on Precursor Chemical Control for Narcotics Law Enforcement Officers သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ယာယီရဲမှူး လှသိန်းစိုး ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦး တက်ရောက်ခဲ့ကြပါသည်။

၁၉။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့မှ ၃၀ ရက်နေ့ အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ဘန်ခဲခရိုင်ရှိ ထိုင်းတော်ဝင်ရဲတပ်ဖွဲ့၏ လှည့်ကင်းနှင့် အကြမ်းဖက်နှိမ်နင်းရေး ရဲတပ်ဖွဲ့ ARINTHARAJ 26 ၏ သင်တန်းကျောင်း၌ ထိုင်းတော်ဝင်ရဲတပ်ဖွဲ့မှ သင်ကြားပို့ချဖွင့်လှစ်ပေးသည့် အထူးလုပ်ငန်းတာဝန်အဖွဲ့ Eagle 19 သင်တန်းသို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ် ဆုထူးပန် ဦးဆောင်သော တပ်ဖွဲ့ဝင်သင်တန်းသူ ၂၂ ဦး တက်ရောက်ခဲ့ပါသည်။





## ပြည်တွင်း၌ ပြုလုပ်ခဲ့သော အစည်းအဝေးများ

၂၀။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့ထိ မြန်မာနိုင်ငံမှ အိမ်ရှင် အဖြစ် ရန်ကုန်မြို့၊ Park Royal Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် (၂၄) ကြိမ်မြောက် မြန်မာ - ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးသို့ မြန်မာနိုင်ငံ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ် ၁၈ ဦး တက်ရောက်ခဲ့ကြပါသည်။





## Online ဖြင့် ပြုလုပ်ခဲ့သည့် အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများ




၂၁။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံမှ အိမ်ရှင်အဖြစ် ဦးဆောင်၍ Online ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံ လေကြောင်းကြားဖြတ်စစ်ဆေးရေး အထူးအဖွဲ့ အစည်းအဝေး (12th ASEAN Airport Interdiction Task Force-AAITF)သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဇော်မင်းသန့်၊ ဒုတိယရဲမှူး ကျော်ထွန်းဝင်း နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူး မျိုးမြင့် စုစုပေါင်း ကိုယ်စားလှယ် ၃ ဦး တက်ရောက်ခဲ့ပါသည်။

၂၂။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် တရုတ်နိုင်ငံမှ အိမ်ရှင်အဖြစ် ဦးဆောင်၍ Online ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ ဗဟိုတာဝန်ခံများ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဇော်လင်း ဦးဆောင်သော ကိုယ်စားလှယ် ၄ ဦး တက်ရောက်ခဲ့ကြပါသည်။



၂၃။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ အမျိုးသား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ (National Anti-Drugs Agency, NADA)မှ အိမ်ရှင်အဖြစ် ဦးဆောင်၍ Online ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် (၁၄) ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါး အန္တရာယ် စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်း အစည်းအဝေး (14th ASEAN Drug Monitoring Network Meeting Teleconference, 14th ADMN)သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ယာယီဒုတိယရဲမှူးကြီး သန်းအေး ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ နန္ဒမျိုးအောင်ဝမ်း စုစုပေါင်းကိုယ်စားလှယ် ၃ ဦး တက်ရောက်ခဲ့ကြပါသည်။



၂၄။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှ ၇ ရက်နေ့ထိ မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် Online စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် (၄၄) ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (44th ASEAN Senior Officials on Drug Matters - 44th ASOD and Its Related Meetings) သို့ မြန်မာနိုင်ငံ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ် ၁၆ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။



၂၅။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ထိုင်းနိုင်ငံအခြေစိုက် အာဆီယံ မူးယစ်ဆေးဝါး ပူးပေါင်း ထိန်းချုပ်ရေးစင်တာ (ASEAN Narcotics Cooperation Center, ASEAN-NARCO) မှ Online ဖြင့် ကျင်းပ ပြုလုပ်ခဲ့သည့် (၁၅) ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါးအန္တရာယ် စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်း အစည်းအဝေး (15th ASEAN Drug Monitoring Network Meeting Teleconference, ADMN) သို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မှ ယာယီဒုတိယရဲမှူးကြီး သန်းအေး ဦးဆောင်သော ကိုယ်စားလှယ် ၂ ဦးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ နန္ဒမျိုးအောင်ဝမ်း စုစုပေါင်းကိုယ်စားလှယ် ၃ ဦး တက်ရောက်ခဲ့ကြပါသည်။




၂၆။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် လာအိုနိုင်ငံမှ အိမ်ရှင်အဖြစ် Online စနစ်ဖြင့် ကျင်းပပြုလုပ် ခဲ့သည့် (၈) ကြိမ်မြောက် အာဆီယံ ပင်လယ်ဆိပ်ကမ်း ကြားဖြတ်စစ်ဆေးရေး အထူးအဖွဲ့အစည်းအဝေး (The 8th Meeting of ASEAN Seaport Interdiction Task Force , ASITF ) သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊

ရေကြောင်းရဲတပ်ဖွဲ့မှ ရဲမှူး ညီညီမင်းထိုက်၊ ဒုတိယရဲမှူး ဝင်းညွှန့်ထူး နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲမှူး လှသိန်းစိုး စုစုပေါင်း ကိုယ်စားလှယ် ၃ ဦး တက်ရောက်ခဲ့ပါသည်။



၂၇။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အာဆီယံအတွင်းရေးမှူးရုံး၊ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဌာနမှ ဦးဆောင်၍ Online စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိကြီးများ၏ တာဝန်ခံများအတွက် အာဆီယံစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Workshop on Development of ASEAN Senior Officials Meeting on Drug Matters – ASOD Focal Points) သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး မြင့်ထူး ဦးဆောင်သော ကိုယ်စားလှယ် ၃ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။





# နိဂုံး

မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ သိုလှောင်ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်း နှင့် ဆက်စပ်ပေါ်ပေါက်လာသည့် မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာလူသားအားလုံးကို အန္တရာယ်ပြုလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိကြပါသည်။ မူးယစ်ဆေးဝါးအန္တရာယ်ကို နေ့ချင်း၊ ညချင်း ပပျောက်သွားစေရန် ဆောင်ရွက်ရသည်မှာ အလွန်ခက်ခဲသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအားလုံး အသိပင်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာ၌ နိုင်ငံများ၏ နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်ပိုင်ဆိုင်မှု၊ တည်နေရာနှင့် ပထဝီမြေအနေအထားတို့ပေါ်တွင် အခြေခံပြီး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေကြပါသည်။ မူးယစ်ဆေးဝါးသည် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်အသီးသီးတွင် ထိုးဖောက်ဝင်ရောက်ပြီး လူမှုဘဝနှင့် အသိုက်အဝန်းကို ဖန်တီးနေဆဲဖြစ်သည့်အပြင် ငွေကြေးအမြောက်အများရရှိခြင်းသည် အဓိကအကြောင်းအချက်တစ်ခုဖြစ်ပြီး မူးယစ်ဆေးဝါး၏အစ ဘိန်းစိုက်ပျိုးသည့် လူမှုဘဝဖွံ့ဖြိုးမှုသည်လည်း အရင်းခံအကြောင်းရင်းဖြစ်ပါသည်။

ထို့အပြင် ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးသည် ပြဿနာပေးနိုင်သည့်အတွက်သာ တရားမဝင်ဖြစ်ပြီး တရားမဝင်သည့်အတွက် ပြဿနာဖြစ်နေခြင်းမဟုတ်ကြောင်းကို လူအများနားလည်သဘောပေါက်အောင် ပညာပေးရန်လိုအပ်ပါသည်။ အသိပညာပေးဆောင်ရွက်ချက်များကို လူငယ်များသို့ အထူးဦးတည်ပြီး လက်ကမ်းပညာပေးလုပ်ငန်းများ၊ ဝါသနာတူ စရိုက်တူအချင်းချင်း ပေါင်းဖွဲ့ပညာပေးလုပ်ငန်းများကိုသာမက အားကစားလုပ်ငန်းများကိုပါ လူငယ်များတက်ကြွကျန်းမာပြီး မိမိကိုယ်မိမိယုံကြည်မှုအပြည့်အဝရှိစေရန် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ မိဘများအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များကိုလည်း မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ပြောဆိုရုံသာမက ၎င်းတို့ရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲများ၊ စိတ်ပိုင်းဆိုင်ရာ မွန်းကြပ်မှုများနှင့် ခံစားမှုများကိုလည်း လူကြီးမိဘများက နားလည်သိရှိမှသာ မူးယစ်ဆေးကဲ့သို့သော မကောင်းသည့်

ထွက်ပေါက်များ လျော့နည်းသွားမည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများကိုလည်း ပစ်ပယ်ထားခြင်း မပြုဘဲ လူ့အသိုက်အဝန်း၏ဖေးမမှုဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ မူးယစ်ဆေးဖြတ်ပြီးသူများကို လူ့အဖွဲ့အစည်းအတွင်း ပြန်လည်နေထိုင်ဝင်ဆံ့လာစေရေး အတွက် အသက်မွေးဝမ်းကြောင်းပညာရပ်များ လေ့ကျင့်ပေး၍ နောက်ဆက်တွဲစောင့်ရှောက်မှုများ ပေးကာ ဂရုတစိုက်ဖေးမလျှင် မူးယစ်ကင်းစင်ပြီး လုပသောလူမှုဘဝများကို ပိုင်ဆိုင်နိုင်သည်မှာ အသေအချာပင်ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် မူးယစ်ဆေးဝါးထုတ်လုပ်မှုလျော့ကျသွားစေရန် တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ မူးယစ်ဆေးဝါး၊ စိတ်ပြောင်းဆေးဝါးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသည့် ဓာတုပစ္စည်းများ စမ်းသပ်စစ်ဆေးရာဖွေသည့် ခေတ်မီစက်ကိရိယာများကိုလည်း ဖြည့်ဆည်း ဆောင်ရွက်သွားရမည်ဖြစ်သလို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့်သင်တန်းများကိုလည်း လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ပါသည်။ ထို့အပြင် အသစ်ထပ်မံထွက်ပေါ်လာသည့် မူးယစ်ဆေးဝါး၊ စိတ်ပြောင်းဆေးဝါးနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာ၌ အသုံးပြုသည့် ဓာတုပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ဥပဒေများ၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ သတ်မှတ်ထိန်းချုပ်သွားရမည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ ပို့ဆောင်ရောင်းဝယ်လျက် ရှိသဖြင့် ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်း များနှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးကို တားဆီးကာကွယ်ရန်မှာ အမျိုးသားထုတစ်ရပ်လုံး၏ တာဝန်ဖြစ်ပါသည်။ သို့ပါ၍ လူ့အဖွဲ့အစည်းကို တစ်ဖြည်းဖြည်းဝါးမျိုပြီး လူငယ်ထုကိုအညွန့်ချိုးကာ နိုင်ငံ၏ဂုဏ်သိက္ခာကို ဖျက်ဆီးနေသော မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းစုပေါင်း၍ ပိုမိုနှိမ်နင်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။